
# ဘဝအကျဉ်းသား

ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကဋ)

ဝဋ္ဋံသကာ နှင့် သီရောမဏိ



သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်း
အပေါင်းကိုယ့်ကြောင့် အေးစေသော်။

(မစိုးရိမ်ဆရာတော်ကြီး)

ဒီပါစိုး : စာစဉ် (၂၀)

မောင်ဒိပ (သိပ္ပံ/ချည်မြေ) စီစဉ်သည်။

တန်ဖိုး- ၁၂၅ ကျပ်

၂၃၉-၇၀

အတ္တမပျောက်သေးသရွေ့ ကာလပတ်လုံး
လူသည် ဘဝ၏ အကျဉ်းသားအဖြစ်မှ
လွတ်လိမ့်မည် မဟုတ်

# ဘဝအကျဉ်းသား

ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကဋ)

ဝင့်သကာ နှင့် သိရောမဏိ

စာမူခွင့်ပြုချက်အမှတ် [(၅၆/၉၆ (၆)]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၇၀/၉၆ (၈)]

●

ပထမအကြိမ်

အုပ်ရေ - ၂၀၀၀

၁၉၉၆ - နိုဝင်ဘာလ

●

အဖုံးနှင့် အတွင်းပန်းချီ

မှတ်သုန်

●

ကွန်ပျူတာစာစီ

ဒီပါစိုးကွန်ပျူတာ

ဖုန်း-၂၉၁၄၈၈

●

အတွင်းဖလင်

ဒီပါစိုး

●

ထုတ်ဝေသူ

ဦးမြသန်း (၀၅၁၅)
အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ သမာဓိလမ်း၊ ဖွဲ့စုံရပ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

●

အဖုံးနှင့်အတွင်းပုံနှိပ်သူ

ဝင်းဌေး (၀၄၈၃၉) ဝင်းထွန်းအော့ဖ်ဆက်
အမှတ် ၃၇၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့။

# မာတိကာ


အညွှန်းစာစုများ (ဂ)

စေတနာကြွေး မကြေတကြေ ၇
မောင်ဒီပ(သိပ္ပံ/ချည်မြေ)

ကျောက်စာတိုင်ဖွင့်ပွဲသို့ တစ်ခေါက် ၂၁
ဦးလေးကြီး ဦးတင်မောင်

စာဖတ်နည်း........................ ၄၉

ဘဝအကျဉ်းသား........................ ၇၁


ဘဝအဓိပ္ပာယ်........................ ၉၃

ဘဝအဓိပ္ပာယ်-၂........................ ၁၁၇

အာသဝ၏ မာယာရေကန်........................ ၁၄၃

ဘဝလမ်းခွဲ၌သွယ်........................ ၁၅၇

ဘဝဆူးခြောင့်........................ ၁၇၁



ဆရာကြီး ဦးရွှေအောင်

(၁၉၂၈–၁၉၉၄)

၁၉၉၄–ဒီဇင်ဘာ ၂၂ – ၁၉၉၆ ဒီဇင်ဘာ ၂၂

၂–နှစ်ပြည့် ကွယ်လွန်နေ့

သတိတရ အထိမ်းအမှတ်

ဆရာကြီး ဦးရွှေအောင်

# ဘဝအကျဉ်းသား

အညွှန်းစာစု

## စာဖတ်နည်း

ဆင်ရဲ့ အစွယ်ကိုသာ စမ်းမိပြီး 'ဆင်'ဟာ 'သန်လျက်' လိုပဲလို့ ပြောတဲ့ မျက်မမြင်ပုဏ္ဏား အမြင်မျိုးနဲ့ကြည့်ရင်တော့ စာတစ်ပိုဒ်၏ အနက်ကို မှန်အောင် သိဖို့ မလွယ်ဘူး။

## ဘဝအကျဉ်းသား

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံး ပန်းတိုင်မှာလည်း နိဗ္ဗာန်ပင်ဖြစ်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းသည် 'ဘဝအကျဉ်းသား' အဖြစ်မှ လွတ်ခြင်း မည်၏။ 'ဘဝအကျဉ်းသား' အဖြစ်မှ လွတ်ပြီးသူ [illegible] အကုသိုလ် ဒုစရိုက်များကို ကျူးလွန်ခြင်း၊ [illegible] လောကအတွက် အသက်ရှင်နေသူသာ [illegible] [illegible]သူ့အတွက် အသက်ရှင်နေသူ[illegible]

ဆရာကြီး ဦးရွှေအောင်

# ဘဝအာကျဉ်းသား

အညွန်းစာစု

## ဘဝအဓိပ္ပာယ်

'ဘဝ၏အနက်' 'ဘဝ၏အဓိပ္ပာယ်' 'ဘဝ၏ ပန်းတိုင်'တို့ကို အမှန်အတိုင်းသိခြင်းနှင့် 'ငါ, ငါ့အတွက် ငါ့ဉစ္စာ' ဟူ၍ 'ငါ'အပေါ်၌ ဗဟိုပြုသော တွေးခေါ် မြော်မြင်မှုတို့ကို စွန့်ပယ်ခြင်းသည် တပြိုင်နက် သောခဏ၌ တပြိုင်နက်တည်း ဖြစ်သဖြင့် နည်းနည်း ပယ်စွန့်နိုင်လျှင် နည်းနည်းသိပြီး များများပယ်စွန့်နိုင်လျှင် များများသိကာ အကြွင်းမဲ့ ပယ်စွန့်နိုင်လျှင် အကြွင်းမဲ့ သိနိုင်သောကြောင့် လုံးဝမပယ်စွန့်နိုင်လျှင် လုံးဝပင် မသိသေးကြောင်း၊ အကယ်၍ သိသည်ဟု ယုံကြည် လျှင်လည်း ထိုယုံကြည်ချက်သည် စိတ်ရောဂါရှင်၏ ယုံကြည်ချက်မျိုးသာ ဖြစ်ကြောင်း သိအပ်ပါ၏။

ဆရာကြီး ဦးရွှေအောင်

# ဘဝအကျဉ်းသား

အညွှန်းစာစု

## ဘဝအစီပွါယ် - ၂

ရှိုးရိုးကုသိုလ်ကို ရိုးရိုးလူသားတို့က တန်ဖိုးထား၏၊ မြတ်နိုး၏၊ ပါရမီကုသိုလ်ကို မြင့်မြတ်သော လူသားတို့က တန်ဖိုးထား၏၊ မြတ်နိုး၏၊ ထို့ကြောင့် ဗုဒ္ဓဝါဒကို တကယ် ယုံကြည်သူများဖြစ်ပါက ပါရမီကုသိုလ်များဖြင့် 'ဘဝကို တည်ဆောက်သူများ' ဖြစ်ထိုက်ပါ၏။

## အာသဝ၏မာယာရောက်

'ငါသိ'လုပ်သည့် ဆိုကတည်းက 'ငါ'၌ တဏှာပါ၏၊ မာနပါ၏၊ ဒိဋ္ဌိပါ၏၊ သို့ဖြစ်လျှင် မည်သည့် 'ငါ'က ဝမ္မနှင့်ယှဉ်သော အစွမ်းကို ပြနိုင်ပါလေမည်နည်း။

ဆရာကြီး ဦးရွှေအောင်

# ဘာဝနာကျဉ်းသား

အညွှန်းစာစု

## ဘာဝနာလမ်းနှစ်သွယ်

ဘာဝနာခရီးသည် နှစ်မျိုးရှိ၏၊ တစ်မျိုးမှာ 'ကံ'က ညွှန်ပေးသော လမ်းအတိုင်း လျှောက်ရသော ခရီးဖြစ်၏၊ အခြားတစ်မျိုးမှာ 'ဉာဏ်'က ညွှန်ပေးသော လမ်းအတိုင်း လျှောက်ရသော ခရီးဖြစ်၏၊ တစ်နည်းအားဖြင့်ဆိုရလျှင် 'ကံခရီး'နှင့် 'ဉာဏ်ခရီး'တို့ပင် ဖြစ်လေ၏။

## ဘာဝနာဆူးငြောင့်

မနာလိုခြင်းနှင့် ဝန်တိုခြင်းကို ပါးသွားအောင် လုပ်ရာတွင် သတိ, ပညာ, ဝီရိယတို့သည် များစွာ အရေးကြီးကြ၏၊ သတိအားကောင်းလျှင် 'သီလ'လုံ၏။ ပညာ အားကောင်းလျှင် 'သမာဓိ' ခိုင်၏၊ ဤနေရာ၌ ပညာဟူသည်မှာ သမာဓိပညာသာဖြစ်၏၊ ဝိပဿနာ ပညာမဟုတ်သေး၊ ဝီရိယက 'သတိနှင့်ပညာ' နှစ်ပါးစုံကို အားကောင်းအောင် ဆောင်ရွက်ပေး၏၊ ဤသည်မှာ မနာလိုခြင်းနှင့် ဝန်တိုခြင်းကို ဒိမိသန္တာန်၌ ပါး၍ ပါး၍ သွားအောင် စတင်ဆောင်ရွက်ခြင်း ဖြစ်၏။

# စေတနာကြွေး မကြွေတကြေ

မောင်ဒီပ(သိပ္ပံ/ချည်မြေ)

## (၁)

ဆရာကြီး ဦးရွှေအောင် ကွယ်လွန်ခဲ့ပေပြီ။

လာမည့် ဒီဇင်ဘာ ၂၂-ဆိုလျှင် ၂-နှစ်ပြည့်တော့မည်။ သို့ရာတွင် ဆရာကြီး၏စာတွေကား ပို၍ပင် ရှင်သန်လျက် ရှိနေသည်ကို တွေ့ရပါ၏၊ လူသေသော်လည်း စာကား မသေခဲ့ပေ။

ယနေ့အချိန်သည် စာဖတ်သူတို့မှာ ဆရာကြီး၏ စာတွေကို 'တကူးတက'ရှာဖတ်ကြသည့် အချိန်အခါပင် ဖြစ်ပါ၏၊ ဤရွေ့ဤမျှ ဂရုတစိုက် ငံ့လင့်ပြီး ဖတ်မှတ်ကြခြင်းသည် ဆရာကြီး စာတွေထဲက ဆရာကြီး၏ 'သန့်စင်မွန်မြတ် သော စေတနာ'ကို မြတ်နိုးကြသော ကြောင့်သာ ဖြစ်ပါ၏။ ဆရာကြီးက သူ့စာတွေထဲမှာ 'သူ့ စေတနာ' တွေကို 'တစ်ထမ်းတစ်ပိုး' လှစ်ပြသွားသည် မဟုတ်ပါလော။

သာသနာနှင့်ပတ်သက်၍လည်း ဆရာကြီး၏ 'စေတနာ'ကို တွေ့ရသည်၊ နိုင်ငံရေးရာနှင့်ပတ်သက်၍

လည်း ဆရာကြီး၏ စေတနာကို အထင်းသား မြင်ရသည်၊ ကိုယ်ကျင့်သိက္ခာဖြင့် ဘ၀ကို တည်ဆောက်ရေး၊ လူသားအချင်းချင်း 'လူသားစိတ်ဓာတ်'ဖြင့် နားလည်စွာ ဆက်ဆံနိုင်ရေး၊ ပတ်ဝန်းကျင်ကို 'ကျေးဇူးရှင်' အဖြစ် 'ကျေးဇူးတတင်' ချစ်ခင်နိုင်ရေး၊ မဓမ္မ၀ါဒ ထွန်းကားရေး၊ 'ရယူရေး'ကို 'စွန့်လွှတ်ရေး'၊ 'စွန့်လွှတ်ရေး'ကို 'ရယူရေး' စသည်တို့၌လည်း ဆရာကြီး၏ 'စေတနာ'မှာ ပြက်ပြက်ထင်ထင် မြင်သာပါ၏။ 'မြင်သာ'သည်ကို 'သာ၍ သာ၍ မြင်လာ' ကြသောကြောင့် ဤမျှလောက် 'အလေးမူ'၍ ဖတ်နေကြခြင်း ဖြစ်မည်ဟု ယူဆဖွယ် ရှိပါ၏။

(၂)

ဆရာကြီး၏ ရေးဖွဲ့အားကလည်း အံ့လောက်စရာပင် ဖြစ်ပါ၏။

သာသနာရေးဦးစီးဌာနတွင် ဆရာကြီး တာဝန်ထမ်းဆောင်စဉ်က ပထမဦးဆုံး **'ရသစာပေ၏ရသ'** (၁၉၈၀)၊ ထို့နောက် **'အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်'** (၁၉၈၆) သာ ထွက်ခဲ့သည်ကို တွေ့ရ၏၊ **'ပါဏိနိ သိဒ္ဓန္တကောမုဒီ (ပထမတွဲ)**မှာ အငြိမ်းစားယူပြီး (၁၉၈၉)မှ ထွက်လာသည့် ကျမ်းဖြစ်ပါ၏၊ သို့ရာတွင် ထိုကာလများတွင် သာသနာရေးဦးစီးဌာနထုတ် 'သာသနာ့ရောင်ခြည်' စာစောင်တွင် **'စာပတ်သူများ'** လဆက် ဆောင်းပါးရှည်ကြီးကို ရေးသားလျက် ရှိနေပါပြီ။

သို့ရာတွင် စုစည်းတွေ့ရှိရသော ဆရာကြီး၏ စာတွေအရ ဆရာကြီး 'အိတ်သွန်ဖာမှောက်' ရေးအား အကောင်းဆုံးအချိန်မှာ အငြိမ်းစားယူပြီးနောက်ပိုင်းမှ ကွယ်လွန်ခါနီး အချိန်ကာလများပင် ဖြစ်ပါ၏။

အပြင်စာနယ်ဇင်းများတွင် ဆရာကြီး၏ စာတွေကို 'စစ်ပြန်မဂ္ဂဇင်း'မှာ အစောဆုံး တွေ့ရပါ၏၊ ဤ'ဓမ္မပဒ'တွေကို ရေးဖြစ်အောင် အဘိယာစက ပြုသူမှာ (ယခင် သာသနာရေး ဒု-ဝန်ကြီး) ဆရာ စစ်ကိုင်း ဦးကြည်ညွန့်-ဟု သိရပါ၏။ ဗုဒ္ဓ-လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (ကိုယ်ကျင့် ဗုဒ္ဓဝင်)စာအုပ်ကြီးကို ရေးဖို့ ဆရာကြီးဆီ ညွှန်လိုက်သူမှာလည်း ဆရာဦးကြည်ညွန့်ပင်ဖြစ်ကြောင်း သိရပါ၏၊ ဤအတွက် ဆရာ ဦးကြည်ညွန့်၏ကျေးဇူးကို အသိအမှတ်ပြု မှတ်တမ်းတင် ရမည် ဖြစ်ပါ၏။

စစ်ပြန်မှာ ဓမ္မပဒတွေရေးဖို့ဆရာဦးကြည်ညွန့်သာ 'အဘိယာစက' မပြုခဲ့လျှင်၊ ကိုယ်ကျင့်ဗုဒ္ဓဝင်ရေးဖို့ 'ဦးရွှေအောင်ဆီ သွားပြီး ဆွေးနွေးကြည့်ပါ'ဟု 'ရတနာသိုက်စာ' အညွှန်းမပေးခဲ့လျှင် ဤ'ဓမ္မပဒဝတ္ထုများနှင့် ကိုယ်ကျင့် ဗုဒ္ဓဝင်ကြီး'ကို ဆရာကြီး ဦးရွှေအောင် ရေးဖြစ်လိမ့်မည်-ဟုမည်သို့ပြောနိုင်ပါမည်နည်း။

ဤ စာအုပ်များမှာလည်း အငြိမ်းစားယူပြီးမှ ထွက်ပေါ်လာသော စာအုပ်များ ဖြစ်ကြောင်း တွေ့ရသည်။

ထို့နောက် ကျေးဇူးတင်ရမည့် အဘိယာစက တစ်ဦးမှာ ဆရာကြီးဓမ္မာစရိယဦးမောင်မောင်လေး ဖြစ်ပါ၏၊

ဆရာကြီး တိုက်တွန်း အဘိယာစက ပြုမှုကြောင့် **'ချမ်းသာကိုရှာဖွေခြင်း'** (၁၉၉၅)နှင့် **'ထေရဝါဒ အုတ်မြစ်'** (သီးသန့်-၁၉၉၅)တို့ကို ကျွန်တော်တို့ ယနေ့ ဖတ်ခွင့်ရနေခြင်းဖြစ်ပါ၏။ ထေရဝါဒအုတ်မြစ်နှင့် ပတ်သက်ပြီး ဆရာကြီး ဦးမောင်မောင်လေး က စိတ်မကောင်းစွာ ဤသို့ ပြောဖူး၏-

'ကိုယ် မြတ်ပန်းဝေစာစောင်ကို ကိုင်ရတော့ ဦးရွှေအောင်ကို အထူးရေးခိုင်းခဲ့တာ၊ သူ မြို့ထဲ ထွက်လို့ ကြုံရင် ကိုယ်တိုင်လာပေးတယ်၊ တစ်ခါတစ်လေကျတော့ ရေးပြီးရင် ကိုက်ကို ဖုန်းဆက်ပြောတယ်၊ အဲဒီအခါ မျိုးဆိုရင် တိုက်က သွားယူတယ်၊ ဒါပေမယ့် စာစောင်က ထွက်လဲထွက်ခါစ အရှုံးကလဲ ပေါ်နေတော့ စာမူခ **(ထိုအချိန်က ဘာသာရေး ဆောင်းပါးတစ်ပုဒ်၏ စာမူခမှာ အမြင့်ဆုံး ၁၅၀/၂၀၀-လောက်သာ ရှိပါ၏၊)** မှန်မှန် မပေးနိုင်တော့ ကိုယ်လဲ အားနာတာနဲ့ ဆက်ပြီး မတောင်း ဖြစ်တော့ဘူး၊ တောင်းရင် ဆက်ရေးဦးမှာ၊ ဒီအကြောင်းအရာကို သေချာပလ္လင်ချပြီးမှ ရေးခဲ့တာကိုး'

ဆရာကြီးစကားကို ကြားလိုက်ရတော့ ကျွန်တော့်မှာ ဘာပြန်ပြောရမှန်း မသိနိုင်လောက်အောင် မင်သက်နေမိပါ၏၊ 'ငွေ၁၅၀/၂၀၀-၏တန်ဖိုး နှင့် ထေရဝါဒ သာသနာ၏တန်ဖိုးတို့ကို 'စိတ်သချာ'ဖြင့် ချင့်တွက်ရင်း သက်ပြင်းသာ ချနေမိပါ၏။

**ဒီပါဝိုးစာပေ**

ဤ '**ချမ်းသာကို ရှာဖွေခြင်း**'နှင့် '**ထေရဝါဒ အုတ်မြစ်**'တို့လည်း အငြိမ်းစားယူပြီးမှ ၁၉၈၉–၉၀–ဝန်းကျင်တွင် ရေးသောစာများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

ဆရာဦးမောင်မောင်လေး ဆက်သွယ်ပေးမှုကြောင့် ပင် ဓမ္မရုပ်စုံမဂ္ဂဇင်းသည် ဆရာကြီး၏ '**ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့**' စာမူတွေကို လစဉ်နီးပါး ဖော်ပြခွင့်ရခဲ့သည်၊ နောက်ဆုံး တစ်ပုဒ်ဆိုလျှင် ဆရာကြီး ကွယ်လွန်ပြီး နောက်တစ်လ (၉၅–ဇန်နဝါရီ)အထိ ဖော်ပြခွင့် ရခဲ့သည်ကို တွေ့ရပါ၏၊ ဆရာကြီးသည် ဤစာမူများကို ၁၉၉၂–ဇန်နဂါရီလမှ ၁၉၉၅–ဇန်နဝါရီလအထိ (၃)နှစ်အတွင်း ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ငါးပါးသီလကို ရှုထောင့်စုံဖြင့် ချဉ်းကပ်ပြထားသည့် '**ဘဝအမြင်သစ်**' ဆောင်းပါးစုကို 'သာသနာ့ရောင်ခြည် စာစောင်'တွင် ၁၉၉၄–ခုနှစ်က ရေးသားခဲ့ပါ၏၊ သို့ရာတွင် သီလလေးပါးသာ ပြီးခဲ့သည်၊ သုရာမေရယသီလကိုကား ကျန်းမာရေး အခြေအနေကြောင့် ရေးမသွားနိုင်ရှာခဲ့ပေ။

ကျွန်တော် စုစည်းထုတ်ဝေခဲ့သည့် '**အမြင်များ ပြောင်းလဲခြင်း**'စာအုပ်ပါ ဆောင်းပါးစုများမှာ ဘာသာရေး စာစောင်အသီးသီးမှ ဆောင်းပါး(၂၄)ပုဒ် ဖြစ်ပါ၏၊ ထိုတွင် ၁၉၉၂–မှ ၁၉၉၃–ခုနှစ်အတွင်း ရေးခဲ့သည့်

ဒီပါစိုးစာပေ
၂၊၅၊၅၀

ဆောင်းပါးက (၁၉)ပုဒ်၊ ၁၉၉၀–ရေး (၂)ပုဒ်၊ ၁၉၉၁–ရေး (၃)ပုဒ် ပါဝင်ပါ၏။

ဤသည်တို့ကို စာရင်းချုပ်ကြည့်လျှင် အင်တိုက်အားတိုက်ဖြင့် ဆရာကြီးရေးခဲ့သည့် ကာလသည် ၁၉၉၀–၉၄ ဝန်းကျင် ဖြစ်သည်ကို တွေ့ရမည် ဖြစ်ပါ၏၊ ထိုကာလအတွင်း ဤမျှ ရေးသားနိုင်ခဲ့ခြင်းမှာ အံ့သြဘနန်း ကြက်သီးဖျန်းစရာပင် ဖြစ်ပါ၏။

တကယ်တော့ ထိုအချိန်က ဆရာကြီးကို သိပ်သိကြသေးသည် မဟုတ်ပါ၊ သိပ်မသိကြသေးသဖြင့် ဆရာကြီး၏ စာတွေကို ဖတ်ရကောင်းမှန်းလည်း သိပ်သိကြသေးသည် မဟုတ်ပါ၊ စာပေဝါသနာပါသူ အချို့ လောက်သာ ဆရာကြီး၏ '**ရသစာပေ၏ရသ**'ကို သိကြပါ၏၊ '**အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်**'ကိုတောင် ဖတ်ရကောင်းမှန်း ကျယ်ကျယ်ပြန့်ပြန့် မသိကြသေးပါ။ 'ကိုယ်ကျင့်ဗုဒ္ဓဝင်' စာအုပ်ကြီးထွက်လာပြီး ထိုထဲမှ ဆရာကြီး၏ နိဒါန်းကို မြန်မာ့အလင်းသတင်းစာတွင် ၁၉၉၅–ခုနှစ် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဖော်ပြလိုက်တော့မှသာ ဆရာကြီးကို ကျယ်ပြန့်စွာ သိလာကြခြင်း ဖြစ်ပါ၏၊ သို့ရာတွင် ဆရာကြီးသည် ရေးစရာ ရှိသည်တို့ကို ရေးခဲ့ပါ၏၊ ပြောစရာ ရှိသည်တို့ကို ပြောခဲ့ပါ၏။

အမှန်အားဖြင့် စာတစ်ပုဒ်၊ စာတစ်အုပ်အတွက် ရေးနိုင်သည့် အရည်အချင်း၊ ထားနိုင်သည့် စေတနာတို့မှာ 'မရှိမဖြစ်' 'ရှိဖို့' လိုအပ်ပါ၏၊ ထိုတွင် 'အရည်အချင်း'ထက် 'စေတနာ'က ပို၍ ပြဋ္ဌာန်းပါ၏၊ ပို၍ ပဓာနကျပါ၏၊ ထိုကြောင့် 'စေတနာ'ဖြင့် လုပ်သော အလုပ်ထက် ပို၍

'လှသော အလုပ်မည်သည်' 'မရှိ'ဟူ၍ ဆိုကြပါ၏။ လောကမျက်မြင်တွေအရ ထိုအဆိုသည် မှန်ပါ၏။

ဆရာကြီးကား ထိုအချက် နှစ်ချက်လုံး 'စရနယ်' ပြီးတော့မှ ရေးခဲ့ကြောင်း သူ့စာတွေမှာ ထင်ရှားစွာ တွေ့မြင်နိုင်ပါ၏၊ ထို့ကြောင့်လည်း 'အဘိယာစက' ပြုသည်တိုင်းကို ရေးပေးနိုင်ခဲ့ခြင်း ဖြစ်ပါ၏၊ ရေးပေးနိုင်ခဲ့သဖြင့်လည်း ဤမျှလောက် ကျန်နေခဲ့ခြင်း ဖြစ်ပါ၏၊ ဤမျှလောက် ကျန်နေခဲ့ခြင်းမှာလည်း ဆရာကြီး၏ အရင်းခံ 'စေတနာ'ကြောင့်သာ ဖြစ်ပါ၏။

(၃)

အမှန်အားဖြင့် ဆရာကြီး၏ ထို'စေတနာကြွေး'သည် ကျွန်တော်တို့မှာ တင်လျက်ရှိနေပါ၏၊ 'အတိုး'တောင် တက်နေလောက်ပြီ–ဟု ထင်ရပါ၏။

ပြီးခဲ့သည့်နှစ်က ၁-နှစ်ပတ်လည်အဖြစ် ဆရာကြီး ဇာတိ ဖလေးရွာတွင် စိုက်ထူသည့် အတ္ထုပ္ပတ္တိ ကျောက်စာ တိုင်ဖွင့်ပွဲတွင် တတ်နိုင်သမျှ 'ဆပ်ခွင့်'ရ၍ 'ဆပ်'ခဲ့ပါ၏၊ ဂျမ္ဗာအေးဆွမ်းကပ်ပွဲတွင် '၁–နှစ်ပြည့် မော်ကွန်း' အမှတ်ဟုရ စာအုပ်လေး တစ်အုပ် ရိုက်နှိပ်ပြီး ဓမ္မဒါနပြု 'ဆပ်ခွင့်'ရ၍ 'ဆပ်'ခဲ့ရပါ၏။

ယခုနှစ် (၂)နှစ်ပတ်လည်အတွက် မည်သို့ တုန့်ဆပ် မည်နည်း၊ စဉ်းစားကြည့်ပါ၏၊ မနှစ်ကဆိုလျှင် ဆရာကြီး ကတော် 'အမေကြီး ဒေါ်ခင်စိန်'နှင့် တိုင်ပင်လို့ရသည်၊

အမေကြီး မလုပ်စေလိုသည်တို့ကို မလုပ်ခဲ့၊ စိတ်ကျေနပ် သဘောတူ ခွင့်ပြုခဲ့သည်တို့ကိုသာ လုပ်ခဲ့ပါ၏၊ ထို့ကြောင့် မည်သည့် စိတ်အလုပ် ရှုပ်မှုမှ မရှိစေဘဲ စိတ်ချမ်းသာ စေခဲ့ပါ၏။

သည်နှစ်ကျတော့ အခြေအနေက တစ်မျိုး ဖြစ်ပါ၏၊ အမေကြီးမှာ ကျန်းမာရေးက မကောင်းရှာ၊ ဆေးရုံ တက်နေရရှာပါ၏၊ နှစ်ပတ်လည် အစီအစဉ်အတွက် စကားစလိုက်သည်နှင့် ဆရာကြီးကို သတိရစေလိုက် သလိုမျိုး ဖြစ်သွားမှာစိုးသည်၊ အမှန်အားဖြင့်လည်း ကျန်းမာ ရေးမကောင်း ဖြစ်နေသည့် သည်လိုအချိန်မှာ အမေကြီးသည် သွားလေသူ 'အဖော်မွန်' 'ဆရာကြီး'ကို အားကိုးတမ်းတ အမှတ်ရ နေရှာပေလိမ့်မည်၊ သည်လို အချိန်မျိုးဘွင် အမေကြီးကို 'စိတ်အလုပ်' မရှုပ်စေချင်၊ စိတ်ပင်ပန်းမှာ စိုးသည်။ တကယ်တော့လည်း အမေကြီးအနေဖြင့် ဘာမှ ပြောမည် မဟုတ်ဟု ထင်ပါ၏၊ ဆရာကြီးအတွက်မို့ ကျေနပ်မည်သာဖြစ်ပါ၏၊

သို့ရာတွင်'ကောင်းသည်' ထင်တိုင်း လုပ်ရမည်ကား မဟုတ်ပေ၊ ကောင်းသည့်တိုင် နှိုင်းချင့်ရမည့် အခြေအနေ အချိန်အခါတို့သည် ရှိပါ၏၊ သို့မဟုတ်မူ၍ 'ငါက ကောင်းရာကောင်း ကြောင်း လုပ်ပေးတာပဲ'ဆိုပြီး လုပ်လျှင် မဖြစ်ဘူးလား ဆိုတော့ ဖြစ်ပါ၏၊ သို့သော် မကောင်း ။ မမှန်ဘူးလား ဆိုရင် မှန်ပါ၏၊ သို့သော် မကောင်း ။ 'အချိန်အခါ'ဖြစ်သော်ငြား 'အခြေအနေ'က'မဖြစ်'လျှင်

မလုပ်ကောင်း၊ 'အခြေအနေ'က 'ဖြစ်'သည့်တိုင် 'အချိန်အခါ'က မဟုတ်လျှင် မလုပ်ကောင်း၊ ထိုတွေကို မကြည့်ဘဲ လုပ်ပါက ထို၏ နောက်ကွယ်မှ ကပ်ပါလာသော 'အတ္တအရိပ်'သည် ကိုယ်ထင်ပြလာတတ်ပါ၏၊ ထို 'အတ္တရိပ်' 'ကြီး'လာ သည်နှင့်အမျှ 'သူ့ဖို့'ဆိုပြီး 'ကိုယ့်ဖို့'ချည်း ဖြစ်နေတတ်ပါ၏၊ 'အတ္တအရိပ်စက်ဝန်း'မှ မလွတ်ကင်းနိုင်သေးသူ ပုထုဇဉ်လူသားမို့ တကယ်တော့ ကိုယ့် ကိုယ်ကိုပင် ယုံစားခဲခက်၏၊ ထို့ကြောင့် အခြေအနေ နှင့် အချိန်အခါကို 'သတိ ပညာ'ဖြင့် 'သင့်၏–မသင့်၏' အပြန်ပြန် အလှန်လှန် နှိုင်းချင့်ရပါ၏။

ဤအချိန်အခါသည် အမေကြီးမှာ ကျန်းမာရေး မကောင်းဖြစ်နေသည့်အချိန်ဖြစ်ပါ၏၊ ထို့ကြောင့် အမေကြီး အတွက် တတ်နိုင်သမျှ စိတ်လက်ပေါ့ပါး 'အနား'ယူရမည့် အချိန်မျိုး ဖြစ်ပါ၏၊ မည်သည့်အကြောင်းနှင့်မျှ စိတ်အလုပ်ရှုပ်မှု၊ စိတ်ပင်ပန်းမှုတို့ ဖြစ်စေရမည့် အချိန်မျိုး မဟုတ်ပေ။

ဤအခြေအနေကို စဉ်းစားမိတော့ ၂–နှစ် မြောက် နှစ်ပတ်လည် အတွက် ဤစာအုပ်ကို ထုတ်ဝေခြင်းသည်သာ အကောင်းဆုံး ဖြစ်မည်ဟု ယူဆ၍ ထုတ်ဝေရခြင်း ဖြစ်ပါ၏။

(၄)

ဤသို့ ယူဆစရာလည်း လုံလောက်သော အကြောင်းတွေ ရှိနေပါ၏။

ပထမအချက်မှာ ဤစာမူတွေကို ထုတ်ဝေရန် 'အမေကြီး'က ကျွန်တော်အား 'တရားဝင်' ခွင့်ပြုထားသည့် အချက်ဖြစ်ပါ၏။

ဒုတိယအချက်မှာ ဤစာမူများ၏ 'လာရာ' အခြေအနေပင်ဖြစ်ပါ၏၊ တကယ်တော့ ဤစာမူ များမှာ ဟိုတစ်စသည်တစ်စ ပြန့်ကြဲနေသော စာမူများ ဖြစ်ပါ၏၊ **'စာဖတ်နည်း'**နှင့်**'ဘဝအဓိပ္ပာယ်–၂'** ဆောင်းပါး ၂–ပုဒ်မှာ အမေကြီး ကိုယ်တိုင် ကျွန်တော့် ကို ပေးထားသည့် လက်နှိပ်စက် စာမူများ ဖြစ်ပါ၏။

**'ဘဝအကျဉ်းသား'** ဆောင်းပါးကို ဆရာကြီးသည် (၂၇–၈–၉၀)နေ့မှာ ရေးခဲ့သည်ကို တွေ့ရပါ၏၊ စာစောင် ထုတ်ဝေသူ မိတ်ဆွေတစ်ယောက်၏ ကျေးဇူးပြုမှုကြောင့်သာ ဖတ်ခွင့်ရသော ဆောင်းပါးဖြစ်ပါ၏၊ ဆရာကြီးသည် စာစောင် တစ်ခုခုအတွက် စာမူပေးလျှင် အနည်းဆုံး ၂–ပုဒ် ၃–ပုဒ် ပေးတတ်ကြောင်း ဓမ္မရသစာစောင်မှာကတည်းက ကျွန်တော်သိထားပါသည်၊ ကျွန်တော့် မိတ်ဆွေ စီစဉ်ထုတ်ဝေသည့် စာစောင်တွင် ဆရာကြီး စာမူတွေကို ဖော်ပြခဲ့ဖူးသည်၊ သို့သော် ထိုစာစောင်မှာ ရပ်သွားရှာပါ၏၊ ထို့ကြောင့် မထည့်ရသေးသည့် ဆရာကြီး၏စာမူ ကျန်ခဲ့ခြင်း ရှိ–မရှိ စုံစမ်းရာမှ ထိုမိတ်ဆွေ၏ ကျေးဇူးပြုမှုကြောင့် ပြန်လည်ရရှိသော စာမူဖြစ်ပါ၏။

ဤဆောင်းပါးကို ဖတ်ကြည့်ပြီးလျှင် 'ကံကောင်းထောက်မ'၍သာ 'ဖတ်ရခြင်းပါလား'ဟု စာဖတ်သူ

ကိုယ်တိုင် ခံစားသိစိတ် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါ၏။

**'ဘ၀အမိပွာယ်–၁'** ဆောင်းပါးမှာ အတွဲ ၁၊ အမှတ်–၂၊ ၁၉၈၉–ခုနှစ်ထုတ် 'ကသစ်ပန်း'မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆောင်းပါးဖြစ်ပါ၏၊ စိတ်ဝင်စားဖွယ်မှာ ဤဆောင်းပါးနှစ်ပုဒ်၏ ရေးချိန် ကွာခြားမှု 'ကာလ'ဖြစ်ပါ၏၊ ဆရာကြီး ကွယ်လွန်ပြီးနောက် အိမ်မှ တွေ့ရသည့် မူရင်းလက်နှိပ်စက် ကော်ပီအရ **'ဘ၀အမိပွာယ်–၁'**ရေး ရက်စွဲကို **(၉–၈–၈၈)**ဟု တွေ့ရ၏၊ **'ဘ၀အမိပွာယ်–၂'**ရေး ရက်စွဲကို **(၁၇–၃–၈၉)**ဟု ထိုးထားသည်ကို တွေ့ရသည်။ တစ်ပုဒ်နှင့် တစ်ပုဒ်ကြား ရေးချိန်ကာလ ဘယ်လောက် ခြားသည် ကို တွေ့နိုင်ပါ၏။

**'အာသဝ၏မာယာရေကန်'**ဆောင်းပါးနှစ်ပုဒ်တို့မှာလည်း အလားတူပင် ဖြစ်ပါ၏၊ ဤနှစ်ပုဒ်မှာ 'သင့်ဘ၀ အောင်မြင်ရေးနှင့်လူမှုရေးရာမဂ္ဂဇင်း'တွင် ဖော်ပြခဲ့သည့် ဆောင်းပါးနှစ်ပုဒ် ဖြစ်ပါ၏၊ သို့ရာတွင် **'အမှတ်–၁'** ဆောင်းပါးမှာ ၁၉၉၂–ဇွန်လထုတ် (အတွဲ–၃၈၊အမှတ်–၆)တွင် ပါခဲ့ပြီး **'အမှတ်–၂'** ဆောင်းပါးကိုမူ ၁၉၉၅၊ ဇန်နဝါရီလထုတ်**မှသာ ပါခဲ့သည်**ကို တွေ့ရပါ၏။ ဆောင်းပါးနှစ်ပုဒ် အကြား **ရေးချိန် သုံးနှစ်**ကျော် ကွာသည်။

ဤသို့ ဆိုလိုချင်သည်မှာ ဆရာကြီးသည်'ငါ ရေးရင် စာဖြစ်ရော' ဟု **'ဝတ်ကျေ တန်းကျေ'** ရေးခဲ့မျိုးမဟုတ်၊

'ပုလဲ'လို 'ရွဲ'လို သိပြီးမှ 'အလေးနက်ထား'၍ ရေးခဲ့ခြင်း ဖြစ်ကြောင်း ဤအချက်များဖြင့် သိသာသည်-ဟု သိစေလိုရင်းဖြစ်ပါ၏။

ဤစာအုပ်သည် ဤသို့ 'ကျား၊ ကုတ်ကျားခဲ' ရှာဖွေစုဆောင်းထားသော ဆောင်းပါးများကို စုစည်းထားသည့် စာအုပ်ဖြစ်ပါ၏၊ ထို့ကြောင့် ဤအချက်သည်လည်း ဆရာကြီး၏ ၂-နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အတွက် ဤစာအုပ်ကို ထုတ်ဝေရန် 'လုံလောက်' သည့် 'ဒုတိယအချက်' ဖြစ်ပါ၏။

တကယ်တော့ ထိုနှစ်ချက်မှာ 'လုံလောက်' သည်ဟု ဆိုနိုင်ပါ၏၊ လုံလောက်သည်ဟု ဆိုနိုင်သော်လည်း 'အရေးကြီးသည်' ဟု ဆိုရန် မလုံလောက်သေး၊ 'အရေးကြီးသည်'ဟု ဆိုရန် လုံလောက်သည့် အချက်သည် ရှိပါ၏၊ ယင်းအချက်မှာ **'ဆရာကြီး၏စာတွေ ရှင်သန်ထွန်းပနေသမျှ ကာလပတ်လုံး ဆရာကြီး ရှင်သန်နေခြင်းပင် ဖြစ်သည်'** ဆိုသော အချက် ဖြစ်ပါ၏။

ဆရာကြီး'ဦးရွှေအောင်' ဆိုသော 'ခန္ဓာပဥ္စက ကြီး' ပျောက်ကွယ်သွားသည်မှာ မှန်ပါ၏၊ မှန်ပါသော်လည်း ထို 'ခန္ဓာပဥ္စက' ကြီးက ဖိတ်သွန် ဖြစ်တည်ခဲ့သော 'စေတနာ မဟာသမုဒ္ဒရာကြီး'ထဲမှာ 'စာရတနာပုလဲ'တွေ ကျန်ရှိနေပါသေး၏။

ထို'ရတနာစာပုလဲ'အချို့ကို ကျွန်တော် ရှာဖွေ ရရှိထားပါ၏၊ ဆရာကြီးကို 'ရှိသေမြတ်နိုးပါသည်'ဟု

ပါးစပ်က ပြောနေခြင်းထက် ကျွန်တော် ရရှိထားသည့် ထို'စာပုလဲ'တွေကို ဆရာကြီးကို ရိုသေမြတ်နိုးသူတိုင်းအား 'မျှဝေ' ပေးခြင်းက ပို၍ လက်တွေ့ကျမည် ဟု အကြွင်းမဲ့ ယုံကြည်မိခြင်းသည် ဤစာအုပ်ကို ထုတ်ဝေရခြင်း၏ ပဓာနအချက်ကြီး ဖြစ်ပါ၏။ ထိုယုံကြည်ချက်ဖြင့်ပင် 'ဝေမျှ'လိုက်ခြင်း ဖြစ်ပါ၏။

ဤသို့ဝေမျှခြင်းသည်ပင် ဆရာကြီး၏ 'စေတနာကြွေး'ကို တုန့်ဆပ်ခြင်း ဖြစ်ပါ၏၊ ဤတုန့်ဆပ်ခြင်းသည်ပင် ဆရာကြီးကို'ပူဇော်ခြင်း'ဖြစ်ပါ၏၊ ဤ'ပူဇော်ခြင်း'မှာလည်း ဆရာကြီးကို မေ့မရ လွမ်းတမိ၍သာ ဖြစ်ပါ၏။

သို့ရာတွင် 'ကြွေနိုင်ဦး'မည်ကား မဟုတ်သေး၊ ကြွေလည်း မကြွေလိုပါသေး၊ 'မကြွေသေး'သမျှ 'ဆပ်ခွင့်' ရနေဦးမည်သာ ဖြစ်ပါ၏၊ 'ရနိုင်သမျှ' ထို'ဆပ်ခွင့်'ကိုသာ ရလိုချင်ပါ၏၊ ရသမျှ ထိုဆပ်ခွင့်ကိုသာ စွမ်းသမျှ ဆပ်နေလိုပါ၏၊ ဆပ်လို၍လည်း ဆပ်ခြင်း ဖြစ်ပါ၏၊ ဆပ်လို၍ ဆပ်သော်လည်း 'ကြွေဦးမည်' မဟုတ်သည်မှာ လည်း သေချာပါ၏၊ သို့သော် ထို 'မကြွေခြင်း' ကိုသာ 'အကျေ' ရလိုစိတ် ရှိပါ၏၊ ထိုရလိုစိတ်၏ 'တစ်ပိုင်း တစ်ဖဲ့'အနေဖြင့် ဤစာအုပ်ကို စီစဉ်ခြင်း ဖြစ်ပါ၏၊ ထိုတစ်ပိုင်းတစ်ဖဲ့ကိုသော်မှ 'မကြွေ တစ်ကြွေ' ဆပ်နိုင် ခြင်းမျှသာ ဖြစ်ပါ၏၊ သို့ဆိုလျှင် 'ကြွေပြီ'ဟု ဆိုရန်ကား ဘယ်နံ့ရောအခါမျှ မဝံ့စားရဲပြီ။ ။

*မောင်ဒီပ(သိပ္ပံ/ချည်မြေ)*
*၇-၁၀-၉၆*



ဆရာကြီးကတော်ဒေါ်ခင်စိန်(အလယ်)ဆရာကြီး၏ညီမနှစ်ယောက်တို့ကို
၁–နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သည့်
ဆရာကြီးဦးရွှေအောင်၏ အတ္ထုပ္ပတ္တိကျောက်စာတိုင်နှင့်အတူတွေ့ရစဉ်

သရာဦးရွှေအောင်၏
ထေရဝါဒဗုဒ္ဓစာပေ ကျေးဇူးကုံ
သတ်တရ

# ဆရာတော်ကျော်စာတိုင်ဖွင့်ပွဲသို့တစ်ခေါက်

သင့်ဘ ဦးလေးကြီး ဦးတင်မောင်

(၁)

## သက်ကြီးနှင့်သက်ငယ်
## ဥပသကာ ၂ ဦး အပြိုင်

ထေရဝါဒ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ရှင်သန်၊ ခိုင်ခံ့၊ တည်တံ့၊ ကြီးပွားစည်ပင်လာရေးဟု ဆိုလိုက်လျှင် မမိုတ်မသုန် ထကြွလုပ်ဆောင်နိုင်စွမ်း ရှိသည့် သက်ကြီးပုဂ္ဂိုလ်ထူး တစ်ဦးနှင့် သက်ငယ် ပုဂ္ဂိုလ်ထူး တစ်ဦးတို့၏ အပြိုင်ကြိုးပမ်းချက် သာသနာ ရေဆန် လုပ်ငန်းများတွင် စာရေးသူလည်း မကြာခဏ ပါဝင် လှုပ်ရှားနေရတတ်လေသည်။

ယင်းသို့ ပါဝင်လှုပ်ရှားနေရခြင်းများကိုလည်း စာရေးသူ အထူးနှစ်သက် ကျေနပ်အားရခြင်း ဖြစ်မိပေသည်။

ဒီပါစိုးစာပေ
၂၃၉၇၀

ထေရဝါဒဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ရှင်သန်ကြီးပွားရေးအတွက် ထူးထူးခြားခြား မနေမနား ကြိုးပမ်းလျက်ရှိသည့် သက်ကြီး ဥပသကာကြီး တစ်ဦးမှာ သာသနာ့ဝန်ဆောင် နာယကကြီး ဦးထိန်ဝင်းဖြစ်၍ အခြားသက်ငယ်တစ်ဦးမှာ ဆရာ မောင်ဒီပ (သိပ္ပံ/ချည်မြေ) ဖြစ်ပေသည်။

သူတို့နှစ်ဦး အပြိုင်ကြိုးပမ်းချက်များ အောင်မြင်လာသည့်အခါများ၌ ပိုမို ဝမ်းသာအားရ ဖြစ်မိ၏။ ကြည့်လေ၊ စာရေးသူ၏ စားပွဲပေါ်၌ ဖိတ်စာတစ်စောင်နှင့် ပေးစာတစ်စောင် မရှေးမနှောင်း ရောက်လာသည်။ ဖိတ်စာက ၂၃–၁၂–၉၅ နေ့တွင် ဆရာ ဦးရွှေအောင် ၁–နှစ်မြောက် သတိတရနေ့ ဟောပြော ဖိတ်စာ။ စာတစ်စောင်က သက်ငယ် စာရေးဆရာနှင့်ထုတ်ဝေသူ မောင်ဒီပ(သိပ္ပံ/ချည်မြေ)ထံမှ ၅–၁၂–၉၅ နေ့စွဲစာ။

"ဆရာကြီးခင်ဗျား။

မနက်ဖြန် မနက် ၇–နာရီ ရန်ကုန်က ထွက်ပါမည်။

ဆရာကြီးကို လာခေါ်ပါမည်။ ဆရာကြီးဆီ ကား ဖြင့် ၁၅ လောက် ရောက်လာပါမည်။

ဆရာတော် ဦးသဒ္ဓိယလည်း လိုက်ပါမည်။

ရိုသေစွာဖြင့် (ဒီပ)

ဒီပါနိုးစာပေ

ဟိုတစ်နေ့ကတည်းက စာရေးသူထံသို့ ဆရာမောင်ဒီပ လာရောက်၍ ဆရာကြီး ဦးရွှေအောင် (၁)နှစ်ပြည့်အထိမ်းအမှတ် အတ္ထုပ္ပတ္တိကျောက်စာတိုင်ဖွင့်ပွဲကို ကဝမြို့နယ်၊ ဖလေးရွာ၊ ကျိုက်မတ်ကော်စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်၍ တက်ရောက်ပါရန် မေတ္တာရပ်ခံခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ဖိတ်ကြား ခေါ်ဆောင်သူ မောင်ဒီပအား အထူးကျေးဇူးတင်စွာဖြင့် ဖလေးသို့ လိုက်ပါရန် အသင့်ပြင်ထားရပါ၏။ ဖလေးရောက်လျှင် မိမိအတွက် အလုပ်မရှုပ်စေရန် သက်သတ်လွတ် နံနက်စာထမင်းချိုင့်ကလေးကိုလည်း ယူသွားရန် စီစဉ်ထားရပါ၏။

ဆိုဖာထိုင်ခုံများပါရှိသော ဟီးနိုးကားငယ်တစ်စင်းဖြစ်၍ အသွားခရီးလမ်းမှာ သန်လျင်ဘက်မှ လှည့်၍ ခရမ်း၊ ထိုမှ ဖလေးသို့သွားရသဖြင့် အချို့ နေရာ၌ လမ်းပင်အနည်းငယ်ကြမ်းသော်လည်း သက်သောင့်သက်သာ ရှိပါ၏။ ရန်ကုန် ဗိုလ်တထောင်မှ ဆရာတော် ဦးသဒ္ဒိယလည်း လိုက်ပါတော်မူပေရာ ဖလေးစေတီကြီး ကျိုက်မတ်ကော်ရင်ပြင်ရှိ မွှာရုံသစ်ကလေးသို့ ဆွမ်းဘုဉ်းပေးအမီ ချောမောစွာ ရောက်ရှိသွားပါ၏။ ဖလေးရွာ၏ မျက်နှာဖုံးလူကြီးများနှင့်

ဆရာဦးရွှေအောင်၏ **ဆွေတော်မျိုးတော်နှင့်** မိတ်သင်္ဂဟ များလည်း **စုံညီစွာ** ရောက်နှင့်နေကြပေပြီ။

**ဘုရား** ရင်ပြင်တော်ပေါ်သို့ အရောက် ကား **မောင်း၍** တက်နိုင်သဖြင့် ကားမှ ဆင်းလျှင်ပင် ကျိုက်မတ်ကော်စေတီ ရင်ပြင်တော်ရှိ သစ်ပင်ကြီး များ၏ အရိပ်အာဝါသနှင့် ရင်ပြင်တစ်ခုလုံးတွင် လှပစွာ ရိတ်ဖြတ်ကာ ပြုစုထားသည့် မြက်ခင်းများ ကြောင့် နှလုံးစိတ်ဝမ်း ငြိမ်းချမ်း ကြည်နူးဖွယ်ရာ ဖြစ်သည့်ပြင် ပုံစံတော်ထူးခြားသည့် စေတီတော်ကြီးကို ဖူးမော်ရခြင်း၊ ဆရာနှင့် ဆရာကတော်တို့ **ဆွေတော်** မျိုးတော်များ၏ ပျူငှာစွာ ညှိခံကျွေးမွေး**ကြခြင်း** တို့ကြောင့် အထူးပင် ကျေးဇူးတင်**မိပါတော့၏။**

ဆရာဦးရွှေအောင်သည် **ဤကျိုက်မတ်ကော်** စေတီရင်ပြင်တော်ကို ခိုလှုံကာ **တရားမွေ့လိုသော** စိတ်ကူးများ ရှိဖူးသကဲ့သို့ပင် **စာရေးသူ**၏ သန္တာန်၌ လည်း ခိုလှုံချင်စိတ်များ တစ်ခဏတာ ပေါ်ပေါက်၍ လာမိပါသေးသည်။

ဆွမ်းကိစ္စနှင့် စားသောက်မှု ကိစ္စများ ပြီးစီး သွားသောအခါ ရန်ကုန်မှ လိုက်ပါ ကြွလာတော် မူသော ဆရာတော် ဦးသဒ္ဓိယ(မဟာဝိဇ္ဇာ)က အခမ်း

အနား သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီးလျှင် အခမ်းအနားမှူးအဖြစ် ဆရာမောင်ဒီပ(သိပ္ပံ/ချည်မြေ) က ဟောပြောမှု အစီအစဉ်ကို ကြေညာသောအခါ စာရေးသူ၏ နာမည် ဦး**စွာပါလာသောကြောင့်** စတင်ဟောပြောရပါ၏။

## (၂)

## ဆရာ၏ ထိုးဖောက်ဉာဏ်စွမ်းနှင့် သည်းခံနိုင်ရည်

အစီအစဉ်အရ **ဟောပြောမည့်သူ**မှာ ၃–ဦးဖြစ်ရာ တစ်ဦးမှာ မြန်မာ **တိုင်းရင်းသ**မားတော်ကြီး ဦးရန်အောင် ဖြစ်၍ **ဆရာဦးရွှေအောင်** လက်များတုန်နေခြင်းကို ကုသပေး**ခဲ့ဖူးသူ ဖြစ်**သည်။ ဆရာဦးရွှေအောင် ကိုယ်ကျင့် **ဗုဒ္ဓဝင်ကျမ်း**ကြီးတစ်ဆူကို ရေးသား ပြီးမြောက်စေရေး**အတွက်** ရှေးဦးပထမ စာတစ်လုံး**မျှ** စ၍ မရေးသား**သေး**မီကပင် ဆရာဦး**ရွှေအောင်အား** နာယကကြီး ဦးထိန်ဝင်းက **သာသနာရေး** ဒု–ဝန်ကြီးအဖြစ် ယခင်ကဆောင်ရွက်**ခဲ့သူ ဗိုလ်မှူး**ကြည်ညွန့်နှင့် မိတ်ဆွေများရှေ့မှောက်**တွင်** ငွေတစ်သောင်း လှူဒါန်းပြီး အားလုံးကပင် **ကိုယ်ကျင့်**ဗုဒ္ဓဝင် ရေးသားပြုစုဖို့ ဝိုင်းဝန်းတောင်းပန်ခဲ့ကြလေသည်။

ထိုမှစ၍ တစ်နှစ်မျှကြာသောအခါ ဦးထိန်ဝင်း ကပင် ထပ်မံ၍ "ဆရာ ပြီးသလောက်သာ ရေးပါ၊ လစဉ် ငွေတစ်ထောင်ကျပ် လှူဒါန်းသွားပါမည်"ဟု ထပ်မံ တိုက်တွန်းပြန်လေရာ ဦးအောင် (မြင်းခြံ)၊ ဆရာ ဦးရန်အောင်၊ ဦးကျော်ရှိန် (မြိတ်)၊ ဒေါက်တာ ဒေါ်စောမြင့်၊ ဦးကျော်သာ၊ ဒေါ်ခင်နု၊ ဒေါ်တင်နွယ် အေး (ပုဂံမြို့သစ်) စသော အလှူရှင်များကလည်း အသီးသီး ဝိုင်းဝန်းလှူဒါန်းကြပြန်ပါလေသည်။

ယင်းပထမဆုံးအလှူရှင်များထဲက မြန်မာ တိုင်းရင်းသမားတော်ကြီး ဆရာဦးရန်အောင်လည်း ယခု ဖလေး ကျိုက်မတ်ကော် စေတီတော်ကြီးရှိ ခမ္မာရုံသို့ ရောက်ရှိနေပေရာ ဆရာကလည်း သူ၏ ကိုယ်တွေ့များကို ဟောပြောမည်ဖြစ်၏။

ဟောပြောမည့် နောက်ထပ်ပုဂ္ဂိုလ် တစ်ဦးသည် ကား အခြားမဟုတ်၊ ဤစာရေးသူထက် ပိုမို၍ ဆရာ ဦးရွှေအောင် အကြောင်းကို အတွင်းကျကျ ဆက်ဆံ သိရှိထားသူတစ်ဦး ဖြစ်ခြင်းကြောင့် အိန္ဒိယတွင် သူနှင့်ဆုံကြစဉ်က ဆရာဦးရွှေအောင်သည် သူ့အပေါ် မိဘသဖွယ် ပြုစုခဲ့ဖူးပုံများကို ဟောပြော မည်ဖြစ်၍ စိတ်ဝင်စားဖွယ် ကြားနာကြရမည် ဖြစ်ပါသည်။

ယခု စာရေးသူက စတင်ဟောပြောရတော့မည် ဖြစ်ရာ စာရေးသူသည် ဟောပြောရေးဘက်၌ ကျွမ်းကျင်သူတစ်ဦး မဟုတ်ပါသော်လည်း ဆရာဦးရွှေအောင်၏ ထိုးဖောက်သိမြင်နိုင်သော ဉာဏ်စွမ်းပကားကို အတော်အတန် သိရှိထားသူတစ်ယောက် ဖြစ်မည်ဟု မျှော်လင့်ကြသဖြင့် မိမိအား ပြောခိုင်းခြင်းဖြစ်မည်ဟု ထင်ပါ၏။

ထိုသို့ ပြောခိုင်းလိမ့်မည်ကို မျှော်လင့်ခဲ့သည့်အလျောက် မိမိဆွဲကိုင်လာသည့် ကြွပ်ကြွပ်အိတ်ထဲ၌ ၁၉၉၅–ခုနှစ်၊ ဧပြီလထုတ် သင့်ဘဝအောင်မြင်ရေးနှင့် လူမှုရေးရာမဂ္ဂဇင်းတစ်အုပ်ကို ထည့်၍ ယူဆောင်လာခဲ့ပါ၏။ ထိုမဂ္ဂဇင်းထဲ၌ မိမိ ရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ် ပါရှိရာ ထိုဆောင်းပါးအထဲ၌ ဆရာဦးရွှေအောင် ရေးသား တင်ပြဖူးသော ဓမ္မစကြာလာ **'ဥဒပါဒီ ၅–ချက်'** ဖွင့်ဆို ထားပုံကို စာရေးသူ ထည့်သွင်းရေးသားခဲ့ဖူး၏။ သို့ကြောင့်ပင် ထို ၅–ချက်ကို စတင်၍ ပြောကြားရပေတော့မည်။

'ဆရာတော် ဦးသဒ္ဒိယနှင့် ကြွလာတော်မူကြတဲ့ သံဃာတော်အရှင်သူမြတ်များဘုရား၊ ရှေးက ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ရဟန်းပညာရှိကြီးတစ်ပါးဖြစ်သော ဆရာတော် ဦးဗုဓ်သည် ဓမ္မစကြာသုတ်တော်လာ

ဗုဒ္ဓမြတ်စွာ ကိုယ်တွေ့ ဟောကြားချက်ဖြစ်တဲ့ မဂ္ဂသစ္စာ–၌ ကတညာဏ်ပေါ်ပုံကို အောက်ပါအတိုင်း မြန်မာပြန်ဆိုခဲ့ပါတယ် ဘုရား။

"(စက္ခု) = မဂ္ဂသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ (ဉဒပါဒိ)= ထင်ရှားဖြစ်၏။

(ဉာဏံ) = မဂ္ဂသစ္စာကိုသိတတ်သော ဉာဏ်သည်။

(ပညာ) = သမ္မာဒိဋ္ဌိ စသည် ကိုအပြား အားဖြင့် သိခြင်းသည်–

(ဝိဇ္ဇာ) = မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်–

(အာလောကော) = မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော၊ မောဟ တည်းဟူသော အမိုက် တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည် (ဉဒပါဒိ) = ထင်ရှားဖြစ်၏'တဲ့။

အထက်ပါ ဆရာကော် ဦးဗုဓ်၏ မြန်မာပြန်ချက်သည် တပည့်တော်တို့ ဝိပဿနာတရား အားထုတ်

ရာ၌ ဖြစ်ပေါ်တဲ့ ဉာဏ်စဉ်နှင့် ဘယ်လိုများ စပ်ဟပ်ပြီး ယူနိုင်ပါမလဲ။

'ဒီကိစ္စမှာ ဆရာဦးရွှေအောင်က တပည့်တော်တို့ အတွက် အရှင်းဆုံး ဖွင့်ဆိုထားခဲ့ခြင်းကြောင့် တပည့် တော်တို့ရဲ့ စိတ်သန္တာန်မှာ 'ဥဒပါဒိ' ၅-မျိုးသည် ယုံမှားမရှိ ထင်ရှားစွာလာပါတော့တယ်ဘုရား။ တပည့် တော် ဖတ်ပြပါရစေ။ ဆရာဦးရွှေအောင်၏ ဖွင့်ဆို ချက်က-

**(စက္ခု ဥဒပါဒိ)=** လူတို့၌ လောကကို မြင်တတ်သော မျက်စိမရှိ၊ မိမိကိုယ်ကို မြင်တတ်သော အတ္တ မျက်စိသာ ရှိ၏။ ထို့ကြောင့် လောကကို မြင်အောင်ကြည့်တတ်သော မျက်စိကို ရအောင် လုပ်ရမည်-ဟူ၍ ဟောကြားတော်မူခြင်း ဖြစ်၏။

**(ဉာဏံဥဒပါဒိ)=** တကယ်တမ်းအားဖြင့် လောကဟူသည်မှာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ရုပ်နာမ် ခန္ဓာနှင့် ယင်းတို့၏ အကြောင်းအကျိုး ဖြစ်စဉ်သာ ဖြစ်သည်-ဟူသော ဉာဏ်အမြင်ကို

ရအောင်လုပ်ရမည်ဖြစ်၏။ထိုဉာဏ်
အံမြင်သာရှိပါလျှင် လောကနှင့်
ပတ်သက်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ
•သည် ကွာသွားမည် ဖြစ်၏။
ထိုအခါ ကလျာဏပုထုဇဉ် အဖြစ်
သို့ ရောက်ပြီး လောကသည်
မည်မျှ ငြိမ်းချမ်းသာယာလေ
မည်နည်း။

ဤအဆင့်သို့ရောက်လျှင်ပင်
ကိုယ်ကျိုး ကိုယ့်စီးပွားကို ရှေ့တန်း
မတင်တော့။ မိမိကိုယ်ကို ကျော်၍
လောကကို မြင်တတ်လေပြီ။
လောက၏ အကျိုးစီးပွားကို ကြည့်
တတ်ပေပြီ။

(ပညာ ဥဒပါဒိ)=လောကကို ကြည့်သောအခါ
အားလုံး ဖြစ်ခြင်းနှင့် ပျက်ခြင်း
ကိုသာ မြင်တော့၏။ လောက၌
အခိုင်အမာ တွယ်တာမက်မောစရာ
ဟူ၍ ဘာမျှမရှိသည်ကိုမြင်လာ၏။
ယင်းကိုပင် 'ဝိပဿနာအမြင်'ဟု
ခေါ်ရ၏။

**(ဝိဇ္ဇာဥဒပါဒိ)** = ဖြစ်ပျက်ကို့၏ ဆုံးရာ နိဗ္ဗာန်ကို မြင်တော့၏။ ဖြစ်ခြင်းလည်း မရှိ၊ ပျက်ခြင်းလည်း မရှိ၊ မည်မျှ ငြိမ်းချမ်း လေဘိသနည်း။

**(အာလောကောဥဒပါဒိ)**= အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးနောက် လောကကို ပြန်ကြည့်သောအခါ မွန်းတည့်နေ၏ အရောင်ဖြင့် သက်ရှိသက်မဲ့ အရာဝတ္ထုများကို ပြက်ပြက်ထင်ထင် မြင်ဘိသကဲ့သို့ လောကနှင့် ပတ်သက်၍ ပြက်ပြက်ထင်ထင် မြင်ရလေ၏။

ထိုအခါ ယောကကိုလည်းကောင်း၊ လောက၏ ဖြစ်ကြောင်းကို လည်းကောင်း၊ လောက၏ ချုပ်ရာကို လည်းကောင်း၊ လောက၏ ချုပ်ရာသို့ရောက်ကြောင်း လမ်းကိုလည်းကောင်း၊ တရားကို လည်းကောင်း ပြက်ပြက်ထင်ထင် မြင်ရလေတော့၏။

ထိုအခါ သူ၏အကျိုးစီးပွားနှင့် ပတ်သက်၍ ဆောင်ရွက်ဖွယ်အားလုံးကို ဆောင်ရွက်ပြီးလေပြီ။ မသေမီ နောက်ထပ်ဆောင်ရွက်သမျှ အားလုံးသည်

သူ၏အကျိုးစီးပွားအတွက် မဟုတ်တော့။ လောက၏ အစီးအပွား အတွက်သာ ဖြစ်တော့၏။

တရားအားထုတ်သူတို့အတွက် **အဘယ်မျှ** လောက် ရှင်းလင်းလှတဲ့ 'ဥဒပါဒိ' ၅-**ချက်ပါလဲ** ဘုရား။

တကယ့်ကို တပည့်တော်တို့ သာမန်**လူများအဖို့** အံ့ဖွယ်ကောင်းလောက်အောင် ဆရာဦး**ရွှေအောင်ရဲ့** ထိုးထွင်း သိမြင်ချက်ကြီး တစ်ရပ်ပါ**ဘုရား။**

နောက်တစ်ချက်၊ တပည့်တော်တို့**အတွက် ဆရာ** ဦးရွှေအောင် ထုတ်ဖော် ရှင်းပြသွားချက်**ကိုတော့** တစ်ပြည်လုံး အုံးအုံးကျွက်ကျွက် ဖြစ်စေခဲ့တဲ့ **'ဗုဒ္ဓ**- လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့် ဗုဒ္ဓဝင်'ဆိုတဲ့ ၉ လက်မခွဲ X ၆ လက်မခွဲ အရွယ်၊ စာမျက်နှာ ၄၀၀ ရှိတဲ့ စာအုပ်ကြီး(ယခု ထိုစာအုပ်ကို ကမ္ဘာသို့ ဖြန့်ရန် ဆရာကြီး ဦးလှမောင် အင်္ဂလိပ် ဘာသာပြန်ဆိုထားသော-

The Buddha Peerless Benefactor of Humanity.

စာအုပ်ကြီးလည်း ထွက်**ပေါ်နေပါပြီ။**

**ဒီပါဝိုးစာပေ**

ယင်းကိုယ်ကျင့် ဗုဒ္ဓဝင်(မြန်မာလို) စာအုပ်ထူကြီး၏ စာမျက်နှာ ၂၃၅-တွင် **'နိရုဒ္ဓါဝဿာ'** ဟု ဆရာဦးရွှေအောင် ခေါ်ဝေါ်ထားတဲ့ စွမ်းရည်ကြီးမားသော စိတ်အခြေအနေမျိုးကို တင်ပြထားပုံမှာ အံ့တစ်ပါးပါပဲဘုရား။ ဆရာဦးရွှေအောင်က-

'ထိုစိတ်အခြေအနေမျိုးသို့ ရောက်အောင် စိတ်ကို ဘာဝနာဖြင့် ထုံထားပါလျှင်' စိတ်သည် ဘာဝနာ အာရုံမှတစ်ပါး အခြားမည်သည့် အာရုံကိုမျှ မသိတော့၊ ဓားဖြင့် ခုတ်လျှင်လည်း ခုတ်မှန်း မသိ၊ မီးဖြင့် ရှို့လျှင်လည်း ရှို့မှန်းမသိ။ ဤဘာဝနာအဆင့်ကို ဘုရားအလောင်း ခန္တီဝါဒီ ရှင်ရသေ့သည် ရထား၏။ ထို့ကြောင့်လည်း သည်းခံခြင်း = ခန္တီဝါဒ ရှိသော ရှင်ရသေ့သည် ကလာဗုမင်းကြီးက ဆူးကြိမ်လုံးဖြင့် ရိုက်၍ ခြေ, လက်, နား, နှာခေါင်းတို့ကို ဖြတ်စေသော်လည်း စိတ်မဆိုး။ 'မင်းကြီး အသက်ရှည်ပါစေ'ဟုပင် မေတ္တာပို့ရင်း ကွယ်လွန်သွားရှာပါတယ် ဘုရား။ ကာလာဗုမင်းလည်း ဥယျာဉ်မှ ထွက်လျှင် မြေမျိုခံရပြီး ငရဲသို့ ကျသွားပါသတဲ့ ဘုရား။

သင့်ဘာဝမဂ္ဂဇင်း အယ်ဒီတာအဖွဲ့က ဆရာဦးရွှေအောင်နှင့် သွားရောက် တွေ့ဆုံကြစဉ်-

'ဘားဖြင့် ခုတ်လှျင်လည်း ခုတ်မှန်းမသိလောက်အောင် အံ့ဖွယ် စိတ်အခြေအနေမျိုးရအောင် ဘယ်လိုကျင့်ရပါသလဲ'ဟု မေးသောအခါ ဆရာ ဖြေပုံက ရိုးရိုးပါပဲ။

'သိစရာအာရုံနဲ့ သိစိတ်တို့ နှစ်ခုမပြား၊ တစ်သားတည်း ဖြစ်သွားတဲ့ 'နိရုဒ္ဓါဝတ္ထာ'ဆိုတဲ့ စိတ်အခြေအနေမျိုးပါပဲ'လို့ ဆရာက ဖြေဆိုလိုက်ပါတယ်။ ဆရာက ထပ်လောင်း၍-

'ရှင်ရသေ့ဟာ သီလ၊ သမာဓိ၊ ပညာဖြင့် စိတ်အင်အားကို မွေးမြူထားခဲ့တာက တစ်ဘဝတည်းဖြင့် ဘယ်မှာ လုံလောက်လိမ့်မလဲ၊ ဘဝပေါင်းများစွာ မွေးမြူမှ ဖြစ်တာပါ'တဲ့။ စာရေးသူက-

'လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း ကျင့်ရတယ်ဆိုပါတော့ ဆရာရယ်။ ကျွန်တော်တို့လို တစ်ကြိမ်မှာ တစ်လလောက်သာ အများဆုံး တရားအားထုတ်လေ့ရှိသူမျိုးတွေ အနားမသီနိုင်ပါဘူး'ဟု စိတ်ထဲက ရယ်မောနေမိပါတယ်။

ဆရာသံဃာ့ဆေးရုံမှာ ရောက်နေတော့ တပည့်တော်သွားရောက် အကဲခတ် ကြည့်ပါတယ်။ ဆရာဟာ စကား မပြောတော့ဘဲ ခြေလက်လည်း မလှုပ်ဘဲ

ငြိမ်သက်စွာ လျှောင်းလျက် ရှုမှတ်နေဟန်တူပါတယ်။ ဆရာသည် ပါရမီရှင် တစ်ဦးဖြစ်တာ ထင်ရှားပါတယ် ဘုရား။ အာရုံ(ဝေဒနာ)နှင့် မှတ်စိတ်တို့ တစ်သားတည်းကျ၍နေတဲ့ 'နိရုဒ္ဓါဝဋ္ဋာ'စိတ်အခြေအနေသို့များ ဆရာဦးရွှေအောင် ဆိုက်ရောက်၍ နေလေသလား။

ဆရာဝန်နှင့် ဆရာ ဦးရွှေအောင်ကတော်တို့ကတော့ အံ့သြနေကြတာ အမှန်ပါပဲ။

## (၃)

## အိန္ဒိယပညာတော်သင် ၃ ဦးနှင့် ဆရာ့မေတ္တာ

စာရေးသူက နိဂုံးချုပ်စကား ပြောကြားပြီးသောအခါ ထေရဝါဒ သာသနာပြု ဗဟိုအဖွဲ့မှ ဆရာဦးသိန်းအောင် (ဗာရာဏသီ) အလှည့် ရောက်လာပါသည်။ ဆရာဦးသိန်းအောင်က–

"သက္ကတစာပေ သင်ကြားဖို့အတွက် အိန္ဒိယသို့သွားရောက်ရန် လူရွေးတဲ့အခါ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဆရာဦးအုံးမောင်ရယ်၊ ဆရာကြီးဦးရွှေအောင်ရယ်၊တပည့်တော်ရယ် အရွေးခံရပါတယ်။ တပည့်တော်က လုပ်သားကောလိပ် တက်နေတော့ ကျောင်းမပြီးသေးပါဘူး။ အိန္ဒိယသို့ ပညာသင်သွား

မည့်ပုဂ္ဂိုလ်များအတွက် ဆရာကားပြီးတော့ သက္ကတစာပေနဲ့ ဟိန္ဒီစာပေကို သင်ပေးပါတယ်။ တပည့်တော်က မလိုက်နိုင်လို့ ဆရာကြီးဦးရွှေအောင်မှ တစ်ဆင့်သင်ယူရပါတယ်ဘုရား။

ဆရာကြီးဟာ ဆရာဖြစ်ရုံသာမက မိဘသဖွယ်လည်း ဖြစ်ပါတယ်။ တပည့်တော် အိန္ဒိယနိုင်ငံ ဗာရာဏသီရောက်သွားတဲ့အခါ ဆရာဦးရွှေအောင်နဲ့ ဆရာဦးအံ့မောင်က ဘုံဘေ ယူနီဗာစီတီမှာ ရောက်နေပါပြီ။ အဲဒီအချိန်မှာ ဗာရာဏသီ ယူနီဗာစီတီက သပိတ်မှောက်နေတဲ့ အချိန်မို့ ဆရာတော်ဦးရေဝတရဲ့ ကျောင်းမှာပဲ နေရပါတယ်။

ဆရာဦးရွှေအောင်နဲ့ ဆရာဦးအံမောင်တို့ဟာ အထက်ပိုင်းမြို့တွေကို ဘုရားဖူး လျှောက်လည်တဲ့အခါ ပထမဆုံး ဗာရာဏသီကို ရောက်လာပါတယ်။ “ကျောင်းမတက်ရသေးတဲ့ အတူတူ မင်း ငါတို့နဲ့ ဘုရားဖူးလိုက်ခဲ့”လို့ သူကပဲဦးဆောင်ပြီး တပည့်တော်တို့ကို ဘုရားဖူး ခေါ်သွားပါတယ်။ ဗာရာဏသီက နေပြီး ပတ္တနာ၊ ဗုဒ္ဓဂယာ၊ လုမ္ဗိနီ၊ နီပေါအထိ ရောက်သွားကြတယ်။

တပည့်တော်တို့ ဒီဇင်ဘာလကျောင်းပိတ်တော့ လည်း ဆရာကြီးဦးရွှေအောင်က ‘ဘုံဘေကို အလယ်

လာပါ’ဆိုပြီးခေါ်လို့ ရောက်တဲ့အခါ သူကပဲ စောင့်ရှောက်ပါတယ်။ ပင်စင်ယူမယ်လို့ ဆိုတော့လည်း ပါဠိစာပေကနေပြီး နာဂရီ ပြန်ဆိုတဲ့ အလုပ်တို့ကို သူကပဲ ပြောပြဆောင်ရွက်ပေးပါတယ်။ ရှာပေးပါလို့ တပည့်တော်က မပြောပါဘူး။ မပြောပေမယ့် သူက မိဘသဖွယ် စားဝတ်နေရေးကစပြီး စောင့်ရှောက်တဲ့ ဆရာသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ဆရာကြီး ဘုံဘေမှာ ပညာသင်ကြားနေစဉ်က လည်း ယခု ညွှန်ကြားရေးမှူးချုပ်ဖြစ်နေတဲ့ ဆရာဦးအံ့မောင်က ဘယ်လို ပြောသလဲဆိုတော့ ‘ဆရာဦးရွှေအောင်ဟာ သိပ်ပြီး ဉာဏ်ကောင်းတာပဲ’တဲ့။ အိန္ဒိယရောက်နေတဲ့ အချိန်မှာ စာမေးပွဲကျမှာစိုးလို့ ဆရာဦးအံ့မောင်မှာ မအိပ်နိုင်၊ မစားနိုင် စာကျက်နေရတဲ့အချိန်မှာ ဆရာဦးရွှေအောင်ကတော့ အိပ်နေတာပဲများတယ်တဲ့။ ဒါပေမယ့်လို့ စာမေးပွဲသွားဖြေတဲ့ အခါကျတော့ ဆရာဦးရွှေအောင်ကပဲ အမှတ်ကောင်းတယ်တဲ့။

ဆရာကြီးဦးရွှေအောင်ဟာ ဉာဏ်ကောင်းလို့လည်း ယခုဆရာတော်တို့ မျက်မှောက်မှာ ရောက်နေတဲ့ စာအုပ်တွေကို သူဟာ ခုနစ်နှစ်ကာလအတွင်းမှာ နာမည်ကျော်ကြားပြီး ပြည်သူလေးစားတဲ့ စာရေးဆရာ

ကြီးတစ်ယောက် ဖြစ်အောင် မရည်ရွယ်ဘဲနဲ့ ရေးသွားတာတွေကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့ ဉာဏ်ပညာထက်မြက်မှုနဲ့ လုံ့လဝီရိယကို သိနိုင်ပါကြောင်း နိဂုံးချုပ် လျှောက်ထားအစီရင်ခံပါတယ်ဘုရား”

(သာရသုံးကြိမ် ခေါ်ကြသည်)

## (၄)

## ရွှေတုံးကြီးနှင့်တူသော ပုဂ္ဂိုလ်ထူး

အသက် (၅၀) အရွယ်မှာ မြန်မာတိုင်းရင်းသမားတော်ကြီးဖြစ်နေတဲ့ ဆရာဦးရန်အောင် အလှည့်သို့ ရောက်လာပါပြီ။ ဤဆရာ ဦးရန်အောင်သည်ကား ဂါရဝမင်္ဂလာနှင့် နိဝါတ မင်္ဂလာတို့ကို အစဉ်သဖြင့် ကျင့်သုံးလေ့ရှိသူတစ်ဦး ဖြစ်သည်တစ်ကြောင်း၊ လူချင်းတွေ့လျှင် အသေးအဖွဲကလေးကအစ လိုက်၍ သိမြင်ကူညီတတ်သူဖြစ်၍လည်း တစ်ကြောင်း သူနှင့်ပေါင်းမိသူတိုင်း စိတ်ချမ်းသာကြမည်မှာ မလွဲပါဘူး။ ယခု သူ့ဟောပြောချက်ကို တဆိတ် နားစွင့်ကြည့်တော်မူကြပါဦး။

“တပည့်တော်ပြောတဲ့အခါ အမှားများ ပါပါက ခွင့်လွှတ်ပါမည့်အကြောင်း လျှောက်ထားအပ်ပါတယ်ဘုရား။

ဒေသခံ ဆရာတော်ဘုရားများနဲ့ ဆရာ့ဆွေတော် မျိုးတော် အပေါင်းရဲ့ ရှေ့မှောက်မှာ အထူးသဖြင့် တိုက်တိုက်ဆိုင်ဆိုင် စာဆိုတော်လမှာ စာပေပညာ ရှင်ကြီးတစ်ဦးရဲ့အကြောင်း ကိုယ်တွေ့များကို ပြော ခွင့်ရလို့ ကျေးဇူး အထူးတင်ပါတယ်။

ဒီဌာနကိုလည်း တပည့်တော်ရဲ့ အသက် ၅၀– ကာလအတွင်းမှာ ယခု ပထမဦးဆုံး ရောက်ရှိခြင်းဖြစ် ပါတယ်။ ဆရာဦးရွှေအောင်နဲ့ မတွေ့ရခင်ကတည်းက ဆရာ့ကို ကြည်ညိုမိပါတယ်။

တစ်ချိန်က သာသနာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် လုပ်သွားတဲ့ နိုင်ငံတော်ကောင်စီဝင် ဆရာ ကြီး ဦးလှမောင်ဟာ ဝေဒနာခံစားနေရလို့ အိပ်ရာ ပေါ်မှာ လဲနေချိန်၊ သူ့ထံရောက်သွားတော့ သာသနာ့ ရောင်ခြည် စာအုပ်တစ်အုပ် တပည့်တော်လက်ထဲမှာ ပါလာပါတယ်။

"ဘာတွေဖတ်နေသလဲ"တဲ့။ ဆရာဦးလှမောင် က အသံလေးတုန်တုန်နဲ့ မေးရှာပါတယ်။ တပည့် တော်က သာသနာ့ရောင်ခြည်ထဲက ဆရာကြီးဦးရွှေ အောင်ရေးတဲ့ ဆောင်းပါးကလေးကို ဖတ်နေပါတယ် လို့ ဖြေလိုက်ပါတယ်။ ဒီအခါ ဆရာကြီး ဦးလှ မောင်ရဲ့ တုန်နေတဲ့ အသံက တစ်အားတက်လာ

ပါတယ်။ ဦးရွှေအောင်ဟာ **ရွှေတုံးကြီးနဲ့တူကြောင်း** ပြောပြပြီး ဦးရွှေအောင်ကို သိအောင်ကြိုးစားဖို့လည်း မှာကြားလိုက်ပါတယ်။

ယနေ့ မြန်မာတစ်နိုင်ငံလုံးမှာ စာပေမှာရော၊ သတင်းစာ၊ မဂ္ဂဇင်းဆောင်းပါးတွေမှာရော အသံလွှင့်ချက်တွေမှာရော၊ နားနဲ့မဆံ့အောင် ကြားနေ ဖတ်နေရတဲ့ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဆိုသလို ဆရာပြုစုသွားတဲ့ 'ဗုဒ္ဓ–လောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်' စာအုပ်ကြီးကို ရေးဖို့ ကိစ္စနဲ့ ပတ်သက်ပြီး သခင်ထိန်ဝင်း အိမ်မှာ ဆရာကြီး ဦးရွှေအောင်ကို တွေ့ရပါတယ်။ အဲဒီအချိန်မှာ ဆရာကြီးဟာ လက်တုန်နေပါတယ်။ အဲဒါကို ဦးရန်အောင် တတ်နိုင်သမျှ ကုပေးပါတဲ့၊ အဘ ဦးထိန်ဝင်းက ခေါ်ပြီးတော့ တောင်းဆိုပါတယ်။ အဲဒီမှာ ဆရာနဲ့ ပထမဆုံး၊ တွေ့ရတာပါပဲ။ တွေ့တဲ့အချိန်ဖြစ်တဲ့ ၁၉၈၉ ကစ,ပြီးတော့ ပထမဦးဆုံးဗုဒ္ဓဟူးနေ့တိုင်း ဆရာ့အိမ်ကို ကျွန်တော်လာခဲ့ပါမယ်လို့ တပည့်တော် ကတိပြုခဲ့တဲ့အတိုင်း ဝတ်မပျက် သွားနိုင်ခဲ့ပါတယ်"

ဆရာဦးရန်အောင်က ဆရာဦးရွှေအောင်ပြုစုတဲ့ 'ဗုဒ္ဓ–လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် ကိုယ်ကျင့် ဗုဒ္ဓဝင်'စာအုပ်သည် ပါရမီတော် ဆယ်ပါးကို

ကျောရိုးထားပြီး ပြုစုသွားခဲ့တာ တွေ့ရပါတယ်။ အထူးသဖြင့် ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်းလို့ အဓိပ္ပာယ်ရတဲ့ 'နေက္ခမ္မ ပါရမီ'ခန်းကို ဖတ်ကြည့်ရင် လူသားတစ်ယောက်ကို စိတ်ထား ပြောင်းလဲသွားစေတတ်ကြောင်း အများအားဖြင့် တွေ့ရှိရပါလိမ့်မယ်။

ဒုတိယ တစ်ချက်ကတော့ ဟိုရှေ့နားမှာ အခမ်းအနားမှူးလုပ်နေတဲ့ ကိုဒီပ။

ကိုဒီပဟာ ဆရာကြီးဦးရွှေအောင်ကို တပည့်တော်တို့ထက် ကျေးဇူးတုံ့ ပြန်ဆပ်ခွင့်ရပါတယ်။ ဒေသခံဆရာတော်ဘုရားရဲ့ လက်ဝယ်ရောက်ရှိနေတဲ့ ဒီဆရာဦးရွှေအောင်ရေးသား ပြုစုခဲ့တဲ့ ဗုဒ္ဓတရားတော်စာအုပ်တွေ ဖတ်ရှုပြီးနောက် သံဃာတော်များဟာ ဒီတရားတော်တွေကို ဟောကြားတော်မူနေလိမ့်မယ်ဆိုတာ ယုံကြည်နေပါတယ်ဘုရား။ ဟောကြားတော်မူပေးတော်မူကြပါလို့လည်း လျှောက်ထားပါရစေဘုရား။

ကိုဒီပ စုစည်း စီစဉ်ခဲ့တဲ့ ဆရာဦးရွှေအောင်ရေးသားသော 'ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့' စာအုပ်နဲ့ 'အမြင်များ ပြောင်းလဲခြင်း' စာအုပ်များကိုတော့ တပည့်တော် အကြိုက်ဆုံးပါပဲ ဘုရား။ ကိုဒီပက တပည့်တော်ကို အခမဲ့ လက်ဆောင်ပေးခဲ့ပေမယ့်

တပည့်တော်က ‘ကျွန်တော် ကုသိုလ်လုပ်ချင်လို့ပါ’ ဆိုပြီး ဝယ်ယူ ဖြန့်ဝေခဲ့ပါတယ်။

ဒီ‘အမြင်များပြောင်းလဲခြင်း’စာအုပ်ကိုကြည့်ရင် စာမျက်နှာတိုင်းဟာ ပုလဲလုံး၊ ရွှဲလုံးတွေနဲ့ သီထားသလို ထင်မှတ်ရလောက်အောင် ခံစားရပါတယ်။ ဒီဆောင်းပါးတွေအကြောင်းကို ဆရာကပြောဖူးပါတယ်။

“ဆောင်းပါး ဆိုတာ–တဲ့၊ ဖတ်လိုက်ပြီးရင် ဖတ်သူရဲ့ စိတ်ထဲမှာ ကာယကံဆိုးတွေ ရှိနေရင် ပျောက်ကွယ်သွားအောင်၊ ယဉ်ကျေးသွားအောင်၊ ဝစီကံဆိုး၊ မနောကံဆိုးတွေ ရှိနေရင်လည်း ဝစီကံဆိုး၊ မနောကံဆိုးတွေ ပျောက်ကွယ်ပြီး ယဉ်ကျေးသွားအောင် ကြိုးစားပြီး ရေးထားတာပါ”တဲ့။

ဆရာဦးရွှေအောင် ကွယ်လွန်ခဲ့ပြီး (၁)နှစ်မြောက်နေ့မှာ တာဝန်အကျေဆုံးဖြစ်တဲ့ ကိုဒီပကို ဒီနေရာမှာ ဆရာဦးရွှေအောင်ရဲ့ ဆွေတော်မျိုးတော်များရဲ့ ကိုယ်စားရော၊ ဆရာ့စာဖတ်ပရိသတ် ကိုယ်စားပါ အထူးကျေးဇူးတင်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်ဘုရား။

ယခု အသစ်စက်စက် ထွက်လာတဲ့ နှလုံးလှစာပေထုတ် ‘ချမ်းသာကို ရှာဖွေခြင်း’ စာအုပ်မှာ

ဆိုရင် ဆရာဦးရွှေအောင်ဟာ သူ့ရဲ့ ဂုဏ်ထူးတွေကို လုံးဝ ဖော်ပြခွင့် မပြုဘဲ 'ရွှေအောင်' ဆိုတဲ့ နာမည် တစ်လုံးတည်းပဲ ဖော်ပြသွားပါတယ်။

ဒီစာအုပ်မှာ ဆရာက မဂ္ဂင်ရှစ်ပါးကို ကျောရိုး ထားပြီး ရေးသွားပါတယ်။ မဂ္ဂင်ရှစ်ပါး တရား အားလုံးကို ဆရာ ဦးရွှေအောင်ဟာ ပဋ္ဌဝဂ္ဂီ ၅–ဦး ထဲက အရှင်ဝပ္ပကို တိုင်တည်ပြီး ရေးသွားခြင်း ဖြစ်ပါတယ်”

ဟု ဆရာ ဦးရန်အောင်က နိဂုံးချုပ် ဟောပြော သွားပါသည်။

ဆရာကြီးဦးရွှေအောင် (၁)နှစ်ပြည့် အထိမ်း အမှတ် အတ္ထုပ္ပတ္တိ ကျောက်စာတိုင်ဖွင့်ပွဲတွင် ထိုနေ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသူမှာ ဖလေး ရွာ ရဝတဥက္ကဋ္ဌ ဦးအောင်ဖေဖြစ်၍ သူက–

“ဦးရွှေအောင်ဟာ ဖလေးရွာဇာတိဖြစ်တဲ့ အတွက် ဦးရွှေအောင်တစ်ယောက် နိုင်ငံကော်ရဲ့ သာသနာ ရေးဦးစီးဌာနမှာ သွားပြီးတော့ ထင်ပေါ်ကျော်ကြား တဲ့အတွက် တပည့်တော်တို့ ဖလေးကျေးရွာသားများ ကိုယ်စား တပည့်တော်တို့ များစွာပဲ ဝမ်းသာမိပါတယ် ဘုရား။ ရန်ကုန် ဆရာတော်ဘုရားနဲ့တကွ တပည့်

ဒကာတွေကလည်း ယခုလို လိုက်လိုက်လှဲလှဲ လိုက်ပြီးတော့ ပံ့ပိုးတဲ့အတွက် ကျေးရွာသူ ရွာသားများကိုယ်စား၊ ဦးရွှေအောင်ရဲ့ ဆွေတော်မျိုးတော်များကိုယ်စား အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ဘုရား'

ထို့နောက် အခမ်းအနားမှူးက "ဆရာ ဦးရွှေအောင် အထိမ်းအမှတ် ကျောက်စာတိုင်၌ ဆရာဦးသိန်းအောင် (ဗာရာဏသီ)က တိုင်ပေးချက်ကို ပရိသတ်က ညီညာဖြိုဖြို လိုက်ဆိုကြမည်ဖြစ်ပါတယ်ဘုရား"ဟု ကြေညာလိုက်သောအခါ-

**"ဗုဒ္ဓံ ပူဇေမိ =**
**ဘုရားရှင်ကို ပူဇော်ပါ၏။**
**ဓမ္မံ ပူဇေမိ =**
**တရားတော်ကို ပူဇော်ပါ၏။**
**သံဃံ ပူဇေမိ =**
**သံဃာတော်ကို ပူဇော်ပါ၏။**
**အမှာကံ အာစရိယံ ဝရံပူဇေမိ =**
**ကျွန်ုပ်တို့၏ ကျေးဇူးရှင်ဆရာမြတ်ဖြစ်သော ဆရာကြီးဦးရွှေအောင်အား ပူဇော်ပါ၏။"**

ဟု ၃-ကြိမ် ရွတ်ဆိုကြ၏။

ထို့နောက်–

'ဆရာ ရေးဖန်

ကျမ်းတန်တန်

ကမ္ဘာပတ်လုံး တည်စေသော်'

"ဗုဒ္ဓမြတ်စွာ

သာသနာ

ရှည်ကြာလေးမြင့် တည်စေသော်"၊

ဟု ၃–ကြိမ်ရွတ်ဆိုပြီး သာဓု ခေါ်ကြ၏။


သူတော်ကောင်းဓာတ် တရားမြတ်

လွှမ်းပတ်ကမ္ဘာ တည်စေသော်။

ဦးလေးကြီး ဦးတင်မောင်

(၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊
သင့်ဘဝအောင်မြင်ရေးနှင့် လူမှုရေးရာ မဂ္ဂဇင်း)

# စာဖတ်နည်း



**စာဖတ်နည်း**

နောက်ဆုံးပြောချင်တာက 'ငါ့လှေ ငါထိုး ပဲခူးရောက်ရောက်' ဆိုတဲ့ ဝါဒဟာ မကွာလိ ဂေါ်သာလ၏ ဝါဒဖြစ်လို့ အင်မတန် အန္တရာယ်ကြီးတယ်ဆိုတဲ့ အချက်ပါပဲ။ ဆင်ခြင်ဖွယ်ပါ၊ သံဝေဂယူဖွယ်ပါ။

'လက်ဖက်ရည် ပန်းကန်ထဲ၌ မုန်တိုင်းကို မြင်ခြင်းသည် မှန်သော မြင်ခြင်း' မဟုတ်ပါ။ ဤသဘောကို စာဖတ်သူများ အနေဖြင့် သတိပြုနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

## စာဖတ်နည်း

'စာပေဟူသည် ခေတ်တစ်ခေတ်၏ ကြေးမုံဖြစ်၏'၊ ဒီလိုဆို ကြတယ်၊ အဲဒီတော့ စာပေထဲမှာ ခေတ်၏ သဘော ပါဝင်တယ်လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် စာဖတ်နည်းကို ဖော်ပြကြခြင်း ဖြစ်တယ်။

စာဖတ် နည်းကို 'SIMAC' လို့ အတိုကောက် ဆိုကြတယ်။ အဲဒီထဲက 'S' ဆိုတာကတော့ 'Situation' ခေတ်၏ အခြေအနေလို့ အကြမ်းဖျင်း အနက် ရတယ်။ 'I' ဆိုတာ ကတော့ 'Intention' စာရေးသူ၏ ရည်ရွယ်ချက်၊ စာရေးသူ၏ စေတနာ ဖြစ်တယ်။ 'M'ဆိုတာကတော့'Matter' အကြောင်းအရာ ဖြစ်တယ်။ 'A'ဆိုတာ ကတော့ 'Approach' ချဉ်းကပ်နည်း ဖြစ်တယ်။ ယခုခေတ်ကတော့ 'ဇောင်း' ပေးခြင်းလို့ ဆိုတယ်။ 'C'ကတော့'Consistency'

အကြောင်းအကျိုး သို့မဟုတ် ရှေ့နှင့်နောက် ဆီလျော်ခြင်း သို့မဟုတ် ညီညွတ်ခြင်းဖြစ်တယ်။

အဲဒီတော့ စာတစ်ပုဒ်ကို ဖတ်ရင်ဖြစ်စေ၊ ရေးရင်ဖြစ်စေ ဒီအင်္ဂါ(၅)ချက်ကို တွေ့အောင် ရှာရတယ်။ ဒီအင်္ဂါ(၅) ချက်ကလဲ ပေါ်ထင်ကြီးတော့ ရှိမနေရဘူး။ ပေါ်ထင်ကြီး ရှိနေပြန်ရင်လဲ ဒေါသ သင့်တယ်လို့ ဆိုပါတယ်။ ရှိတော့ ရှိရမယ်။ သွယ်သွယ်ဝိုက်ဝိုက် ရှိရမယ်။ ဒါမှ ဂုဏ်ရောက်တယ်လို့ ဆိုပါတယ်။ အဲဒီ (၅)ချက်ထဲမှ အရေးအကြီးဆုံးကတော့ ချဉ်းကပ်နည်းပဲ ဖြစ်တယ်။

အကြောင်းအရာ ဆိုတာကတော့ 'ပုံ' ဖော်စရာဖြစ်တဲ့ သဘောမို့ သိပ်ပြီး အရေးကြီးလှတယ်လို့ မသတ်မှတ်ကြပါဘူး။ သူသူ ငါငါ ပြောကြတဲ့ အကြောင်းအရာများအားလုံးကို အကျဉ်းချုံးလိုက်လျှင် 'This' 'ဒီဟာ' ဆိုတာကိုပဲ ရပါတယ်။ လောကီရေးအရပြောပြော၊ လောကုတ္တရာရေးအရ ပြောပြော ဘယ်သူကပဲ ပြောပြော 'ဒီဟာ'ကိုပဲ ပြောကြတာပဲ။

ဒီနေရာမှာ 'ဒီဟာ'ဆိုတာ ပစ္စုပ္ပန်တည့်တည့် မြင်ရ၊ ကြားရ၊ သိရတဲ့ အာရုံများပဲ ဖြစ်ပါတယ်။ ဒီအာရုံများကို ပြောကြတဲ့ နေရာမှာ ချဉ်းကပ်မှု

သို့မဟုတ် ဓောင်းပေးမှုကို လိုက်ပြီး ဝါဒအမျိုးမျိုး ဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းနဲ့ ချဉ်းကပ်တော့ ဒုက္ခ ပွားစီးရေးကို မြင်ရပါတယ်။ ပဋိစ္စသမုပ္ပါဒ် ပဋိလောမနည်းနှင့် ချဉ်းကပ်တော့ ဒုက္ခ ချုပ်ငြိမ်းရေးကို မြင်ရပါတယ်။ ဒုက္ခ ပွားစီးရေးအတွက် ဓောင်းပေးခြင်းကို 'မိစ္ဆာပဋိပဒါ'လို့ ဆိုပါတယ်။ ဒုက္ခ ချုပ်ငြိမ်းရေးအတွက် ဓောင်းပေးခြင်းကို 'သမ္မာပဋိပဒါ'လို့ ဆိုပါတယ်။

ဘာပဲဆိုဆို ကြည့်စရာကတော့ 'သဠာယတန' မှာ ထင်တာ အာရုံတစ်မျိုးတည်းပဲ ဖြစ်ပါတယ်။ ဒီအာရုံ တစ်မျိုးတည်းကိုပဲ 'This' 'ဒီဟာ'လို့ဆိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အကြောင်းအရာထက် ဓောင်းပေးခြင်းက ပို၍ အရေးကြီးပါတယ်။

'This' 'ဒီဟာ'ကိုပဲ ဓောင်းပေးတဲ့အခါမှာ ကွန်မြူနစ်ဝါဒနှင့် ဓောင်းပေးရင် 'This' 'ဒီဟာ'က တစ်မျိုးဖြစ်သွားပါတယ်။ အရင်းရှင်ဝါဒနှင့် ဓောင်းပေးရင် 'This' 'ဒီဟာ'က တစ်မျိုးဖြစ်သွားပါတယ်။ 'This' 'ဒီဟာ'ကတော့ 'This' 'ဒီဟာ'ပါပဲ။ ပရမတ္ထအရ မပြောင်းလဲနိုင်သော်လည်း ပညတ္တိအရတော့ ပြောင်းသွားတာပါပဲ။ ဘာသာရေး စကားနှင့် ပြော

မယ်ဆိုရင် ဝင္ကနိဿိတဝါဒနှင့် ကြည့်ရင် ဒါန သီလ ဘာဝနာက တစ်မျိုးဖြစ်ပြီး ဝိဝဋ္ဋနိဿိတဝါဒ နှင့် ကြည့်ရင် ဒါန သီလ ဘာဝနာက တစ်မျိုး ဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးတဲ့ ဓောင်းကို ပေးချင်လို့ မြတ်စွာဘုရား ပွင့်တော်မူလာခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ဓောင်းဆိုတာကတော့ သမ္မာပဋိပဒါ သို့မဟုတ် ဝိပဿနာသမ္မာဒိဋ္ဌိပါ။ ဒါကြောင့် စာကို ဖတ်သည်ပဲ ဖြစ်ဖြစ်၊ စာကို ရေးသည်ပဲဖြစ်ဖြစ် စာဖတ်နည်းအင်္ဂါ (၅)မျိုးနှင့် ဖတ်တတ်ဖို့ လိုပါတယ်။

ဒီစာဖတ်နည်း(၅)မျိုး ဆိုတာကလည်း တကယ် တော့ နည်းသစ်နည်းဆန်းမဟုတ်ပါ။ နေတ္တိကျမ်းမှာ ပါပြီးဖြစ်တဲ့ ရှေးခေတ် ပိဋကတ်တော်များ လေ့လာရေး နည်းပဲ ဖြစ်တယ်။ ယုတ္တိဟာရ လက္ခဏာဟာရနှင့် စတုဗျူဟာ ဟာရဟာ ဒီစာဖတ်နည်းများထက် ပိုပြီး တော့ စုံပါတယ်။

စာဖတ်တဲ့အခါ ဘာကြောင့် ဒီအင်္ဂါတွေနှင့် ပြည့်စုံဖို့ လိုသလဲ။

ဒါကို သဘောပေါက်ဖို့အတွက် ကွန်ပျူတာတို့ သင်္ချာတို့အကြောင်းကို နည်းနည်းသိဖို့ လိုတယ်။

အဲဒါသိရင် စာဖတ်တဲ့အခါ ဒီအင်္ဂါနှင့် ပြည့်စုံမှ အနက်ကို သိမှာပဲ။ ဒီလို နားလည်လာမယ်။ မဟုတ်လို့ကတော့ သူတစ်လူ ငါတစ်မင်း တစ်ယောက်နှင့်တစ်ယောက် မတူဘဲ သိချင်သလို သိနေကြမှာ။ အဲဒီတော့ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်ပြီး ဓမ္မဓိဋ္ဌာန် ဒါဘယ်ရှိတော့မလဲ။ ဒီလိုဆိုရင် မြန်မာနိုင်ငံမှာ တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတဲ့စာရယ်လို့ ဘယ်လို လုပ်ပြီး ထွက်လာနိုင်တော့မလဲ။

သင်္ချာ ဆိုပါတော့။ သင်္ချာဟာ ရှေးတုန်းက အတော် ခက်တဲ့ ဘာသာ။ ဒေါက်တာဘွဲ့ရဖို့ တော်တော်ခက်တယ်။ ခုတော့ ဒေါက်တာဘွဲ့ရတဲ့သူတွေ များလာပြီ။ များလာပြီဆိုတာ ရှိလာကြလို့ ပြောတာ။ အဲ–ဘာကြောင့်လည်းဆိုရင် လေ့လာနည်းစနစ် ကွာလို့ပဲ ဖြစ်တယ်။ လူကတော့ သိပ်ကွာလှတာမဟုတ်ပါဘူး။ ရှေးကတော့ ဉာဏ်ရည်ဉာဏ်သွေးကို ပဓာနပြုတယ်။ ဒီတော့ ဉာဏ်ကောင်းမှ တတ်တာပေါ့။

ခုတော့ ဒီလိုမဟုတ်ဘူး။ အချက် အလက်ကို ပဓာန ပြုတယ်။ အချက်အလက် ရှာနည်းကို ပဓာန ပြုပြီး သင်တယ်။ အချက်အလက် ရှာတတ်လာရင် တွက်နည်းအဆင့်ကို မြင်လာတယ်။ တွက်နည်းအဆင့်

အတိုင်း တွက်ရင် ဘယ်သူ တွက်တွက် မှန်တာပေါ့။ ကွန်ပျူတာဆိုရင် ပိုထင်ရှားကယ်။ ကွန်ပျူတာမှာ သိစိတ်တောင် မရှိဘူး။

ဒါပေမယ့် အချက်အလက်တွေကို 'ယုတ္တိ'နှင့် အညီ ထည့်ပေးလိုက်ရင် ကွန်ပျူတာက အဖြေထုတ်ပေးလိုက်တာပဲ။ ကွန်ပျူတာဆိုတာ ဘယ်စဉ်းစားတတ်မလဲ။ သိစိတ်မှ မရှိတာ။ ဒါကြောင့် အဖြေထုတ်ဖို့အတွက် အချက်အလက် လိုတယ်။ 'ယုတ္တိ' လိုတယ်။

ဒါဆိုရင် စာဖတ်တဲ့ အခါမှာ အဖြေ 'တစ်သံတည်း' ထွက်ဖို့အတွက် စာဖတ်နည်းပါ အချက်အလက်များ သိဖို့လိုကြောင်း ထင်ရှားတာပေါ့။ အချက်အလက်များကို ပြည့်စုံအောင် မသိရင်တော့ 'ကောင်းတယ်'လို့ ပြောတဲ့ သူက ပြောမယ်။ 'မကောင်းဘူး'လို့ ပြောတဲ့သူက ပြောမယ်။ ဒီတော့ ခက်တာပေါ့။ ဒါကြောင့် စာဖတ်တဲ့ အခါမှာ စာဖတ်နည်းများကို နားလည်အောင် လေ့လာထားသင့်တယ်။

စာဖတ်နည်းကို ပုံစံထုတ်တဲ့အနေနဲ့ 'မကောင်းဘူး၊ အမှားတွေပါတယ်'လို့ ပြောတဲ့ ခမ္မရုံသီ

ဆောင်းပါး အကြောင်းကို ပြောရအောင်။ ပထမ မှားတယ်လို့ ပြောတဲ့အချက်က **'မြတ်စွာဘုရားသည် သန္တိသုခ နိုင်ငံတော်ကို တည်ထောင်တော်မူ၏'** ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။ ဒီနေရာမှာ နိဗ္ဗာန်ကို 'ရွှေပြည်'နှင့် တင်စားလေ့ ရှိပါတယ်။ ရှေးခေတ်ကတော့ ပြည်ပေါ့။ ခုခေတ်ကျတော့ နိုင်ငံ။ ဒီလို ဝေါဟာရ ပြောင်းသွားပါတယ်။ ဒီလို တင်စားတာကိုပဲ သမာဓိဂုဏ်ရောက်တယ်လို့ ဆိုကြတယ်။

သမာဓိဂုဏ်နှင့် ပတ်သက်ပြီး ကာဗျာဒါသမှာ–

**'အညဓမ္မော တတော့ညတြ၊**

**လောကသီမာနုရောဓိနာ'**လို့ ဆိုပါတယ်။ 'သိပြီးသားနဲ့ မသိသေးတာကို ဆွဲခေါ်တဲ့ သဘောကို သမာဓိဂုဏ်'လို့ ဆိုပါတယ်။

ဒီနေရာမှာ ပြည်တို့၊ နိုင်ငံတို့ဆိုတာက သိပြီးသားပါ။ နိဗ္ဗာန်ကတော့ မသိသေးတဲ့ ဓမ္မဆိုပါတော့။ မသိသေး ဆိုတာကလည်း သစ္စိကရဏ သဘောနှင့် မသိခြင်းကို ပြောတာ။ အနုမာနသဘောနဲ့တော့ အားလုံးသိပါတယ်။ ဒါဟာလည်း ပြဿနာမရှိပါဘူး။ နိဗ္ဗာန်ဆိုတာ ပြည်လည်း မဟုတ်ဘူး။ နိုင်ငံလည်း မဟုတ်ဘူး။ အထည်ဒြပ်လည်း မရှိဘူး။ အသင်္ခတ

နိစ္စ-ရူဝ သန္တိသုခ သဘောသက်သက်ပဲလို့ ဗုဒ္ဓဘာသာဝင် အားလုံးက သိပြီးသားပါ။

ဒီသဘောကို လက်ရှိခေတ်အခြေအနေ ရှုထောင့်ကရော၊ ရှေးခေတ် အခြေအနေ ရှုထောင့်ကရော မြင်နိုင်ပါတယ်။ ဗုဒ္ဓ ဘာသာဝင်တို့ရဲ့ အသိဉာဏ် အင်အားကို အထင်သေးလို့ မရပါဘူး။ ဒါက ရှင်းပါတယ်။

မရှင်းတာက တည်ထောင်သူပါ။ သမာဓိဂုဏ်ရဲ့ လက္ခဏာမှာ 'လောကသိမာနုရောဓိနော'လို့ ဆိုပါတယ်။ ပြည်မှန်သမျှ၊ နိုင်ငံမှန်သမျှ တည်ထောင်သူ ရှိရပါတယ်။ ဒါက လောကဓမ္မတာပါ။

'သမာဓိဂုဏ်' ရောက်အောင် တင်စားတဲ့အခါ လောကဓမ္မတာကို လိုက်နာရတယ်။ ဒါမှ သမာဓိဂုဏ် ရောက်တယ်။ လိုက်နာတာကို 'လောကီသိမာနု ရောဓိ' ခေါ်တယ်။ မလိုက်နာရင် 'လောကသိမာ ဝိရောဓိ' ခေါ်တယ်။ လောကဓမ္မတာကို မလိုက်နာမိရင် ဖြစ်စေ၊ တင်စားစရာ ရှိတာကို 'အကုန်လုံး' မတင်စားရင်ဖြစ်စေ 'သသံသယဒေါသ' သင့်နိုင်တယ်။ ဒါက ကာဗျာ ဒါသရဲ့ အဆိုပါ။ ကာဗျာဒါသ၌-

**'နိဂ္ဂဟယတ္တံ ပယုတ္တာနိ၊**

**သံသယံ ဇနယန္တိစေ'** လို့ ဆိုတယ်။ 'အကြောင်းအရာ တစ်ခုကို ဆုံးဖြတ်လို့ ရအောင် ရေးပါ၊ သံသယရှိအောင် မရေးပါနဲ့၊ သံသယရှိအောင် ရေးရင် သံသယဒေါသ သင့်တတ်တယ်'လို့ ဆိုတယ်။ နောက်တစ်ခါ တင်စား စရာရှိရင်လည်း 'အကုန်' တင်စားပါ။ ချန်မထား ပါနဲ့လို့ ကာဗျာဒေါသ ဆရာက သမာဓိဂုဏ်နဲ့ ပတ်သက်ပြီး–

**'ယုဂပန္နေကဓမ္မာနံ၊**

**အရျာ သော စ မတော ယတော'**လို့ မှာပြန်ပါတယ်။ ဒီမှာထားချက်အရ အလင်္ကာရ စာပေ အမြင်မှ သန္တိသုခ နိုင်ငံတော်ကို တည်ထောင်သူဟာ မြတ်စွာဘုရား။ မာယာသုခ နိုင်ငံတော်ကို တည်ထောင်သူက မာရ်နတ်လို့ အပြည့်အစုံ တင်စားခြင်းပါ။ ထာဝရဘုရားကများ ဖန်ဆင်းတာ ဖြစ်လေမလား ဆိုတဲ့ သသံသယ ဒေါသကို မရောက်စေလိုလို့ အပြည့်အစုံ တင်စားခြင်း ဖြစ်တယ်။

အကြောင်းအရာတစ်ခုကို ဆုံးဖြတ်တဲ့အခါ 'ဘက်စုံ' မြင်ဖို့ ကြိုးစားရတယ်။ ဘက်စုံမမြင်ဘဲ ဆုံးဖြတ်ရင် ဒဿန ဆရာများက '**အဒ္ဒဇရာတိယ**

**ပဏ္ဏတ္တိစွ**'လို့ ကဲ့ရဲ့တယ်။ **အဒ္ဒဇရာတိယ**–၏ အနက်က 'တဝက်အို' ဖြစ်တယ်။ သီလက္ခန် ဋီကာသစ် ဆရာကြီးကတော့ '**သတ္တဘင်္ဂီနယ**'လို့ ဆိုပါတယ်။

အကြောင်းအရာ တစ်ခုမှာ မြင်ထောင့်(၇)ခု ရှိတယ်။ ဒီမြင်ထောင့်များဟာ သူ့ထောင့်အလိုက်တော့ တစ်ခုစီအနေနဲ့မှန်တယ်။ ဒါပေမယ့် အပြည့်အစုံတော့ မမှန်ဘူး။ အပြည့်အစုံ မှန်ရလေအောင် ထောင့်(၇)ခု လုံးကို ချေဖျက်ပြီး ပြောရတယ်။ ဒါက 'သတ္တ ဘင်္ဂီနယ'ရဲ့ ဆိုလိုရင်းပါ။ အိန္ဒိယ ဒဿနကတော့ သတ္တဘင်္ဂီနယကို 'သိယာဝါဒ'လို့ ဆိုပါတယ်။ တစ်ခုချင်းစီ အနေနဲ့တော့ ဖြစ်နိုင်ချေရှိတယ်လို့ ဆိုတာပါ။ ဒါပေမယ့် အားလုံးကျတော့ 'မှားတယ်' လို့ ဆိုလိုတာပါ။ ဥပမာအနေနဲ့ ပြောရရင် မျက်မမြင် ပုဏ္ဏား(၆)ယောက် ဆင်ကို လက်နဲ့စမ်းပြီး ပြော သလိုပါ။ သူ့ဟာနဲ့ သူတော့ အမှန်ပဲ။ တစ်ခုလုံး အတွက် မှန်သလားဆိုတော့ မမန်ဘူး။

နိုင်ငံတော် နှစ်ခုရှိတယ်။ မာယာသုခ နိုင်ငံ တော်နှင့် သန္တိသုခ နိုင်ငံတော်။ ဒါတွေဟာ သမာဓိ ဂုဏ်အတွက် အားလုံး တင်စားချက်တွေပါ။ တင်စား တာလား၊ မှုချလားလို့ ခွဲမသိတဲ့လူ ဗုဒ္ဓဘာသာဝင်ထဲမှာ

'ရှိမှာ မဟုတ်ပါဘူး။ အရိယာများဟာ ဘဝချမ်းသာ၌ မမွေ့လျော်ကြဘူး။ သုဒ္ဓါဝါသ ဘုံများ၌ပင် နေရစေကာမူ ဘဝချမ်းသာ၌ မမွေ့လျော်ကြဘူး။ ဘဝဟာ သုခမဟုတ်ဘူး။ ဒုက္ခဆိုတာ သူတို့သိကြတယ်။

ဒါကြောင့် ဘုံဘဝ၌ ငြီးငွေ့ပြီး ဘုံဘဝမှ အားလုံး လွတ်မြောက်လိုကြတယ်။ ကိုယ်က နေပေမယ့် စိတ်က မနေဘူး။

ဒီသဘောကို ရည်ရွယ်ပြီး **'မာယာသုခနိုင်ငံတော်၌ အရိယာများ နေတော်မမူကြချေ'**လို့ ဆိုတာပါ။ ဒါဟာလည်း တင်စားတာပါ။ သမာဓိဂုဏ်အတွက် တင်စားခြင်းပါ။ တင်စားမှန်းလည်း သိကြပါတယ်။ ဗုဒ္ဓဘာသာ စာဖတ်ပရိသတ်ဟာ မညံ့လှပါဘူး။ ဒါပေမယ့် **"ညံ့လွန်း'ရင်လည်း အန္တရာယ်မရှိဘူး။ 'တော်လွန်း'ရင်လည်း အန္တရာယ်မရှိဘူး။ မညံ့တည့် (ဝါ) မကျက်ဟကျက်သာ အန္တရာယ်ရှိတယ်လို့ လောကနီတိ ဆရာကလည်း 'အပ္ပပညော မဟာသကော၊ အပ္ပပူရော ဃဋော ခါသော"** လို့ ဆိုတယ်။ အင်္ဂလိပ် စကားပုံကလည်း 'Little knowledge is dangerous'လို့ ဆိုပါတယ်။ ဒီအဆင့်မျိုး ဗုဒ္ဓဘာသာ စာဖတ်ပရိသတ်ထဲမှာ မရှိပါဘူး။

'မြတ်စွာဘုရားသည်သာ သန္တိသုခ နိုင်ငံတော်ကို သိတော်မူ၏'လို့ ဆိုတာကလည်း စာဖတ်တဲ့အခါ

၁။ ခေတ်နှင့် ခေတ်၏အခြေအနေကို သိမယ်

၂။ စာရေးသူ၏ ဦးတည်ချက်ကို သိမယ်

၃။ အကြောင်းအရာကို သိမယ်

၄။ ချဉ်းကပ်ထောင့်ကို သိမယ်

၅။ ရှေ့နှင့်နောက် ညီညွတ်မှု ရှိ–မရှိကို သိမယ်။

ဒီ(၅)ချက်ကို သိထားရင် စာပိုဒ်ရဲ့ အနက်မှန်ကို သိပါတယ်။ အနက်မှန်သိရေးအတွက် ဒီ(၅)ချက်ဟာ အနည်းဆုံး လိုအပ်ချက်ပဲ။ ဒီ(၅)ချက်ကိုမှ သိမထားရင်တော့ စာတစ်ပိုဒ်၏ အနက်ကို သိဖို့ခက်တယ်။

ခေတ်နှင့် ခေတ်၏အခြေအနေကို ကြည့်မယ်ဆိုရင် မဟာသက္ကရာဇ် (၁၀၃) ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှ ဝါဆိုလပြည့်ကျော်(၅)ရက် မတိုင်မီ တစ်လ ကျော်ကာလ အခြေအနေကို သိဖို့လိုမယ်။ အလောင်း တော်မင်းသားဟာ 'စကြဝတေး'ဖြစ်အောင် မလုပ်ဘူး။ 'ဘုရား' ဖြစ်အောင် လုပ်မယ်ဆိုပြီး ကျင့်တော်မူ လိုက်တာ ခု ဘုရားဖြစ်ပြီ။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီ။ သစ္စာလေးပါးကို သိပြီ။ ဒီအချိန်မှာ

နိဗ္ဗာန်ကိုသိတာ မြတ်စွာဘုရား တစ်ပါးတည်း ရှိသေးတယ်။ ဒါက တစ်ချက်။

နောက် တစ်ချက်က မြတ်စွာဘုရားသည် 'အတုလ' ဖြစ်တယ်။ 'ဧကပုဂ္ဂလ' ဖြစ်တယ်။ ဒါမှန်တယ်။ နောက် ပဋ္ဌဝဂ္ဂီတို့ သောတာပန်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။ သစ္စာလေးပါးကို သိတယ်။ ဝါဆိုလပြည့်ကျော် ငါးရက်နေ့ကျတော့ အားလုံး ရဟန္တာ ဖြစ်သွားကြတယ်။ ဒီတော့ 'သန္တိသုခ'ကို သူတို့လည်း သိတာပေါ့။ အားလုံး နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့နေရာမှာ၊ သစ္စာလေးပါးကို သိတော်မူတဲ့ နေရာမှာ အတူတူပဲ။ ဘာမှမထူးဘူး။

ဒီလိုဆိုကြတယ်။ ဒါက အာရုံပိုင်းဆိုင်ရာ ပြဿနာ 'Ontological View'အနေနဲ့ ပြောကြခြင်း ဖြစ်တယ်။ သိမှုပိုင်း ဆိုင်ရာ ပြဿနာ 'Epistemological View' အနေနဲ့ကျတော့ မတူဘူး။ ထူးတယ်။

မြတ်စွာဘုရား၏ အရဟတ္တမဂ် ဉာဏ်က သဗ္ဗညုတ'ထိုက်တဲ့ ဉာဏ်။ အခြား အရိယာများ၏ အရဟတ္တမဂ်ဉာဏ်က သဗ္ဗညုတ မထိုက်ဘူး။ ဒါကြောင့် မြတ်စွာဘုရားသည် အရဟတ္တမဂ်

ဉာဏ်ကိုရတာနဲ့ သဗ္ဗညုတဉာဏ်ရခြင်း ကိစ္စကိုပါ ပြီးစီးစေနိုင်ခြင်း ဖြစ်ကယ်။ ဒါက ချဉ်းကပ်နည်းနဲ့ ဆိုင်တဲ့အနက်ပါ။

သဗ္ဗညုတအရ 'အားလုံးကို သိတယ်' ဆိုတဲ့ နေရာမှာ အားလုံးဟာ (၂)မျိုး ရှိတယ်။ အရေအတွက်အရ အားလုံးနှင့် အရည်အချင်းအရ အားလုံး ဖြစ်တယ်။ အရေအတွက်အရ အားလုံးဆိုတာ သိစရာ မှန်သမျှ တစ်ခုမှမကျန် အားလုံးကိုသိခြင်းဖြစ်တယ်။ ဒါဟာ အာရုံပိုင်းဆိုင်ရာ ပြဿနာပါ။

အဲဒီ သိစရာတွေ သိတဲ့အခါမှာ အားလုံးကို တစ်ပြိုင်နက် သိတာမဟုတ်ဘူး။ တစ်ခုစီ တစ်ခုစီ အာရုံပြုပြီး သိတာ။ ဥပမာအားဖြင့် 'က'ကိုသိတယ် ဆိုရင် အခြား ပုဂ္ဂိုလ် များက 'က'နှင့် ပတ်သက်သမျှ အားလုံးကို မသိဘူး။ ဒါကြောင့် 'သဗ္ဗညု' မဟုတ်ဘူး။ မြတ်စွာဘုရားကတော့ 'က'ကို သိရင် 'က'နှင့် ပတ်သက်တာ အားလုံးကို သိတယ်။ 'ခ'ကို သိရင် လည်း 'ခ'နှင့် ပတ်သက်တာ အားလုံးကို သိတယ်။ ဒါကြောင့် 'သဗ္ဗညု'ဖြစ်တယ်။

'သဗ္ဗညု' ဖြစ်လောက်အောင်လည်း အရဟတ္တ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတုန်းက

ဝါသနာနှင့်တကွ ကိလေသာတွေအားလုံးကို ပယ်နိုင်သောကြောင့် ဖြစ်တယ်။ **ဥပါဒါနပစ္စယာ ဘဝေါ** (ဇော)–အရ ဝါသနာဟာ သိမှုအပေါ်မှာ ဘယ်လောက်လွှမ်းမိုးနိုင်တယ်ဆိုတာ ထင်ရှားပါတယ်။ 'ဣဿာ' ဝါသနာပါတဲ့သူဟာ သူတစ်ပါးကို 'ဣဿာ' မျက်စိနဲ့ပဲ မြင်တတ်တယ်။ 'လောဘ' ဝါသနာပါကဲ့သူဟာ ဘာကို ကြည့်ကြည့် 'လောဘ' မျက်စိနဲ့ပဲ ကြည့်တတ်တယ်။

ဒီတော့ ကိလေသာကို ဝါသနာနှင့်တကွ ပယ်သတ်နိုင်ခြင်းသည် သဗ္ဗညုတဉာဏ် ရခြင်း၏ အကြောင်းဖြစ်တယ်။ အာရုံပိုင်း အနေနဲ့ကတော့ နိဗ္ဗာန်ဟာ အပြောင်းအလဲ မရှိဘူး။ 'This' ဒီဟာ–ဒီဟာပဲ။

အာရမ္မဏိကပိုင်း အနေကျတော့ အပြောင်းအလဲ ရှိတယ်။ လောကမှာ မြတ်စွာဘုရားနှင့် ရည်တူ သိသူရယ်လို့ မရှိပါဘူး။ လောကမှာလဲ ဆိုရိုးရှိတယ်။ အကြောင်းအရာ တစ်ခုနှင့် ပတ်သက်ပြီးတော့ အသိဆုံးဖြစ်ရင် 'သူသာသိတာ၊ တခြား 'သူ့'လောက် ဘယ်သူမှမသိဘူး' ဒီလို ပြောရိုးဆိုစဉ် ရှိတယ်။

ဒါကြောင့် ခေတ်နှင့် ခေတ်၏ အခြေအနေမှ ကြည့်ရင်လဲ ထိုအချိန်မှာမြတ်စွာဘုရားတစ်ပါးတည်းပဲ

သစ္စာလေးပါးကို သိသူ ရှိသေးတာ။ ဒီနောက် သိမှုဆိုင်ရာ မြင်ကွင်း'Epistemological View'က ကြည့်ရင်လည်း မြတ်စွာဘုရားဟာ သစ္စာ လေးပါးကို သိတဲ့နေရာမှာပဲဖြစ်ဖြစ်၊ အခြား ဘယ်နေရာမှာပဲ ဖြစ်ဖြစ် 'အတုလ'ပါ၊ 'ကေပုဂ္ဂလ'ပါ။ သဒ္ဒါနည်းအရ ဆိုရင်တော့ **'သဒ္ဒါဝိကော အတ္ထာဝိကော'**ပေါ့။

ဒီတော့ ဘက်စုံကြည့်နည်းအရ ကြည့်လျှင် ဒီစာပိုဒ်ဟာ မမှားပါဘူး။ ဆင်ရဲ့အစွယ်ကိုသာ စမ်းမိပြီး 'ဆင်'ဟာ 'သန်လျက်လိုပဲ'လို့ ပြောတဲ့ မျက်မမြင် ပုဏ္ဏားအမြင်မျိုးနဲ့ ကြည့်ရင်တော့ စာတစ်ပိုဒ်၏အနက်ကို မှန်အောင်သိဖို့ မလွယ်ဘူး။

နောက်တစ်ချက်က **'နာနာကမ္မဏိက 'ကံ' ဟာ ဥပါဒ် ဌီ ဘင် မရှိဘူး'** ဒီအဆိုကို မှားတယ်လို့ ဆိုကြတယ်။

အမှန်ကတော့ မမှားပါဘူး။

ပဋ္ဌာန်း အရဆိုရင် 'ကံ'ဆိုတာ စော စေတနာပဲ။ ဒီတော့ ပထမ စောစေတနာကို ပြောရမယ်ဆိုရင် မိမိ မချုပ်ခင်အခိုက်မှာ သဟဇာတကမ္မ ဖြစ်တယ်။ ဒီတော့ 'ကမ္မ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ အတ္ထိ အဝိဂတ'လို့ (၆)ပစ္စည်း ပြိုင်နိုင်တယ်။

ဒီမှာ အတ္တိနှင့် အဝိဂတ ပါတယ်။ အတ္တိနှင့် အဝိဂတ ပါတော့ သဟဇာတကမ္မမှာ ဥပါဒ် ဌီ ဘင် ရှိတဲ့သဘောကို ပြောတာ။ **ဒါက 'သဟဇာတကမ္မ' အနိုက်။**

နောက် ပထမ ဇော ချုပ်သွားပြီ။ ဒုတိယဇော ဝင်လာတယ်။ ဒုတိယ ဇောဝင်လာတော့ ပထမ ဇောက သဟဇာတကမ္မကနေ အနန္တရကမ္မ(အာသေဝန) ဖြစ်သွားတယ်။ ဒီတော့ ပထမဇောက ကမ္မ (အာသေဝန)၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတလို့ (၆)ပစ္စည်းပြိုင်တယ်။ ဒီမှာ နတ္ထိနှင့် ဝိဂတပါတယ်။ နတ္ထိနှင့်ဝိဂတဆိုတာ ဥပါဒ် ဌီ ဘင် မရှိတဲ့ သဘောကို ပြောတာ။

နောက် ဒုတိယဇော ချုပ်သွားပြီ။ တတိယဇော ဝင်လာတယ်။ ဒီမှာ ဒုတိယဇောက တတိယဇောအား ကမ္မ (အာသေဝန)၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ လို့ (၆)ပစ္စည်း ပြိုင်တယ်။ ပထမဇောက တတိယဇောအား ကမ္မ (နာနာက္ခဏိက) ဥပနိဿယ လို့ (၂) ပစ္စည်းပဲ ပြိုင်တယ်။

ဒီမှာဆိုချင်တာက 'ပထမဇော'သည် မိမိဥပါဒ် ခိုက် သဟဇာတကမ္မ ဖြစ်တယ်။ ဥပါဒ် ဌီ ဘင်

ဟူ၍ ခဏာငယ် သုံးချက် ရှိတယ်။ ဒုတိယဇော ဝင်လာတယ်။ ဒီတစ်ခါ 'ပထမဇော' သည် အနန္တရကမ္မ (အာသေဝန) ဖြစ်သွားတယ်။ ဥပါဒ် ဌီ ဘင် ဟူ၍ ခဏာငယ် သုံးချက် မရှိတော့ဘူး။ နောက် တတိယဇော ဝင်လာတယ်။ ဒီအခါ 'ပထမဇော'သည် နာနာက္ခဏိကကမ္မ ဖြစ်သွားတယ်။ ဥပါဒ် ဌီ ဘင် ဟူ၍ မရှိတော့။ 'ဇော' တွေဟာ ဒီသဘောချည်းပါပဲ။

ဒါဖြင့် 'ဥပါဒ် ဌီ ဘင် မရှိရင် ဘာမျှ မရှိတော့ဘူးလား'လို့ မေးရင်တော့ နိဗ္ဗာန် မရမချင်း သတ္တိအနေနဲ့ အရိပ်ပမာ သန္တာန်၌ အစဉ်လိုက်ပါတယ်။

ဒီပဋ္ဌာန်းဒေသနာကို ထောက်ရင် နာနာက္ခဏိကကမ္မဟာ ဥပါဒ် ဌီ ဘင် ဆိုတဲ့ ခဏတ္တယဟာ မုချ အားဖြင့် မရှိဘူးဆိုတာ ထင်ရှားပါတယ်။ ဥပစာရ အားဖြင့် ရှိတယ်လို့ ဆိုချင်ရင်တော့ ဆိုပါ။

နောက်တစ်ချက်က **'ဘဝ ပွားစီးရေးအတွက် လုပ်တဲ့ ဒါန သီလ ဘာဝနာဟာ သာသနာတော်ကို ဖျက်လိုစိတ် မရှိပါဘဲနဲ့ ဖျက်ဆီးရာ ရောက်တယ်'** ဆိုတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ မမှားကြောင်း သံဃ၊ ၂၊ ၁၈ (ပဋိပဒါ) သုတ်မှာ–

> ယံ ဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပဝတ္တတ္ထာ
> ပဝတ္တိတံ၊ အန္တမသော ပဉ္စာဘိညာ အဋ္ဌ ဝါ
> သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသိသန္တိ၊
> ဝဋ္ဋသိသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ-

လို့ ဆိုတယ်။ မြတ်စွာဘုရား ပွင့်တော်မူလာတာက 'သမ္မာပဋိပဒါ'ကို ဟောချင်လို့ ပွင့်လာတာ။ ဒီတော့ 'မိစ္ဆာပဋိပဒါ' နှင့် 'သမ္မာပဋိပဒါ' ဟာ ပြောင့်ပြောင့် ဆန့်ကျင်ပါတယ်။

ဒီတော့ စာတစ်ပုဒ်ရဲ့ အနက်မှန်ကို သိချင်ရင် စာဖတ်နည်းကို သိမှ။ စာဖတ်နည်းကို သိချင်ရင် နေတ္တိကျမ်းကို လေ့လာမှ။ အကုန်လုံး မလေ့လာ နိုင်ရင်တောင် 'ယုတ္တိဟာရ၊ လက္ခဏာဟာရ၊ စတုဗျူဟာ ဟာရ'ကိုတော့ သိမှဖြစ်မယ်။

ဆောင်းပါးရှင်တွေဟာ သူ့ပရိသတ်နှင့် သူပါ။ အမြင်ချင်း တူကြရင် အကြိုက်ချင်း တူကြတာပဲ။ ခက်တယ်၊ လွယ်တယ်မဟုတ်ပါဘူး။

ဓမ္မရံသီ မဂ္ဂဇင်းပါ 'ချမ်းသာကို ရှာဖွေခြင်း' ဆောင်းပါးရဲ့ ဦးတည်ချက်က ဘဝကို မဇ္ဈိမပဋိပဒါနှင့် ကြည့်တတ်ရင် 'သန္တိသုခ' ကို ရတယ်လို့ ဆိုတာပါ။

အကြောင်းအရာကတော့ ပဋိစ္စသမုပ္ပါဒ်ကို အခြေခံပြီး ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပေါင်းသုံးသုတ်ကို ရေးခြင်းပါ။ ဒီသုံးသုတ်ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ပထမဦးဆုံးလည်းဖြစ်၊ အရေး အကြီးဆုံးလည်း ဖြစ်၊ အခြေခံ အကျဆုံးလည်း ဖြစ်လို့ပါပဲ။ ဆောင်းပါးအမှတ်စဉ်က (၁၇)ရှိသွားပြီ။

နောက်ဆုံး ပြောချင်တာက 'ငါ့လှေငါထိုး ပဲခူး ရောက်ရောက်' ဆိုတဲ့ ဝါဒဟာ မက္ခလိဂေါသာလ၏ ဝါဒဖြစ်လို့ အင်မတန် အန္တရာယ်ကြီးတယ် ဆိုတဲ့ အချက်ပါပဲ။ ဆင်ခြင်ဖွယ်ပါ။ သံဝေဂ ယူဖွယ်ပါ။

**'လက်ဖက်ရည် ပန်းကန်လုံးထဲ၌ မှန်တိုင်းကို မြင်ခြင်းသည် မှန်သော မြင်ခြင်း'** မဟုတ်ပါ။ ဤသဘောကို စာဖတ်သူများ အနေဖြင့် သတိပြုနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

❐

ဘဝအကျဉ်းသား



## ဘဝအကျဉ်းသား

ပုထုဇဉ်တို့သည် တိရစ္ဆာန်ဘဝ, လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ စသည်ဖြင့် သံသရာ၌ ထက်အောက် စုန်ဆန် မျောလိုက် မြုပ်လိုက် ဖြင့်သာ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ရွှေ့ပြောင်း၍ အကျဉ်းစံ ဖြစ်လျက် ရှိကြပါ၏။ ထို့ကြောင့် ပုထုဇဉ်တို့ကို 'ဘဝအကျဉ်းသား' ဟူ၍ ဆိုရ၏။

## ဘဝအကျဉ်းသား

သတ္တဝါတိုင်းတွင် 'ဘဝ'ရှိ၏။ ဘဝဟူသည် ခန္ဓာ ငါးပါးတို့၏ အစုအဝေး ဖြစ်၏။ ခန္ဓာ ငါးပါးအပြင် ပရမတ္ထသစ္စာအားဖြင့် အခြားတစ်စုံတစ်ခုသော ဓမ္မ ဟူ၍ မရှိ။ သို့ဖြစ်ပါလျက် ခန္ဓာငါးပါးအပြင် သမ္မုတိ သစ္စာအနေဖြင့်မူ ပုဂ္ဂိုလ် သတ္တဝါဟူ၍ ရှိသေး၏။ မိမိဟူ၍လည်း ရှိသေး၏။ မိမိ၏မိခင်၊ ဖခင်၊ ဆရာ၊ မိတ်ဆွေ၊ ခင်ပွန်း၊ ဇနီး စသည်အားဖြင့်လည်း ရှိသေး၏။ သူတော်စင်၊ သူယုတ်မာ ဟူ၍လည်း ရှိသေး၏။ ထိုမျှလောက်သာ ရှိသည်ဟု ယူလျှင် တော်သေး၏။

သို့ရာတွင် ထိုမျှမက သတ္တဝါတိုင်း၌ မပျက်စီး သော 'အတ္တရှိ၏'ဟု ယူသေး၏။ ထိုသို့ ယူသဖြင့်သာ ကောင်းမှုနှင့် မကောင်းမှုတို့ကို ပြုနိုင်ခြင်း ဖြစ်၏။

ဒီပါစိုးစာပေ

သို့ရာတွင် ပရမတ္ထသစ္စာအမြင်ဖြင့်ကား ပုဂ္ဂိုလ် သတ္တဝါရှိသည်ဟူ၍ လည်းကောင်း၊ အတ္တ ရှိသည် ဟူ၍ လည်းကောင်း ယုံကြည်လျှင် သက္ကာယ ဒိဋ္ဌိဖြင့် မြင်ရာရောက်၏။ သက္ကာယဒိဋ္ဌိကိုပင် အတ္တဒိဋ္ဌိ ဟူ၍လည်း ဆိုရ၏။

သက္ကာယဒိဋ္ဌိဟူသည်မှာ ပရမတ္ထ အားဖြင့် သင်ရှားရှိသော၊ ခန္ဓာငါးပါး၌ ထင်ရှား မရှိသော၊ မပျက်စီးသော အတ္တရှိသည်–ဟု မြင်သော အမြင် ဖြစ်၏။ သက္ကာယဒိဋ္ဌိသည် မှားယွင်းသော အမြင် အားလုံးတို့၏ မူလဘူတ ဖြစ်၏။ အပါယ် မျိုးစေ့ လည်း ဖြစ်၏။

သက္ကာယဒိဋ္ဌိသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိပါဘဲလျက် ထင်ရှားရှိသော ခန္ဓာငါးပါးမှ မည်သို့ ဖြစ်ပေါ်လာပါလေသနည်း။ ဤသည်မှာ မေးသင့် သော မေးခွန်းဖြစ်၏။

ဤမေးခွန်းအရ ခန္ဓာငါးပါးသည် ပရမတ္ထ အားဖြင့် ထင်ရှား ရှိ၏။ သက္ကာယဒိဋ္ဌိ ခေါ် 'အတ္တ'သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ထင်ရှား မရှိသော်လည်း ခန္ဓာငါးပါးအပေါ်၌ မှီ၏။ ခန္ဓာ ငါးပါးမှ ထွက်ပေါ်လာခြင်း ဖြစ်၏။ သို့ဖြစ်၍

သက္ကာယဒိဋ္ဌိခေါ် အတ္တသည် မူလဘူတအားဖြင့် 'အရှိ' တရား မဟုတ်၊ 'အဖြစ်'တရားသာ ဖြစ်၏။

ထို့ကြောင့် ခန္ဓာငါးပါး အပေါ်၌ မှီ၍ ဖြစ်ပေါ်ရသော သက္ကာယဒိဋ္ဌိခေါ် အတ္တသည် ခန္ဓာငါးပါးတို့၏ အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည့် သဘောနှင့် ယင်းတို့၏ ချုပ်ရာသဘောကို အရိယ သစ္စာဉာဏ်မျက်စိဖြင့် မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ပျောက်သွားရ၏။ အရိယ ဉာဏ်မျက်စိဖြင့် ထိုသို့ မမြင်သေးသရွေ့ကာလပတ်လုံး 'အတ္တ' သည် ပျောက်လိမ့်မည် မဟုတ်။

'အတ္တ' မပျောက်သေးသရွေ့ ကာလပတ်လုံး လူသည် ဘဝ၏ အကျဉ်းသားအဖြစ်မှ လွတ်လိမ့်မည် မဟုတ်။ ထိုအခါ 'လွတ်မြောက်ပြီ' ဟူသော ဉာဏ်သည်လည်း ဖြစ်နိုင်မည် မဟုတ်။ 'ဇာတိကုန်ပြီ' ဟူ၍လည်း ကျူးရင့်နိုင်မည် မဟုတ်။

'အတ္တ'ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ခန္ဓာငါးပါးတို့၏ ပေါင်းစုခြင်းသဘောကို နားလည်အောင် ဆိုရလျှင် **'ပေါင်း'**ခြင်းနှင့် **'ရော'**ခြင်း သဘောကို နားလည်အပ်၏။ 'ပေါင်း'ခြင်းဟူသည်မှာ ဆိုင်ရာဆိုင်ရာ အစိတ်အပိုင်းတို့ကို စနစ်တကျ စုပေါင်းရာမှ ထွက်ပေါ်လာသော 'အားသစ်' တစ်မျိုး ဖြစ်၏။

ယင်းအားသစ်သည် မူလ အစိတ်အပိုင်း တစ်ခုစီ တစ်ခုစီ၌ မရှိ၊ အတ္တဖြစ်ပုံနှင့် ပတ်သက်၍ 'ယာဉ်' ဥပမာကို ဆိုကြ၏။

မော်တော်ယာဉ်တစ်စီးတွင် ပါဝင်သော အစိတ်အပိုင်းအားလုံးကို စနစ်တကျ တပ်ဆင်ပြီးနောက် 'စက်'ကို နှိုး၍ မောင်းနှင်သောအခါ မော်တော်ယာဉ်သည် ပြေးသွားလေ၏။ ထိုသို့ ပြေးသွားသော သဘောသည် မော်တော်ယာဉ်၏ အစိတ်အပိုင်း တစ်ခုစီ တစ်ခုစီ၌ မရှိ၊ အစိတ်အပိုင်း တစ်ခုစီ တစ်ခုစီကိုလည်း မော်တော်ယာဉ် ဟူ၍ မဆိုရ၊ အစိတ် အပိုင်းအားလုံးကို စနစ်တကျ ပေါင်းစပ်လိုက်သော အခါမှသာ မော်တော်ယာဉ် ဟူ၍ ဆိုရ၏၊ မော်တော်ယာဉ် အဖြစ်သို့ ရောက်သော အခါမှသာ ပေါ်လာရ၏။

ဤစွမ်းအားသစ်သဘောသည် သင်္ခါရလောကတွင် မှားယွင်းသော အမြင်အရ အတ္တဟူ၍ ဖြစ်လာ၏။ မှန်သော အမြင်အရဆိုလျှင် ဘဝသာ ဖြစ်၏။

'ရောနှော'ခြင်း သဘောအရဆိုလျှင် မော်တော်ယာဉ်၏ ဆိုင်ရာ ဆိုင်ရာ အစိတ်အပိုင်းအားလုံးကို စနစ်တကျ တပ်ဆင်ခြင်းမျိုး မဟုတ်ဘဲ ရောနှောရုံ

မှုသာ ရောနှောထားလျှင် မော်တော်ယာဥ် ဟူသော အမည်ကိုလည်း မရ၊ ပြေးသွားနိုင်ခြင်း စွမ်းအားသစ် သည်လည်း ထွက်ပေါ်မလာနိုင်။ ဤသည်မှာ ပေါင်း ခြင်းနှင့် ရောခြင်းတို့၏ ခြားနားမှုဖြစ်၏။

ဒသာန ဝေါဟာရအားဖြင့် ပေါင်းခြင်းကို 'သမ ဝါယသမ္ဗန္ဓ' ဟု ခေါ်၏။ ရောခြင်းကို 'သံယောဂ သမ္ဗန္ဓ'ဟု ခေါ်၏။ 'သမဝါယသမ္ဗန္ဓ'နှင့် ပေါင်းပါက မူလ အစိတ်အပိုင်းများ၌ မရှိသော စွမ်းအားသစ်သည် ထွက်ပေါ်လာရ၏။ 'သံယောဂသမ္ဗန္ဓ'နှင့် ရောပါက စွမ်းအားသစ်သည် ထွက်ပေါ်လာခြင်း မရှိ။

'ဘဝ' ဟူသည်မှာလည်း ထိုနည်းသဘောပင် ဖြစ်၏။ လူ၏ ခန္ဓာငါးပါးကို စနစ်တကျ ပေါင်းစပ် လိုက်ပါက ခန္ဓာငါးပါးမှ စွမ်းအားသစ်တစ်မျိုးသည် ပေါ်ထွက်လာရ၏။ ဤစွမ်းအားသစ်ကို မိစ္ဆာဒိဋ္ဌိ အမြင်ဖြင့် 'အတ္တ'ဟူ၍ ခေါ်ကြ၏။ သမ္မာဒိဋ္ဌိအမြင် ဖြင့်မူ ဤစွမ်းအားသစ်ကို 'ဘဝ' ဟူ၍ ခေါ်၏။

ဤစွမ်းအားသစ်ကား အလွန် အစွမ်းထက်သော စွမ်းအားသစ်ဖြစ်၏။ ခန္ဓာငါးပါး စွမ်းအားသစ်သည် 'အတ္တ' သို့မဟုတ် ဘဝပေါ်လာအောင် ခန္ဓာငါးပါး ကို 'သမဝါယသမ္ဗန္ဓ'ဖြင့် မည်သို့စနစ်တကျ ပေါင်းစပ်

ထားပါသနည်း။ ဤမေးခွန်းမှာလည်း မေးသင့်သော မေးခွန်းပင် ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဖြေရလျှင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတို့က ခန္ဓာငါးပါးကို 'ဘဝ' အနေဖြင့် ပေါ်လာအောင် စနစ်တကျ ပေါင်းစပ်၏။ ထိုသို့ ပေါင်းစပ်ရာတွင် ထိုက်သင့်သလို သတ္တဝါတို့၏ ဗီဇဓာတ် 'အနုသယ' အနေဖြင့်လည်း ပေါင်းစပ်၏။ အရာဓာတ် 'အာသဝေါ' တရားများ အနေဖြင့်လည်း ပေါင်းစပ်၏။ ရေဝဲ 'ဩဃ' အနေဖြင့်လည်း ပေါင်းစပ်၏။ ကော်စေး 'ယောဂ' အနေဖြင့်လည်း ပေါင်းစပ်၏။ သံကွင်းဆက် 'ဂန္ထ' အနေဖြင့်လည်း ပေါင်းစပ်၏။ အပိတ်အဖုံး 'နီဝရဏ' အနေဖြင့်လည်း ပေါင်းစပ်၏။ ညစ်နွမ်းမှု 'ကိလေသာ' များ အနေဖြင့်လည်း ပေါင်းစပ်၏။ ဤသို့ ပေါင်းစပ်ခြင်းအားဖြင့် မိစ္ဆာဒိဋ္ဌိအမြင်အရ ခန္ဓာငါးပါး၌ အလွန် အင်အားကြီးမားသော 'အတ္တ' သည် အဖြစ်တရားအနေဖြင့် ပေါ်ထွက်လာ၏။

အမှန်အားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါဟူသည် ပရမတ္ထသစ္စာအနေဖြင့် မရှိစေကာမူ သမ္မုတိသစ္စာအနေဖြင့်ကား ရှိပါသေး၏။ အတ္တမှာမူ ပရမတ္ထသစ္စာ အနေအားဖြင့်လည်း မရှိ၊ သမ္မုတိသစ္စာအနေအားဖြင့်

လည်း မရှိ၊ မိစ္ဆာဒိဋ္ဌိအမြင်အားဖြင့်သာ ရှိလေ၏။ မိစ္ဆာဒိဋ္ဌိအမြင် ရှိနေသရွေ့ ကာလပတ်လုံး ဘဝမှ လွတ်မြောက်ရာ 'နိရောဓသစ္စာ'ကို မမြင်နိုင်။

ထိုအခါ ပုထုဇဉ်တို့သည် တိရစ္ဆာန်ဘဝ၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ စသည်ဖြင့် သံသရာ၌ ထက်အောက်စုန်ဆန် မျောလိုက်၊ မြုပ်လိုက်ဖြင့်သာ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ရွှေ့ပြောင်း၍ အကျဉ်းစံ ဖြစ်လျက် ရှိကြပါ၏။ ထို့ကြောင့် ပုထုဇဉ်တို့ကို **'ဘဝအကျဉ်းသား'** ဟူ၍ ဆိုရ၏။ အကျဉ်းထောင် တစ်ခုမှ အကျဉ်းထောင်တစ်ခုသို့ ပြောင်းရွှေ့နေရဘိ သကဲ့သို့ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့ နေရ၏။ ဤသည်မှာ ပုထုဇဉ်တို့၏သဘာဝဖြစ်၏။

လက်တွေ့အားဖြင့်ဆိုရလျှင်လည်း လူ့ဘဝတွင် အပိုင်းလေးပိုင်း ရှိ၏။ ပထမအပိုင်းသည် နှစ်နှစ် ခြိုက်ခြိုက် 'အိပ်ပျော်'သော အပိုင်းဖြစ်၏။ ဒုတိယ အပိုင်းမှာ 'အိပ်မက်'မက်သော အပိုင်းဖြစ်၏။ တတိယ အပိုင်းမှာ'နိုး'နေသော အပိုင်းဖြစ်၏။ စတုတ္ထအပိုင်းမှာ 'သစ္စာလေးပါး'ကိုသိမြင်၍ အရိယာ အဖြစ်သို့ ရောက် သွားသော အပိုင်းဖြစ်၏။ ထိုအပိုင်း လေးပိုင်းတို့တွင် ပုထုဇဉ်များအနေဖြင့် ပထမအပိုင်းသုံးပိုင်းမှာ အကျွမ်း ဝင်ပြီး ဖြစ်ကြ၏။ တွေ့ကြုံ ခံစားဖူးပြီး ဖြစ်ကြ၏။

အတွေ့အကြုံအရ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသောအခါ ဘာကိုမျှ မသိ။ အဘိဓမ္မာဒေသနာတော်အရ အိပ်ပျော်နေသောအခါ 'ဝီထိစိတ်'များ မဖြစ်ဘဲ 'ဘဝင်စိတ်'များသာဖြစ်ကြ၏။ ဘဝင်စိတ်များသည် လွန်ခဲ့သော အတိတ်ဘဝက အာရုံများကိုသာ အာရုံပြုကြ၏။ ယင်းအာရုံများသည် ပဋိသန္ဓေစိတ်ကယူခဲ့သော အာရုံများ ဖြစ်ကြ၏။ ထိုအာရုံများသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်ရ၏။

လွန်ခဲ့သော ဘဝက အာရုံများ ဖြစ်ကြသောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ဘာကိုမျှ မသိသကဲ့သို့ ဖြစ်၏။ ဘဝင်စိတ်များသည် အာရုံမရှိ၍ မသိသည်တော့ မဟုတ်။ အာရုံ ရှိသော်လည်း ယင်းအာရုံကို အမျိုးအမည် ခွဲခြား၍ မသိသောကြောင့် 'ဘာကိုမျှ မသိ'ဟု ဆိုခြင်း ဖြစ်၏။

အမှန်အားဖြင့် သိသည် ဆိုရရုံမျှတော့ သိ၏။ မျက်ကန်း တစ္ဆေမကြောက်ဆိုသကဲ့သို့ ဘာကိုမျှ မသိသကဲ့သို့ ဖြစ်နေခြင်းသည် ပစ္စုပ္ပန် ဘဝ၏ အာရုံများနှင့် လုံးဝ ဆက်သွယ်ခြင်း မရှိသဖြင့် ပစ္စုပ္ပန်ဘဝ၏ သုခနှင့် ဒုက္ခတို့မှ လွတ်မြောက်နေခြင်း ဖြစ်၏။ ယင်းကိုပင် လက်ရှိ ပစ္စုပ္ပန်

ဘဝ အကျဉ်းထောင်မှ လွတ်မြောက်ခြင်း – ဟူ၍ သိနိုင်၏။

သို့ဖြစ်၍သာ ဤဘဝ၌ နှစ်ခြိုက်စွာ အိပ်မော ကျနေခြင်းသည် 'ငြိမ်းချမ်းမှု သုခ' တစ်မျိုးကို ခံစားရာ ရောက်ခြင်း ဖြစ်၏။ ဤသဘောကို နှစ်ခြိုက်စွာ အိပ်မောကျဖူးသူတိုင်း သိကြ၏။

ထိုနည်းအတူ ဤလောက၌ 'ဘာကိုမျှ မယုံကြည်သော' ပုဂ္ဂိုလ်မျိုးလည်း ရှိသေး၏။ ထိုပုဂ္ဂိုလ်မျိုးကို **'နိယတ မိစ္ဆာဒိဋ္ဌိဝါဒီ'** များဟု ကျမ်းဂန်များ၌ ဖော်ပြထား၏။ 'အမြင်မှား၌ ခိုင်မြဲသော အယူဝါဒ ရှိသူ'ဟူ၍ အဓိပ္ပာယ်ရ၏။ ထိုပုဂ္ဂိုလ်များသည် ကံကိုလည်း မယုံကြည်၊ ကံ၏အကျိုးကိုလည်း မယုံကြည်၊ အယုတ်ဆုံးအားဖြင့် မိမိ၏ မိဘကိုပင် မိဘအဖြစ် မယုံကြည်၊ အခြားပုဂ္ဂိုလ်များဆိုလျှင် ယုံကြည်ဖို့ ဝေးလေစွ။

သူတို့၏အယူအရ ယုံကြည်မှုဟူသည် စွဲလမ်းခြင်း တစ်မျိုးဖြစ်၏။ စွဲလမ်းခြင်းဟူသည် အနှောင်အဖွဲ့ တစ်မျိုးဖြစ်၏။ ထို့ကြောင့် ယုံကြည်မှုရှိနေသမျှ ကာလပတ်လုံး စွဲလမ်းမှု ရှိမည် ဖြစ်၏။ စွဲလမ်းမှု ရှိနေသမျှ ကာလပတ်လုံး အနှောင်အဖွဲ့ရှိမည် ဖြစ်၏။

ထိုအခါ လွတ်မြောက်မှုချမ်းသာကို အဘယ်သို့လျှင် ခံစားနိုင်တော့မည်နည်း။

ထို့ကြောင့် လွတ်မြောက်မှု ချမ်းသာကို ခံစားလိုပါက ခမ္မနှင့် ပတ်သက်၍ဖြစ်စေ၊ ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဖြစ်စေ၊ အရာဝတ္ထုနှင့် ပတ်သက်၍ ဖြစ်စေ၊ လောကနှင့် ပတ်သက်၍ ဖြစ်စေ 'ဘာဆို ဘာမျှ' မယုံကြည်သင့်၊ ယုံကြည်လိုက်သည်နှင့် တစ်ပြိုင်နက်၊ စွဲလမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ထိုယုံကြည်ချက်၊ ထိုစွဲလမ်းချက်က စိတ်ကို နှောင်ဖွဲ့တော့၏။ ဘဝကို နှောင်ဖွဲ့တော့၏။

သို့ဖြစ်၍ 'ဘာဆို ဘာကိုမျှ'မယုံကြည်ခြင်းသည် ဘဝမှ လွတ်မြောက်မှု ချမ်းသာကို ခံစားစေနိုင်ခြင်းဖြစ်၏။ ဘာအာရုံကိုမျှ မစွဲလမ်းဘဲ စိတ်ကို စိတ်အတိုင်း ထားခြင်းသည် လူတို့၏ ဘဝမှ လွတ်မြောက်မှု ချမ်းသာကို ရရှိရေးအတွက် ကျင့်စဉ်ဖြစ်၏။

'နိယတမိစ္ဆာဒိဋ္ဌိ' အယူရှိသူများသည် ဤဘဝ၌ နှစ်ခြိုက်စွာ အိပ်မောကျနေသူများနှင့် တစ်နည်းတစ်ဖုံတူ၏။ သို့ရာတွင် နှစ်ခြိုက်စွာ အိပ်မောကျနေသူများ၏ ဘဝင်စိတ်သည် ပစ္စုပ္ပန်ဘဝနှင့် ပတ်သက်သော

အာရုံများကို ယူခြင်းမပြုဘဲ အတိတ်ဘဝနှင့်ပတ်သက်သော အာရုံများကို ယူခြင်းဖြစ်သဖြင့် ပစ္စုပ္ပန်ဘဝမှ လွတ်မြောက်မှု ချမ်းသာကို ခံစားရခြင်းဖြစ်၏-ဟု ဆိုသော် ဆိုနိုင်ပါ၏။

'နိယတမိစ္ဆာဒိဋ္ဌိ' အယူရှိသူများကား လက်ရှိ ပစ္စုပ္ပန်ဘဝနှင့် ပတ်သက်၍· ဘာကိုမျှ မယုံကြည်သောကြောင့် ဤဘဝမှ လွတ်မြောက်မှုချမ်းသာကို ခံစားရ၏-ဟူ၍ ယူခြင်းကား အလွန်မှားယွင်းသော အယူဖြစ်၏။

စွဲလမ်းမှုကို ပယ်ဖျက်ခြင်းဆိုသည်မှာ ဘဝကို ဖွဲ့စည်းထားသော ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကို အမှန်အတိုင်း မြင်တတ်သော ဝိပဿနာဉာဏ်၏ အလုပ်ဖြစ်၏။ ဝိပဿနာဉာဏ် ရင့်သောအခါ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကို မမြင်တော့ဘဲ နိဗ္ဗာန်ကိုသာ မြင်သော မဂ်ဉာဏ် ပေါ်လာရ၏။

ထိုအခါမှသာ စွဲလမ်းမှု ပြတ်၍ ဘဝမှ လွတ်မြောက်မှု ချမ်းသာကို ရရှိနိုင်၏။ ထိုသို့ ရရှိနိုင်ရန် **'ဝိပဿနာ'**လမ်းမှ တစ်ပါး အခြားဖြတ်လမ်းဟူ၍ မရှိ။

ထို့ကြောင့် 'နိယတမိစ္ဆာဒိဋ္ဌိ' ဝါဒသည် 'အဝီစိငရဲ'သို့ တိုက်ရိုက်ကျရောက်စေနိုင်သော ဝါဒဖြစ်ကြောင်း ကျမ်းဂန်များ၌ ဆိုခြင်း ဖြစ်၏။ သို့ရာတွင် နှစ်ခြိုက်စွာ အိပ်မောကျနေသူများနှင့် အထိုက်အလျောက် တူသောကြောင့် ယင်းအုပ်စု၌ ထည့်သွင်းရေတွက်ခြင်း ဖြစ်၏။ .

နိယတမိစ္ဆာဒိဋ္ဌိဝါဒအရ ဘာကိုမျှ မယုံကြည်ခြင်းသည်ပင် ယင်းအမှားမြင်ဝါဒ၌ မြဲမြံစွာ ယုံကြည်သော ဝါဒတစ်မျိုး ဖြစ်ရာ ရောက်၏။ မိမိဘဝကို တပ်မက်လွန်းသော၊ မိမိဘဝကိုသာ အခိုင်အမာပြုလွန်းသော သဘောသည် ဤအမှားမြင်ဝါဒ၌ သဘောအားဖြင့် ပါဝင်၏။

ဓမ္မသဘောအရ 'ကံ'ကို လည်း 'ကံ'ဟု မမြင်၊ ကံ၏ အကျိုးကိုလည်း ကံ၏အကျိုးဟု မမြင်၊ ပုဂ္ဂိုလ်သဘောအရ မိဘကိုပင် မိဘအဖြစ် မမြင်သောသူအား သူ့ကိုယ်ကိုသာ တွယ်တာစရာ အဖြစ်၊ အခိုင်အမာ အဖြစ် မြင်ပေလိမ့်မည်။ ထိုအခါ ဤလောက၌ သူ့ဘဝအတွက် သူ မလုပ်ရဲသော အရာ–ဟူ၍ ဘာမျှရှိတော့မည် မဟုတ်။ ဤဝါဒမျိုးသည် ခေတ်အဆက်ဆက်၌ ရှိနိုင်သော ဝါဒမျိုး ဖြစ်၏။

အနွပုထုဇဉ်များသည် အိပ်မက် မက်နေသူများနှင့် တူ၏။ အိပ်မက် မက်နေစဉ် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ စသော ဒွါရ ငါးပါးပေါက်သည် ပိတ်နေ၏။ မနောဒွါရသာ ပွင့်နေ၏။ သို့ရာတွင် မနောဒွါရ တစ်ခုတည်းက မြင်ခြင်း၊ ကြားခြင်း စသော ဒွါရ ငါးပေါက်၏ အလုပ်ကိုပါ လုပ်၏။ ထိုသို့ လုပ်နိုင်ရန် အိပ်မက် မက်နေသူသည် ဝိပ္ပလ္လာသတရားများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရ၏။

ထို့ကြောင့် အကြောင်းနှင့် အကျိုးတို့၏ နိယာမ အတိုင်းမဟုတ်ဘဲ မိုးပေါ်သို့လည်း ပျံနိုင်၏၊ ရေပေါ်၌ လည်း လျှောက်သွားနိုင်၏၊ အိပ်မက်ထဲ၌ မဖြစ်နိုင် သောအရာဟူ၍ ဘာမျှမရှိ၊ ဝိပ္ပလ္လာသ ညွှန်ကြား ချက်အတိုင်း အားလုံးဖြစ်နိုင်၏။

ထိုသို့ ဖြစ်ရာတွင် သာယာဖွယ် 'အဿာဒ' ရှိချင်လည်း ရှိမည်၊ သာယာဖွယ်၏ ဆန့်ကျင် ဘက်အမြင် 'အာဒီနဝ' ရှိချင်လည်း ရှိမည်၊ ယင်းတို့မှလွတ်မြောက်ရာ 'နိဿရဏ' ရှိချင် လည်း ရှိမည်။

ထိုသို့ ရှိနိုင်သော်လည်း အိပ်မက်မက် နေသူသည် ဝိပ္ပလ္လာသ၏ ညွှန်ကြားချက်အတိုင်း အားလုံး

လိုက်နာရ၏။ သူ၏ ဆန္ဒအတိုင်း ဘာမျှ ဖြစ်ခွင့် မရှိ။ သူကား 'ဘဝအကျဉ်းသား' စစ်စစ် သာတည်း။

အန္ဓပုထုဇဉ်သည် အိပ်မက် မက်သူများနှင့် တူသော်လည်း သူ၏ဘဝက အိပ်မက် မက်နေသူများ၏ ဘဝထက် ပို၍ အစစ်အမှန်သဘောကို ဆောင်၏။ အန္ဓပုထုဇဉ်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်–တည်းဟူသော ဒွါရ ခြောက်ပေါက်လုံးကို အသုံးပြုနိုင်၏။ သို့ရာတွင် သူသည်လည်း စရိုက်နှင့် ဉာဉ်တို့၏ ညွှန်ကြားချက် အတိုင်း လိုက်နာရသည်သာ ဖြစ်၏။

စာတတ်၊ ပေတတ်၊ ကျမ်းဂန်တတ်ပင်ဖြစ်စေဦးတော့ သူ၏ စရိုက်နှင့် ဉာဉ်တို့၏ ဩဇာကို သူ၏ စာပေသိက မတွန်းလှန်နိုင်။ ထို့ပြင် သူကျင်လည်ရာ ပတ်ဝန်းကျင်ကပါ သူ၏ စရိုက်နှင့် ဉာဉ်တို့ကို ပံ့ပိုးပေး၏။ ထိုအခါ သူ၏ ဘဝအတွက် အကျိုးရှိရာ ရှိကြောင်းမှန်သမျှကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လုပ်တော့၏။ သာယာဖွယ် 'အဿာဒ' ကို ရှာတော့၏။

ထိုသို့ ရှာရာ၌ အဟန့်အတား 'အာဒီနဝ' တွေ့ပါက ဖြစ်သည့်နည်းဖြင့် နိုပ်ကွပ်၍ လွတ်မြောက်

ရာ နိဿရဏကို မရောက် ရောက်အောင်သွား၏။ ဤသည်မှာ ဘ၀ အကျဉ်းသားအဖြစ်မှ လွတ်မြောက်ရန် အန္ဓပုထုဇဉ်၏ ကျင့်စဉ်တည်း။

ကလျာဏ ပုထုဇဉ်သည် နိုးနေသူနှင့် တူ၏။ နိုးကြားနေသူများသည် သူတို့၏ ဘ၀အကျဉ်းထောင်မှ လွတ်မြောက်ရေးအတွက် သူတို့၏ စွမ်းအားများကို အသုံးချနိုင်ကြ၏။ အိပ်မောကျနေသူများနှင့်တူသော နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူတို့သည် သူတို့၏ ဘ၀အကျဉ်းထောင်မှ လွတ်မြောက်ရေးအတွက် သူတို့၏ ဉာဏစွမ်းအားကို အသုံးမချနိုင်ကြ၊ အမှားမြင်ဝါဒ၏ ညွှန်ကြားချက် အတိုင်းသာ လိုက်နာဆောင်ရွက်ရ၏။

အိပ်မက်မက်နေသူများနှင့် တူသော အန္ဓပုထုဇဉ်များသည်လည်း ဘ၀အကျဉ်းထောင်မှ လွတ်မြောက်ရေးအတွက် သူတို့၏ ဉာဏစွမ်းအားကို အသုံးမချနိုင်ကြ၊ ပတ်ဝန်းကျင်က ပံ့ပိုးပေးသော စရိုက်နှင့် ဉာဉ်တို့၏ ညွှန်ကြားချက်အတိုင်းသာ လိုက်နာဆောင်ရွက်ကြရ၏။

နိုးနေသူများနှင့် တူသော ကလျာဏ ပုထုဇဉ်များကား ထိုသို့ မဟုတ်၊ သူတို့၏ စွမ်းအားကို

အသုံးပြုနိုင်ကြ၏။ ဘဝကွင် သာယာဖွယ် အဿာဒ ရှိသည်ကိုလည်း သိ၏၊ ယင်း အဿာဒထဲ၌ ဆန့်ကျင်ဘက် အပြစ် အာဒီနဝ ရှိသည်ကိုလည်း သိ၏၊ ယင်းတို့မှ လွတ်မြောက်ရာ နိဿရဏ ရှိသည်ကိုလည်း သိ၏၊ ယင်းတို့မှလွတ်မြောက်ရာ နိဿရဏ ရှိသည်ကိုလည်း သိ၏။

သို့ရာတွင် သူ့အသိကား တစ်မျိုး ဖြစ်၏။ အခြားသူများ၏ အသိနှင့်တော့ မတူချေ။ ထို့အပြင် အိပ်မောကျနေသူများ၏ ဘဝဖြစ်ရပ်များသည် အိပ်မောကျစဉ် ကာလအတွင်း၌သာ 'သစ္စာ'ဖြစ်၏။ အိပ်မက်မက်သည်နှင့် တစ်ပြိုင်နက် ထို'သစ္စာ'သည် မမှန်တော့၊ 'သစ္စာ' အဆင့်မှ ရွေ့လျော၏။ အိပ်မက်မက်နေသူများ၏ ဘဝဖြစ်ရပ်များသည်လည်း မနိုးမီ ကာလအတွင်း၌သာ 'သစ္စာ' ဖြစ်၏။ နိုးသွားသည်နှင့် တစ်ပြိုင်နက် ထိုသစ္စာသည် မမှန်တော့၊ သစ္စာအဆင့်မှ ရွေ့လျော၏။ နိုးနေသူများ၏ ဘဝဖြစ်ရပ်များသည်လည်း သစ္စာ လေးပါးကို သိ၍ အရိယာ အဖြစ်သို့ မရောက်မီ ကာလအတွင်း၌သာ 'သစ္စာ'ဖြစ်၏။ အရိယာ အဖြစ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ထို'သစ္စာ'သည်လည်း မမှန်တော့။ 'သစ္စာ'အဖြစ်မှ ရွေ့လျောသွားတော့၏။

ကလျာဏပုထုဇဉ်သည် ဘဝအကျဉ်းထောင်မှ လွတ်မြောက်အောင် ကြိုးစားနေသူဖြစ်၏။ ဘဝအကျဉ်းထောင်မှ လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် သူသည် အတိုင်းမသိသော ချမ်းသာကို ရရှိမည်ဖြစ်၏။ ထိုချမ်းသာသည်သာလျှင် နိဗ္ဗာန်စစ်စစ်ဖြစ်၏။

နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူများနှင့် အန္ဓပုထုဇဉ်များ ရရှိခဲ့သော လွတ်မြောက်မှုချမ်းသာ နိဗ္ဗာန်သည် သူတို့အမြင်အရ ချမ်းသာဖြစ်၏။ တကယ့်ချမ်းသာမဟုတ်၊ ဘဝအကျဉ်းထောင် တစ်ခုမှ ဘဝအကျဉ်းထောင်တစ်ခုသို့ ပြောင်းရွှေ့သွားရသော တဒင်္ဂ လွတ်မြောက်မှု ချမ်းသာမျိုးသာ ဖြစ်၏။ သို့ရာတွင် ထိုချမ်းသာမျိုးကိုပင် ထိုပုဂ္ဂိုလ်မျိုးက တကယ့် ချမ်းသာအဖြစ် ယူကြ၏။

ကလျာဏပုထုဇဉ်များကမူ ဘဝအကျဉ်းထောင်မှ အပြီးအပိုင် လွတ်မြောက်လိုပါလျှင် ဘဝအကျဉ်းထောင်ကို ဖျက်ဖို့လို၏။ ဘဝအကျဉ်းထောင်ကို ဖျက်မည်ဆိုပါက ကုသိုလ်ဖြစ်စေ၊ အကုသိုလ် ဖြစ်စေ ကံဟူသမျှကို ဖျက်ဖို့လို၏။ ကံကို ဖျက်မည်ဆိုပါကလည်း 'ဉပါဒါန်'ကို ဖျက်ဖို့လိုပြန်၏။ ဉပါဒါန်ကို ဖျက်မည်ဆိုပါကလည်း 'တဏှာ'ကို ဖျက်ဖို့လိုပြန်၏။

တဏှာကို ဖျက်မည်ဆိုပါက ဘဝကို ဖွဲ့စည်းထားသော 'ခန္ဓာငါးပါး'ကို ဖျက်ဖို့လို၏။ ခန္ဓာငါးပါးကို ဖျက်ရာတွင် ပရမတ္ထဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်မှုနှင့် ပျက်မှုကို ဝိပဿနာ ဉာဏ်မျက်စိဖြင့် ပြက်ပြက်ထင်ထင် မြင်အောင် ရှုဖို့ လို၏။

ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ကိုမြင်သောအခါယင်း ရုပ်နာမ်တို့၌ ငြီးငွေ့လာ၏။ ထို့နောက် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ကိုပင် မမြင်တော့ဘဲ ယင်းတို့၏ ကုန်ဆုံးရာ 'နိဗ္ဗာန်'ကို မြင်တော့၏။ နိဗ္ဗာန်ကို မြင်သည်နှင့်တစ်ပြိုင်နက် 'အတ္တ'သည် ပျောက်လေ၏။ အဝိဇ္ဇာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစသော ကိလေသာများလည်း သစ္စာဉာဏ်အဆင့်အလိုက် ချုပ်ကြလေ၏။ ထိုအခါမှသာ ဘဝအကျဉ်းထောင်မှ အပြီးတိုင် လွတ်မြောက်လေ၏။ ထိုသို့ လွတ်မြောက်ခြင်းကိုသာ 'နိဿရဏ'ဟူ၍ ဆိုရ၏။ ဘဝအကျဉ်းထောင်မှ အပြီးတိုင်လွတ်မြောက်ခြင်းသည်ပင် အရိယာအဖြစ်သို့ ရောက်ခြင်းမည်၏။

အရိယာတို့၏ ဘဝ ဖြစ်ရပ်များသည်သာလျှင် မည်သည့်အခါမျှ မပျက်စီးနိုင်တော့သော သစ္စာစစ်စစ်ဖြစ်၏။ အရိယာတို့၏ သစ္စာဉာဏ် မျက်စိဖြင့်

လောကကို ပြန်လည် ကြည့်ရှုလျှင် ပုထုဇဉ်များ အနေဖြင့် မှတ်ယူခဲ့သော သာယာဖွယ် 'အဿာဒ'၊ 'အာဒီနဝ'၊ 'နိဿရဏ' တို့အားလုံး '**သဗ္ဗေ သင်္ခါရာ ဒုက္ခာ**'အရ ဒုက္ခ စစ်စစ်သာတည်း။

တကယ် စစ်မှန်သော ချမ်းသာဟူသည် နိဗ္ဗာန်မှ တစ်ပါး အခြားမရှိ၊ နိဗ္ဗာန်ဟူသော ဝေါဟာရ၏ အနက်မှာလည်း တဏှာမရှိခြင်းပင် ဖြစ်လေရာ တကယ် စစ်မှန်သော ချမ်းသာကို ရယူလိုပါက ရယူပိုင်ဆိုင်ခြင်း 'တဏှာ လောဘ'၌ မရှာဖွေဘဲ စွန့်လွှတ်ခြင်း 'အလောဘ'၌ ရှာဖွေမှသာ တကယ် စစ်မှန်သော ချမ်းသာကို တွေ့နိုင်မည် ဖြစ်၏။

ကလျာဏပုထုဇဉ်တို့သည် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ကို ရှုပွားရာ၌ 'ဥဒယဗ္ဗယဉာဏ်' ရေ့ပိုင်းသို့ ရောက်စဉ်ကပင် မိမိတို့၏ ဘဝသက်တမ်း တစ်လျှောက် မခံစားဖူးသေးသော ပီတိ၊ ပဿဒ္ဓိ၊ သုခ စသော သာယာဖွယ်များကို တွေ့ကြုံခံစားခဲ့ဖူးပါ၏။


သို့ရာတွင် ထိုသာယာဖွယ်များသည် နိဗ္ဗာန်ကို အဟန့်အတားပြုသော၊ နိဗ္ဗာန်နှင့် နှိုင်းစာလိုက်လျှင် ဘာမျှ မပြောပလောက်သော သာယာဖွယ်မျိုးသာ

ဖြစ်သဖြင့် ဝိပဿနာ၏ ညစ်ညူးကြောင်း အဖျက်တရားများအနေဖြင့် ပယ်ခဲ့ဖူး၏။ ထို့ကြောင့် နိဗ္ဗာန်၏ ချမ်းသာမှု အတိုင်းအတာကို ခန့်မှန်းနိုင်ကောင်းရာ၏။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံး ပန်းတိုင်မှာလည်း နိဗ္ဗာန်ပင် ဖြစ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ဘဝအကျဉ်းသားအဖြစ်မှ လွတ်ခြင်းမည်၏။ ဘဝအကျဉ်းသားအဖြစ်မှ လွတ်ပြီးသူမှန်သမျှ အကုသိုလ် ဒုစရိုက်များကို ပြုလုပ်လွန်ကျူးခြင်း မရှိတော့ဘဲ လောကအတွက် အသက်ရှင်နေသူသာ ဖြစ်တော့၏။ သူ့အတွက် အသက်ရှင်နေသူကား မဟုတ်တော့ချေ။

❒

ဘဝအဓိပ္ပာယ်



## ဘာဝအာစိပ္ပါယ်

'ဘာဝအာစိပ္ပါယ်'ဟူသည် အရာဝတ္ထုများ အချင်းချင်း အရေအတွက် သဘောအရ 'ဗျာပါရ' အနေဖြင့် ရောနှောပြီး အကြောင်းတရားသဘောမှ တစ်စုံတစ်ခုသော အတိုင်းအတာတွင် အရည်အချင်း သဘောအရ 'ဖလ' အနေဖြင့် 'အကျိုးတရား' အဖြစ်သို့ 'တသားတည်း' ပြောင်းလဲသွားသည့် သဘောဖြစ်သည်။

## ဘဝအဓိပ္ပာယ်

ဘဝဟူသည် ရိုးရိုး သဒ္ဒါနက်အားဖြင့် ဖြစ်တတ်သော သဘောပင် ဖြစ်၏။ ဖြစ်တတ်သော သဘောတွင် ကြိယာတို့၏ နိယာမအရ ကြိုးပမ်းမှု 'ဗျာပါရ'နှင့် ပြီးစီးမှု 'ဖလ'ဟူ၍ နှစ်ပိုင်းတို့သည် တစ်ပေါင်းတည်းအနေဖြင့် ပါဝင်၏။ လောကဝေါဟာရအားဖြင့် ကြိုးပမ်းမှု 'ဗျာပါရ'ကို 'အကြောင်းတရား'ဟု ဆို၍ ပြီးစီးမှု 'ဖလ'ကို 'အကျိုးတရား'ဟု ဆိုသည်။


ပဋိစ္စသမုပ္ပါဒ် ဒေသနာဝေါဟာရအားဖြင့် ဆိုရလျှင် သက်ရှိလောကအတွက် ကြိုးပမ်းမှု 'ဗျာပါရ'ကို 'ကမ္မဘဝ'ဟု ဆို၍ ပြီးစီးမှု 'ဖလ'ကို 'ဥပပတ္တိဘဝ'ဟု ဆို၏။ သို့ရာတွင် သက်မဲ့ လောကအတွက် ပဋိစ္စသမုပ္ပါဒ်သည် အထူးမဆို၊ ဆိုစရာလည်း အကြောင်းမရှိ။ ထို့ကြောင့် ဘဝဟူသည် ဗုဒ္ဓဒေသနာ

ဖြစ်သဖြင့် ဝိပဿနာ၏ ညစ်ညူးကြောင်း အဖျက် တရားများအနေဖြင့် ပယ်ခဲ့ဖူး၏။ ထို့ကြောင့် နိဗ္ဗာန်၏ ချမ်းသာမှု အတိုင်းအတာကို ခန့်မှန်းနိုင်ကောင်း ရာ၏။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံး ပန်းတိုင် မှာလည်း နိဗ္ဗာန်ပင် ဖြစ်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းသည် ဘဝအကျဉ်းသားအဖြစ်မှ လွတ်ခြင်း မည်၏။ ဘဝအကျဉ်းသားအဖြစ်မှ လွတ်ပြီးသူမှန်သမျှ အကုသိုလ် ဒုစရိုက်များကို ပြုလုပ်လွန်ကျူးခြင်း မရှိတော့ဘဲ လောကအတွက် အသက်ရှင်နေသူသာ ဖြစ်တော့၏။ သူ့အတွက် အသက်ရှင်နေသူကား မဟုတ်တော့ချေ။

❐

# ဘဝအဓိပ္ပာယ်



## ဘာဝအာဓိပ္ပာယ်

ဘာဝအဓိပ္ပါယ်’ဟူသည် အရာဝတ္ထုများ အချင်းချင်း အရေအတွက် သဘောအရ ‘ဗျာပါရ’ အနေဖြင့် ရောနှောပြီး အကြောင်းတရား သဘောမှ တစ်စုံတစ်ခုသော အတိုင်းအတာတွင် အရည်အချင်း သဘောအရ ‘ဖလ’ အနေဖြင့် ‘အကျိုးတရား’ အဖြစ်သို့ ‘တသားတည်း’ ပြောင်းလဲသွားသည့် သဘောဖြစ်သည်။

## ဘဝအဓိပ္ပာယ်

ဘဝဟူသည် ရိုးရိုး သဒ္ဒါနက်အားဖြင့် ဖြစ်တတ်သော သဘောပင် ဖြစ်၏။ ဖြစ်တတ်သော သဘောတွင် ကြိယာတို့၏ နိယာမအရ ကြိုးပမ်းမှု 'ဗျာပါရ'နှင့် ပြီးစီးမှု 'ဖလ'ဟူ၍ နှစ်ပိုင်းတို့သည် တစ်ပေါင်းတည်းအနေဖြင့် ပါဝင်၏။ လောကဝေါဟာရအားဖြင့် ကြိုးပမ်းမှု 'ဗျာပါရ'ကို 'အကြောင်းတရား'ဟု ဆို၍ ပြီးစီးမှု 'ဖလ'ကို 'အကျိုးတရား'ဟု ဆိုသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာဝေါဟာရအားဖြင့် ဆိုရလျှင် သက်ရှိလောကအတွက် ကြိုးပမ်းမှု 'ဗျာပါရ'ကို 'ကမ္မဘဝ'ဟု ဆို၍ ပြီးစီးမှု 'ဖလ'ကို 'ဥပပတ္တိဘဝ'ဟု ဆို၏။ သို့ရာတွင် သက်မဲ့ လောကအတွက် ပဋိစ္စသမုပ္ပါဒ်သည် အထူးမဆို၊ ဆိုစရာလည်း အကြောင်းမရှိ။ ထို့ကြောင့် ဘဝဟူသည် ဗုဒ္ဓဒေသနာ

တော်အရ အကြောင်းနှင့်အကျိုး တစ်စုံတို့ ပါဝင်ဖွဲ့စည်းထားသော သဘောတရား တစ်ရပ်ဖြစ်၏။ ယင်းအကြောင်းနှင့် အကျိုးတစ်စုံသည် ဤလောကရှိ သက်ရှိဘဝတွင် ခန္ဓာငါးပါး အနေဖြင့် တည်ရှိပြီး သက်မဲ့ဘဝတွင် ရုပ်ခန္ဓာအနေဖြင့်သာ တည်ရှိလေသည်။

ခန္ဓာ ငါးပါးအနေဖြင့် တည်ရှိသည်ဖြစ်စေ၊ ရုပ်ခန္ဓာအနေဖြင့်သာ တည်ရှိသည်ဖြစ်စေ အကြောင်းနှင့်အကျိုး သဘောတစ်စုံသည် ယင်း ခန္ဓာများအပေါ်၌ မိမိတို့၏ ဆိုင်ရာ တာဝန်ကို ဆောင်ရွက်နေကြသည်သာ ဖြစ်၏။

ဘဝ၏ အကြောင်းတရားပိုင်းအတွက် လူတို့သည် မိမိတို့၏ ကာယအာ ဉာဏအားကို မိမိတို့ဆန္ဒရှိသလို အသုံးပြုနိုင်၏။ အသုံးလည်း ပြုကြ၏။ ထို့ကြောင့် ထိုအပိုင်းကို 'အတ္တသဘော' ပေါ်လွင်သော အပိုင်းဟူ၍ ဆိုရ၏။ ထိုနေရာ၌ 'အတ္တသဘော' ဆိုသည်မှာ မိမိ၏အလိုအတိုင်း ဖြစ်စေတတ်သော သဘောပင် ဖြစ်၏။ ဥပမာအားဖြင့် လူသည် ဟင်းချက်သောအခါ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဟင်းလျာ စသော ပစ္စည်းများကို မိမိဆန္ဒအတိုင်း အသုံးပြုနိုင်၏။ ထည့်ချင်သလို ထည့်နိုင်၏။

မီးကိုလည်း မိမိ ဆန္ဒအတိုင်း ထိုးချင်သလို ထိုးနိုင်၏။ ထို့ကြောင့် ထိုအပိုင်းကို မိမိဆန္ဒအတိုင်း ဆောင်ရွက်နိုင်သောကြောင့် 'အတ္တသဘော'၊ 'ပြဌာန်းသော သဘော'ဟူ၍ ဆိုခြင်း ဖြစ်၏။ ဘဝ၏ အကျိုးတရားပိုင်းအတွက်မူ လူတို့သည် မိမိတို့၏ ဆန္ဒကို ထည့်သွင်း အသုံးမပြုနိုင်သောကြောင့် ယင်းအပိုင်းကို 'အနတ္တ သဘော' ပေါ်လွင်သော အပိုင်း ဟူ၍ ဆိုကြ၏။

ဘဝ၏ အကြောင်းတရားပိုင်းအတွက် အရာဝတ္ထုများသည် တစ်စုံတစ်ခုသော အတိုင်းအတာသို့ ရောက်သောအခါ ဘဝ၏ အကျိုးတရားပိုင်းသို့ ကူးပြောင်းသွားကြ၏။ ထိုသို့ ကူးပြောင်းရာတွင် အကြောင်းတရားပိုင်းသဘောနှင့် အကျိုးတရားပိုင်း သဘောသည် အချင်းချင်း ခြားနားကြ၏။

အကြောင်း တရားထဲတွင် အရာဝတ္ထုများသည် 'အစိတ်အစိတ်' သဘော ပြဌာန်း၏။ အရေအတွက်အားဖြင့် 'အများ' ဖြစ်၏။ အကျိုးတရားပိုင်းတွင်မူ အရာဝတ္ထုများသည် 'အပေါင်း' သဘောပြဌာန်း၏။ အရေအတွက်အားဖြင့် 'တစ်ခုတည်း' ဖြစ်၏။ အကြောင်းတရားပိုင်းတွင် အရာဝတ္ထုများသည် မိမိတို့ အချင်းချင်း ဆက်စပ်ပူးပေါင်းရာ၌ ပဓာနအားဖြင့်

သီးခြားသဘောကို ဆောင်ကာ သီးခြားစီ သီးခြားစီ ဖြစ်ကြ၏။ ယင်းသို့ သီးခြားစီ သီးခြားစီ ဖြစ်ကြလျက် ဆက်စပ်ခြင်းကို လောက ဝေါဟာရအားဖြင့် 'ရောနှောခြင်း'ဟူ၍ ဆို၏။ ဒဿန ဝေါဟာရအားဖြင့် 'သံယောဂ'ဟူ၍ ဆို၏။

အကျိုးတရားပိုင်းတွင်မူ အရာဝတ္ထုများသည် မိမိတို့ အချင်းချင်း ဆက်စပ် ပူးပေါင်းရာ၌ ပဓာန အားဖြင့် မိမိတို့၏ သီးခြားသဘောကို မဆောင်တော့ဘဲ 'တစ်မျိုး'တည်း သဘောကို ဆောင်ကာ သီးခြားစီ သီးခြားစီ မဖြစ်တော့ဘဲ'တစ်မျိုးတည်း' ဖြစ်လာ၏။ ဤသို့ဖြစ်လာခြင်းကို လောက ဝေါဟာရ အားဖြင့် 'တစ်သားတည်း' ဖြစ်သွားခြင်းဟူ၍ ဆို၏။ ဒဿန ဝေါဟာရအားဖြင့် 'သမဝါယ' ဟူ၍ ဆို၏။

ဝေဒန္တဒဿနအရ လောကရှိ အရာဝတ္ထု မှန်သမျှသည် စိတ်ဖြစ်စေ၊ ရုပ်ဖြစ်စေ၊ အကြောင်းတရား ဖြစ်စေ၊ အကျိုးတရား ဖြစ်စေ တစ်ခုတည်း မရှိကောင်း၊ အဖွဲ့အစည်းအနေဖြင့်သာ ရှိကောင်း၏။ လောကလွန်တွင်သာ အဖွဲ့အစည်းအနေဖြင့် မရှိကောင်းဘဲ တစ်ခုတည်း ရှိကောင်း၏။ သို့ရာတွင် အကြောင်း တရား၌ အသီးသီး သဘောပြဋ္ဌာန်း၏။

အကျိုးတရားတွင် တစ်သားတည်း ပြဌာန်း၏။ ထို့ကြောင့် အရာဝတ္ထုတိုင်း၌ ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိဟူ၍ သဘော (၄)မျိုး ပါဝင်၏။

ကာလ–ဟူသည် တစ်ခုတည်းသော အရာဝတ္ထု ဖြစ်စေကာမူ ရှေ့နောက် မတူသည့်သဘော ဖြစ်၏။ ဒေသ–ဟူသည် အရာဝတ္ထုများ အချင်းချင်း တစ်ခုနှင့် တစ်ခု မတူသည့်သဘောဖြစ်၏။

ပယောဂ–ဟူသည် အရာဝတ္ထုတို့၏ အချင်းချင်း ဆီလျော်ခြင်းနှင့် ဆန့်ကျင်ခြင်း သဘောဖြစ်၏။ ဥပဓိ–ဟူသည် အရာဝတ္ထု သဘောဖြစ်၏။

ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဟင်းလျာ စသော ပစ္စည်းတို့သည် တစ်စုံတစ်ခုသော 'အတိုင်းအတာ' တွင် ဟင်းအဖြစ်သို့ ရောက်သွား၏။ ထိုအခါ ဟင်းအပေါ်၌ လူတို့၏ ဆန္ဒသည် မည်သို့မျှ အသုံးမဝင်တော့ချေ။ ထို့ကြောင့် ဟင်းသည် လူတို့၏ အလိုဆန္ဒသဘောမှ ကင်းလွတ်ကာ မိမိသဘောကို မိမိ ဆောင်ကြရ၏။

အကြောင်းတရားတို့သည် မှန်ကန်ပြည့်စုံသော အရာဝတ္ထုများ ဖြစ်ပါက အကျိုးတရားတို့သည်လည်း လိုလားသည့်အတိုင်း မှန်ကန်ပြည့်စုံသော အကျိုး

တရားများ ဖြစ်ပေလိမ့်မည်။ သို့မဟုတ်ပါက မလိုလား အပ်သော အကျိုးတရားများသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဟင်းကောင်းဖြစ်စေလိုပါက ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဟင်းလျာ စသော အကြောင်း တရားပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုများ အပေါ်၌သာ မိမိ တို့၏ ဆန္ဒကို စနစ်တကျဖြစ်အောင်၊ အချိုးညီအောင် အခြေပြု၍ အားထုတ်အပ်၏။

အကြောင်းတရားပိုင်း ဆိုင်ရာ ပစ္စည်းဝတ္ထုများ အပေါ်၌သာ အာရုံစိုက်အပ်၏။ မှန်ကန်အောင် အားထုတ်အပ်၏။ အရည်အချင်း ပြည့်စုံအောင် ဆည်းပူးအပ်၏။ အဘယ့်ကြောင့်ဆိုသော် ဘဝ၏ အကြောင်းတရားပိုင်းသည်သာ လူသားတို့၏ ဆန္ဒ နယ်နိမိတ်ဘောင်အတွင်း၌ ရှိပြီး ဘဝ၏ အကျိုး တရားပိုင်းသည် လူသားတို့၏ ဆန္ဒနယ်နိမိတ်ဘောင် အပြင်ဘက်၌ ရှိသောကြောင့် ဖြစ်သည်။

အကယ်၍ ဘဝ၏ အကျိုးတရားပိုင်းအပေါ်၌ မိမိ၏ဆန္ဒကို အသုံးပြုရန် ကြိုးပမ်းပါက အလွန် မိုက်မဲရာ ကျရောက်သည့်အပြင် ကျက်ပြီးသားဟင်းကို တူးအောင်ချက်သူကဲ့သို့ အတ္တဝါဒီ အနေဖြင့် မိမိ ကိုယ်မိမိ တူးဖြိုသူသာ ဖြစ်ပေလိမ့်မည်။

အမှန်အားဖြင့် သက်ရှိလောကအတွက် ဘဝဟူသည် မိမိတို့ စိုးပိုင်ရာ အကြောင်းတရားတို့၏ နယ်နိမိတ်မှ မစိုးပိုင်ရာ အကျိုးတရားတို့၏ နယ်နိမိတ်သို့ လွှတ်လိုက်ရသော အရာဝတ္ထုများ၏ ဖြစ်ပေါ်မှုပင် ဖြစ်သည်။ သက်မဲ့လောကအတွက်လည်း အရာဝတ္ထုများသည် အကြောင်းတရား အနေဖြင့် အများစုမှ အကျိုးတရားအနေဖြင့် တစ်သားတည်း အဖြစ်သို့ ပြောင်းလဲသွားလေရာ ထိုသို့ပြောင်းလဲသွားခြင်းသည်ပင် ဘဝဖြစ်လေသည်။

သို့ရာတွင် သက်မဲ့လောက၌ ရုပ်ခန္ဓာသာရှိသဖြင့် ယင်းအပေါ်၌ လူသားတို့၏ ဆန္ဒနှင့်ပတ်သက်၍ စေစားမှုမရှိသဖြင့် သက်မဲ့ဘဝကို အလေးထား၍ မဆိုတော့ဘဲ လူတို့၏ သက်ရှိဘဝကိုသာ အလေးထားပြီး ဆိုခြင်း ဖြစ်၏။

လူတို့၏ သက်ရှိဘဝတွင် ခန္ဓာငါးပါး ပါဝင်နေရာ လူသည် ရုပ်ခန္ဓာ၏စေ့ဆော်မှုအရ ကောင်းကောင်းစားလိုသည်။ ကောင်းကောင်း ဝတ်လိုသည်။ ကောင်းကောင်း နေထိုင်လိုသည်။ ကောင်းကောင်း ကျန်းမာလိုသည်။ ထိုကဲ့သို့ ကောင်းကောင်းစား ဝတ်–နေ–ကျန်းမာရေးအတွက် ကာယအား၊ ဉာဏအားကို မိမိတို့ အစွမ်း ရှိသလောက် အသုံးပြုကြသည်။

ထိုအတိုင်းအတာအထိ ဘဝ၏ အကြောင်းတရားပိုင်း ဖြစ်သည်။

သို့ရာတွင် မိမိတို့မျှော်မှန်းသလို၊ မိမိတို့ ဆန္ဒရှိသလို ဘဝ၏ အကျိုးတရားပိုင်းသည် ဖြစ်ပေါ်လာပါလေသလော။ ဤသို့ မေးလျှင် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏–ဟူ၍သာ ဖြေဆိုရန် ရှိပါ၏။ အကယ်၍ မဖြစ်ခဲ့လျှင် ဘဝ၏ အကျိုးတရားပိုင်းသည် လူတို့၏ ဆန္ဒမှ ကင်းလွတ်ကာ သူ့သဘော သူဆောင်ပြီး ဖြစ်မြဲ ဓမ္မတာအတိုင်းသာ ဖြစ်လေသောကြောင့် ရှိထိုက်သော အကြောင်းတရားများ၏ ပြည့်စုံမှုအပေါ် အခြေစိုက်ရသဖြင့် 'မဖြစ်' ဟူ၍သာ နားလည်အပ်၏။ ဤသို့ဆိုလျှင် ဆန္ဒ ရှိရုံမျှနှင့် မပြီး ပြည့်စုံသေးဘဲ ရှိထိုက်သော အကြောင်းတရားများ ပြည့်စုံစွာ ရှိမရှိကိုပါ သိနိုင်သော အသိဉာဏ်လည်း ရှိဖို့လိုအပ်ကြောင်း တွေ့ရ၏။ ထိုကဲ့သို့သော အသိဉာဏ်မျိုးရှိလျှင် ဖြစ်ပေါ်လတ္တံ့သော ဘဝ၏ အကျိုးတရားပိုင်းကို ကြိုတင်တွက်ဆနိုင်ပေသည်။

ထိုနည်းအတူပင် လူသည် ဝေဒနာက္ခန္ဓာ၏ စေ့ဆော်မှုအရ ပျော်ရွှင် ချမ်းမြေ့သူ ဖြစ်ချင်သည်။ သညာက္ခန္ဓာ၏ စေ့ဆော်မှုအရ အသိပညာရှင်၊

အတတ်ပညာရှင်လည်း ဖြစ်ချင်သည်။ သင်္ခါရက္ခန္ဓာ၏ စေ့ဆော်မှုအရ တီထွင် ကြံဆနိုင်သူလည်း ဖြစ်ချင်သည်။ ဝိညာဏက္ခန္ဓာ၏ စေ့ဆော်မှုအရ မြင့်မြတ်သူလည်း ဖြစ်ချင်၏။ ထိုကဲ့သို့ ဖြစ်ရလေအောင် လူသည် မိမိ၏ ကာယအား၊ ဉာဏအားကို မိမိအစွမ်းရှိသလောက် အသုံးပြု၏။ ထိုအတိုင်းအတာအထိ ဘဝ၏ ဒ္ဓအကြောင်းတရားပိုင်း ဖြစ်သည်။

သို့ရာတွင် မိမိမျှော်မှန်းသလို၊ မိမိဆန္ဒရှိသလို ဘဝ၏ အကျိုးတရားပိုင်းသည် ဖြစ်ပေါ်လာပါလေသလော။ ဤသို့ မေးလျှင် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏-ဟူ၍သာ ဖြေဆိုရပေလိမ့်မည်။ အကျိုးတရားပိုင်း၏ ဖြစ်-မဖြစ်သည် လူတို့၏ ဆန္ဒ အပေါ်၌ မတည်ဘဲ ရှိထိုက်သော အကြောင်းတရားများ၏ ပြည့်စုံမှု ရှိ-မရှိပေါ်၌သာ တည်၏။ ထိုသဘောကိုသိရန် မှန်ကန်သော အသိဉာဏ်ကို လိုလေသည်။

ဤလောက၌ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ ခဏမစဲ ဖြစ်ဖြစ်သမျှသည် ဘဝသဘောဖြင့် ဖြစ်ကြသည်ချည်း ဖြစ်၏။ အရာဝတ္ထုတို့သည် အကြောင်းတရားသဘောဖြင့် မိမိတို့ အချင်းချင်း ရောနှောသော အဆင့်မှ တစ်စုံတစ်ခုသော အခိုက်အတန့်တွင်

တစ်သားတည်း အဆင့်သို့ ကူးပြောင်း၍ အကျိုးတရား အဖြစ်သို့ ရောက်လေသည်။ ယင်းကိုပင် 'ဘဝ'ဟူ၍ ဆိုရ၏။

သို့ရာတွင် ဤနေရာ၌ သက်မဲ့ဘဝနှင့် သက်ရှိဘဝ နှစ်မျိုးအနက် လူသားတို့နှင့် ပတ်သက်သော သက်ရှိဘဝကိုသာ အဓိကထား၍ ဆိုခြင်း ဖြစ်၏။ သံသရာသည် သက်ရှိ သတ္တဝါများအတွက်သာ ဖြစ်သော်လည်း လူသားများအတွက် ပို၍ အရေးကြီး၏။ သုခ ဒုက္ခဟူသည်မှာလည်း သက်ရှိ သတ္တဝါများအတွက်သာ ဖြစ်သော်လည်း လူသားများအတွက် ပို၍ အရေးကြီး၏။ ထို့ကြောင့် ဤနေရာ၌ လူသားတို့နှင့် ပတ်သက်သော လူ့ဘဝကိုသာ အဓိကထား၍ ဆိုခြင်းဖြစ်၏။

လူသားတို့နှင့် ပတ်သက်သော လူ့ဘဝ၏ အကြောင်းတရားပိုင်းနှင့် အကျိုးတရားပိုင်း နှစ်ပိုင်းလုံး၌ လူသားတို့သည် မိမိတို့၏ ဆန္ဒကို လွဲမှားစွာ ထည့်သွင်း၍ အသုံးပြုကြသောကြောင့် မတွေ့သင့်သော လူမှုဒုက္ခများကို တွေ့ကြုံနေရခြင်းဖြစ်၏။

အမှန်အားဖြင့် လူသားတို့၏ ဆန္ဒနယ်နိမိတ် အတွင်း၌ရှိသော ဘဝ၏ အကြောင်းတရားပိုင်း၌သာ

မိမိတို့ဆန္ဒကို ထည့်သွင်းအသုံးပြုပါက အရေးမကြီး သော်လည်း လူသားတို့၏ ဆန္ဒနယ်နိမိတ် အလွန်၌ ရှိသော ဘဝ၏ အကျိုးတရားပိုင်း၌ပါ မိမိတို့၏ ဆန္ဒကို ထည့်သွင်းအသုံးပြုကြသဖြင့် လူမှုဒုက္ခများနှင့် တွေ့ကြုံနေရခြင်း ဖြစ်၏။

ဆန္ဒကို ထည့်သွင်းအသုံးပြုသည်နှင့်တစ်ပြိုင်နက် မိမိ၏အသိဉာဏ်သည် ယထာဘူတ မဖြစ်ပါဘဲလျက် ယထာဘူတ ဖြစ်သည်–ဟု အထင်မှားလျက် ဘဝ၏ အကျိုးတရားပိုင်းကို မိမိ၏ အလိုအတိုင်း ဖြစ်စေရန် ဇွတ်အတင်း ရှေ့တိုး၍ ကြိုးပမ်းမိလေ၏။ ထိုအခါ လူမှု ဒုက္ခများသည် အတော မသတ်နိုင်အောင် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာတတ်လေသည်။

အမှန်အားဖြင့် ဘဝ၏အကြောင်းတရားပိုင်း၌ ဆန္ဒများနှင့် အသိမှားများကို ထည့်သွင်းအသုံးပြုမိပါက ဘဝ၏ ဆိုးရွားသော အကျိုးတရားပိုင်းကို ပြန်လည် ပြင်ဆင်ရန် မည်သို့မျှ မစွမ်းနိုင်တော့ဘဲ ယင်း၏ ဒဏ်ကို မရှုမလှ ခံယူရမည်သာ ဖြစ်၏။

လောကသိများတွင် လူသည် သိစရာအာရုံများကို တိုက်ရိုက် သိသည် မဟုတ်၊ ဒွါရ ခြောက်ပါး တစ်ဆင့်ခံ၍သာ သိခြင်းဖြစ်၏။ ဒွါရ ခြောက်ပါး

ဟူသည်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နှင့် ဘဝင်္ဂပသာဒခေါ် စိတ်တို့ပင် ဖြစ်၏။ ဒွါရ ခြောက်ပါးမှ တို့သည်လည်း လူတစ်ယောက်နှင့် တစ်ယောက် အတွက် မဟူချေ။ အချို့သူတို့အတွက် ကောင်းမွန်၍ အချို့သူတို့အတွက် မကောင်းမွန်။

ကောင်းမွန်သော ဒွါရခြောက်ပါးရှိသူများအတွက် သိစရာ အာရုံများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော အသိတရားသည် ပိုမိုတိကျမှန်ကန်၍ မကောင်းမွန် သော ဒွါရ ခြောက်ပါးရှိသူများအတွက် သိစရာ အာရုံများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော အသိ တရားသည် တိကျမှန်ကန်မှု အားနည်းလေသည်။ ထို့ကြောင့် အသိတရား၏ ခိုင်မာမှုနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် ဆုံးဖြတ်ရန် ခဲယဉ်း၏။

အသိတရား ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ အခြေခံ ဖြစ်သော ဒွါရ ခြောက်ပါးအနက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ထက် မနောဒွါရသည် ပို၍ အရေးကြီး၏။

မနောဒွါရ ဟူသည် ပဋိသန္ဓေ စိတ်နှင့် အတူတူပင် ဖြစ်လေရာ သုဂတိအဟိတ် ဝိပါက် စိတ်လည်း ဖြစ်နိုင်၏။ ဉာဏ်မဲ့သော ဒွိဟိတ်ဝိပါက်

စိတ်လည်း ဖြစ်နိုင်၏။ ဉာဏ်ရှိသော တိဟိတ်ဝိပါက် စိတ်လည်း ဖြစ်နိုင်၏။ အကယ်၍ အဟိတ်နှင့် ဒွိဟိတ်စိတ် ဖြစ်ပါက မနောဒွါရ၌ ထင်လာသော အာရုံကို မှန်မှန်ကန်ကန် သိရန် ခဲယဉ်း၏။ တိဟိတ် စိတ် ဖြစ်ပါမူ မှန်မှန်ကန်ကန် သိရန် လွယ်ကူ လေသည်။

သို့ရာတွင် သိစိတ်သည် မနောဒွါရနှင့် ဝီထိ စိတ် ဟူ၍ နှစ်မျိုး ရှိပြန်ရာ မနောဒွါရသည် တိဟိတ်စိတ် ဖြစ်စေဦး၊ ယင်းမနောဒွါရ၌ ထင်လာ သော၊ အာရုံကို သိသော ဝီထိစိတ်သည်လည်း တိဟိတ် ဇောစိတ်ပင် ဖြစ်စေဦး၊ နယူတန်၏ ဆွဲငင် ခြင်းဆိုင်ရာ နိယာမအရ အထက်သို့တက်ရောက်သော အရာဝတ္ထုတိုင်းပေါ်၌ ကမ္ဘာမြေကြီး၏ ဆွဲငင်အား သည့် သက်ရောက်နေသကဲ့သို့ ဗုဒ္ဓအဘိဓမ္မာအရ ဝီထိ စိတ်များပေါ်၌ အဓိမုတ္တိ၊ စရိုက်၊ ဉာဉ်၊ အနုသယ တည်းဟူသော အားကြီးသော ကိလေသာ တို့၏ အားသည် အမြဲတစေ သက်ရောက်၏။

'အဓိမုတ္တိ'ကို မြန်မာ ဝေါဟာရဖြင့်'နှလုံးသွင်း' ဟူ၍ ဆို၏။ ယင်းသည် ပတ်ဝန်းကျင်နှင့် ဆိုင်သည်။ တံငါ ပတ်ဝန်းကျင်၌ နေထိုင်ရသူသည် တံငါတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တို့ကို အမြဲတစေ

တွေ့ကြုံနေရ၏၊ မြင်နေရ၏၊ သိနေရ၏။ ထိုအတွေ့ အကြုံ အမြင် အသိတို့သည် ဝီထိစိတ် အနေဖြင့် ချုပ်ပျောက်သွားသော်လည်း သူ၏သန္တာန်၌ မသိစိတ် (သတ္တိ) အနေဖြင့် ထားရစ်ခဲ့၏။

ထိုသတ္တိတို့သည် ရင့်သန်လာသောအခါ 'စရိုက်' အဆင့်သို့ ရောက်၏။ စရိုက်ဟူသည် အဖြစ်များခြင်းသို့မဟုတ် အလေ့အကျင့်ပင်ဖြစ်၏။ တစ်ဖန် စရိုက်သည် ရင့်သန်လာသောအခါ 'ဉာဉ်'အဆင့်သို့ ရောက်၏။ ဉာဉ်ဟူသည် စွဲခြင်း ဖြစ်၏။ တစ်ဖန် ဉာဉ်သည် ရင့်သန်လာသောအခါ 'အနုသယ'အဆင့်သို့ ရောက်၏။ အနုသယ ဟူသည် သတ္တဝါတို့၏ သန္တာန်၌ အစဉ်တစိုက် ကိန်းအောင်း နေသော အားကြီးသော ကိလေသာဖြစ်၏။ ယင်းတို့ကို ဒဿန ဝေါဟာရဖြင့် 'ဥပါဒိ'ဟု ခေါ်သည်။

ဥပါဒိ ဟူသည် ဝီထိစိတ်များအား သိစရာ အာရုံများကို အမှန်အတိုင်း မသိစေဘဲ မိမိတို့ အလို အတိုင်းသာ သိစေတတ်သော သတ္တိများ ဖြစ်ကြသည်။ ယင်းတို့သည် ဥပါဒ်၊ ဌီ၊ ဘင် အနေဖြင့် ဖြစ်ပေါ် နေသော ဝီထိစိတ်များအပေါ်၌ ဆိုင်ရာ အာရုံများကို မမှန်မကန် သိအောင် ဥပါဒ်၊ ဌီ၊ ဘင်မဲ့ သတ္တိ (ဝါ) ထာဝရ ပစ္စုပ္ပန်သတ္တိဖြင့် သက်ရောက်လျက် ရှိ၏။

ထို့ကြောင့် ပဋိသန္ဓေအားဖြင့် တိဟိတ်ပုထုဇဉ်ပင် ဖြစ်စေကာမူ သူဖြတ်သန်းခဲ့ရသော ပတ်ဝန်းကျင်များကို တွေ့ကြုံရာမှ မိမိတို့၏ သန္တာန်၌ ထာဝရ ပစ္စုပ္ပန်သတ္တိအနေဖြင့် ကိန်းအောင်းနေသော အဓိမုတ္တိ၊ စရိုက်၊ ဉာဉ်၊ အနုသယတို့၏ လွှမ်းမိုးမှု အရှိန်အဝါကြောင့် သိစရာ အာရုံများကို အမှန်အတိုင်း ယထာဘူတကျကျ မသိနိုင်တော့ဘဲ တလွဲတချော် သိလေ၏။ တံငါ ပတ်ဝန်းကျင်၌ ကျင်လည် ကျက်စားလာခဲ့ရသူသည် အရာရာတိုင်းကို ယထာဘူတကျကျ မဆုံးဖြတ်နိုင်တော့ဘဲ တံငါ နှလုံးသွင်း၊ တံငါ စရိုက်၊ တံငါ ဉာဉ်၊ တံငါ အနုသယဖြင့် ဆုံးဖြတ်လေ၏။

ထိုနည်းတူပင် လယ်သမား ပတ်ဝန်းကျင်၌ ကျင်လည် ကျက်စား လာခဲ့ရသူသည်လည်းကောင်း၊ အခြား ပတ်ဝန်းကျင် တစ်ခုခု၌ ကျင်လည် ကျက်စား လာခဲ့ရသူသည်လည်းကောင်း မိမိတို့ ကျင်လည် ကျက်စားလာခဲ့ရသော ပတ်ဝန်းကျင်ဆိုင်ရာ နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ အနုသယတို့၏ ဖိအားပေးမှု အလိုက် သိစရာ အာရုံများကို သိရ၏၊ ဆုံးဖြတ်ရ၏။ သို့ရာတွင် ထိုသူသည် မိမိ၏ အသိ၊ မိမိ၏ အဆုံးဖြတ်ကို ယထာဘူတကျသည်ဟု ယုံကြည်လေ၏။ ဤသည်ကိုပင် 'အဝိဇ္ဇာ'ဟု ခေါ်ရ၏။

ပုထုဇ္ဇနော ဥမ္မတ္တကော–အရ ပုထုဇဉ် လူသား တို့သည် စိတ်ရောဂါရှင်များနှင့် တူကြ၏။ ပစ္စည်း ဥစ္စာနှင့် ပတ်သက်၍ စိတ်ရောဂါ ရှိသူက အရာရာ တိုင်းကို ရွှေဟု မြင်၏။ ရွှေဟု ယုံကြည်၏။ သားသမီးနှင့် ပတ်သက်၍ စိတ်ရောဂါ ရှိသူက သားသမီးအရွယ် လူတိုင်းကို မိမိ၏ သားသမီးဟု ယုံကြည်၏။

အလားတူပင် ဆိုင်ရာ ဆိုင်ရာ စိတ်ရောဂါရှင် များသည် ဆိုင်ရာဆိုင်ရာ အာရုံများကို မိမိတို့ သန္တာန်၌ ထာဝရ ကိန်းအောင်းနေသော ရောဂါ ဝေဒနာများ၏ သတ္တိအလိုက် မြင်ကြ၏၊ သိကြ၏၊ ဆုံးဖြတ်ကြ၏။ ထိုသူတို့၏ မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှု များသည် ဟန်ဆောင်၍ မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှုများ မဟုတ်၊ တကယ် ခံစားချက်ဖြင့် တကယ် ယုံကြည် သော မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှုများသာ ဖြစ်၏။

ထို့ကြောင့် ထိုရောဂါရှင်များက မိမိတို့၏ မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှုများကို ယထာဘူတ ကျသည်ဟု ဆိုကြခြင်းဖြစ်၏။ ထိုအဆိုသည် ထိုသူတို့ အတွက်သာ အမှန်ဖြစ်လေသည်။ လောက အတွက်မူကား အမှန် မဟုတ်ချေ။ သို့ရာတွင် လောက အနေဖြင့် ထိုသူတို့၏ အမြင်များ၊ အသိများ၊ အဆုံးအဖြတ်များသည်

ယထာဘူတ မကျကြောင်း၊ မှားယွင်းကြောင်း အာပေါက်အောင် ပြောသော်လည်း စိတ်ရောဂါရှင် များက လက်ခံမည် မဟုတ်။ ထိုသို့ လက်မခံခြင်း သည်လည်း သူတို့၏ သန္တာန်၌ ကိန်းအောင်းနေသော စိတ်ဝေဒနာ၊ စိတ်ရောဂါ၏ သတ္တိအပေါ် အခြေခံ၍ တကယ် ခံစားချက်ဖြင့် တကယ် ယုံကြည်သော မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှု ဖြစ်သောကြောင့်ပင်တည်း။

သို့ဖြစ်လျှင် ပုထုဇဉ် လူသားတို့၏ မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှုများသည်လည်း မိမိတို့၏ သန္တာန်၌ ကာဝရ ကိန်းအောင်းနေသော စိတ်ရောဂါ၊ စိတ် ဝေဒနာသဖွယ် ဖြစ်သော နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ အနုသယတို့အပေါ် အခြေခံ၍ တကယ် ခံစားချက် ဖြင့် တကယ် ယုံကြည်သော မြင်မှု၊ သိမှု၊ ဆုံးဖြတ်မှု များနှင့် မည်သို့ ခြားနားနိုင်ပါတော့မည်နည်း။ သဘော အားဖြင့် ခြားနားခြင်း မရှိ။ နယ်နိမိတ် အတိုင်း အတာနှင့် အဆင့် အားဖြင့်သာ ခြားနားခြင်း ရှိလေသည်။

သို့ဖြစ်လျှင် ပုထုဇဉ် လူသားတို့အတွက် ယထာ ဘူတ ကျသော အသိ အမြင် ဟူသည် မရှိလေ သလော–ဟူ၍ မေးရန် ရှိ၏။ အမှန်အားဖြင့်မူ ရှိပါသည်။ ပုထုဇဉ်လူသားတို့အတွက် ယထာဘူတ

ကျသော အမြင်သည် ဘဝ၏ အနက်၊ ဘဝ၏ အဓိပ္ပာယ်၊ ဘဝ၏ ပန်းတိုင်နှင့် စပ်သော အမြင် ဖြစ်၏။ ဤနေရာ၌ 'ဘဝ၏ အနက်' ဟူသည် ခဏမစဲ ဖြစ်တတ်သော သဘောဖြစ်၏။

**'ဘဝ၏ အဓိပ္ပာယ်'ဟူသည် အရာဝတ္ထု များ အချင်းချင်း အရေအတွက် သဘောအရ ဗျာပါရ အနေဖြင့် ရောနှောပြီး အကြောင်း တရားသဘောမှ တစ်စုံတစ်ခုသော အတိုင်း အတာတွင် အရည်အချင်းသဘောအရ ဖလ အနေဖြင့် အကျိုးတရား အဖြစ်သို့ တစ်သား တည်း ပြောင်းလဲသွားသည့် သဘောဖြစ်သည်။**

ယင်းသဘောသည် သက်ရှိ၊ သက်မဲ့ဖြစ်စဉ် တိုင်း၌ ရှိသော်လည်း ဗုဒ္ဓအဘိဓမ္မာအရ အကြောင်း တရား အခိုက်အတန့်၌ 'ငါ'ကို ဗဟိုပြုသော အားမာန်ကို အသုံးပြုနိုင်သည့် သက်ရှိ ဖြစ်စဉ်၌သာ 'ဘဝ' ဟူသော ဝေါဟာရကို သုံးသည်။ သက်မဲ့ ဖြစ်စဉ်၌ မသုံး။

ဘဝ၏ ပန်းတိုင် ဟူသည် 'ငါ'ကို ဗဟိုပြုသော အားမာန်ကို ချုပ်ငြိမ်းအောင် အားထုတ် ခြင်းပင် ဖြစ်သည်။

ဗုဒ္ဓ၏ ဒေသနာတော်အရ နိဗ္ဗာန်ကို ဘဝ၏ ပန်းတိုင်အဖြစ် ဆို၏။ နိဗ္ဗာန်၏ အနက်သည် တဏှာမှ ကင်းခြင်းဖြစ်သည်။ တဏှာမှ ကင်းခြင်းဟူသည် 'ငါ'ကို ဗဟိုပြုသော အားမာန်တို့ ချုပ်ငြိမ်းခြင်း ဖြစ်သည်။

သို့ဖြစ်၍ အသိတရားတစ်ခု ယထာဘူတ ကျ–မကျ၊ မှန်–မမှန် နိဗ္ဗာန်နှင့် တိုင်းတာရသည်။ မှန်ကန်သော၊ ယထာဘူတ ကျသော အသိဖြစ်ပါက မိမိတို့၏ သန္တာန်၌ ဖြစ်ပေါ်တတ်သော ငါ, ငါ့ဥစ္စာ, ငါ့အတွက် ဟူ၍ 'ငါ'ကို ဗဟိုပြုသော သိမှု၊ မြင်မှု များကို နည်းနည်း ချုပ်ငြိမ်းစေနိုင်လျှင် နည်းနည်း မှန်သော အသိ ဖြစ်သည်။ များများ ချုပ်ငြိမ်းစေနိုင်လျှင် များများ မှန်သော အသိ ဖြစ်သည်။ အကြွင်းမဲ့ ချုပ်ငြိမ်းစေနိုင်ပါမူကား ဆိုဖွယ်ရာ မရှိ၊ အရိယာ ပုဂ္ဂိုလ်တို့၏ သစ္စာသိပင် ဖြစ်တော့၏။

ထို့ကြောင့် ပုထုဇဉ် တို့သည် မိမိတို့၏ အသိ တကယ်မှန်–မမှန်၊ ယထာဘူတ တကယ်ကျ–မကျ ကိုယ်တိုင် သိနိုင်ရန် မိမိတို့ သန္တာန်၌ 'ငါ'အပေါ် အခြေခံသော တွေးခေါ်မြော်မြင်မှု နည်းပါးမှု ရှိ–မရှိ စိစစ်ကြည့်ရခြင်းပင် ဖြစ်သည်။ နည်းပါးလျှင် မှန်၏။ မနည်းပါးလျှင် မမှန်သေး။

စိတ်ရောဂါရှင်များသည် မိမိတို့၏ စိတ်ရောဂါ ပျောက်ကင်းသောအခါ မှန်ကန်သော အသိကို ရရှိသကဲ့သို့ ပုထုဇဉ် လူသားတို့သည်လည်း မိမိတို့၏ နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ အနုသယတို့ ချုပ်ငြိမ်းသောအခါ ဘဝ၏အနက်၊ ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏ ပန်းတိုင်တို့ကို အမှန်အတိုင်း သိပေလိမ့်မည်။

ထိုသို့ သိနိုင်ရန် မိမိတို့၌ ခိုင်မာသော သီလ၊ သမာဓိ၊ ပညာတို့ ရှိဖို့လိုသည်။ ထိုသို့ ရှိနိုင်ရန် မိမိတို့၌ ကရုဏာနှင့် ပညာရှိဖို့ လိုသည်။ ကရုဏာနှင့် ပညာ ရှိလျှင် မိမိ၏ ကိုယ်ကျိုးကို စွန့်၍ လောက၏ အကျိုးကို သည်ပိုးလာမည်။ ကိုယ်ကျိုးကို စွန့်နိုင်သည်နှင့်အမျှ လောက၏ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်လာမည် ဖြစ်၏။

ထို့ကြောင့် ဘဝ၏အနက်၊ ဘဝ၏ အဓိပ္ပာယ်၊ ဘဝ၏ ပန်းတိုင်တို့ကို အမှန်အတိုင်း သိခြင်းနှင့် ငါ, ငါ့အတွက်, ငါ့ ဥစ္စာဟူ၍ 'ငါ'အပေါ် ဗဟိုပြုသော တွေးခေါ်မြော်မြင်မှုတို့ကို ပယ်စွန့်ခြင်းသည် တစ်ပြိုင်နက်သော ခဏ၌ တစ်ပြိုင်နက်တည်း ဖြစ်သဖြင့် နည်းနည်း ပယ်စွန့်နိုင်လျှင် နည်းနည်းသိပြီး များများ ပယ်စွန့်နိုင်လျှင် များများ သိကာ အကြွင်းမဲ့ ပယ်စွန့်

နိုင်လျှင် အကြွင်းမဲ့သိနိုင်သောကြောင့် လုံး၀ မပယ်စွန့်နိုင်လျှင် လုံး၀ပင် မသိသေးကြောင်း၊ အကယ်၍ သိသည်ဟု ယုံကြည်လျှင်လည်း ထိုယုံကြည်ချက်သည် စိတ်ရောဂါရှင်၏ ယုံကြည်ချက်မျိုးသဖွယ်သာ ဖြစ်ကြောင်း သိအပ်ပါ၏။

# ဘဝအဓိပ္ပာယ်-၂



## ဘဝအာစိမ္မာယ် - ၂

သတ်မှတ်ထားသော ဘောင်နှင့် ကျင့်ဝတ်များကို ကျော်လွန်ဖောက်ဖျက်လျှင်မူ လူ့အဖွဲ့အစည်းသည် မည်သို့မျှ ငြိမ်းချမ်းနိုင်မည် မဟုတ်ချေ။

ဤနေရာ၌ ကျော်လွန်ဖောက်ဖျက်ခြင်း ဆိုသည်မှာ 'ငါ, ငါ့ဥစ္စာ, ငါ့အင်အား' ဟူ၍ 'ငါ' ကို ဗဟိုပြုသော တွေးခေါ် မြော်မြင်မှုဖြင့် 'အနာမခံ'ဘဲ 'အသာစံ'ခြင်းပင် ဖြစ်၏၊ ထိုကဲ့သို့ အနာမခံဘဲ အသာစံခြင်းသည် လူ့အဖွဲ့အစည်းအတွင်း၌ မငြိမ်းချမ်းခြင်း၏ အကြောင်းရင်း ဖြစ်၏။

## ဘဝအဓိပ္ပါယ် (၂)

ဘဝဟူသည် 'ကြွေး'ပင် ဖြစ်၏။ ယင်းကို 'ဝဋ်' ဟူသော ဝေါဟာရနှင့် တွဲ၍ 'ဝဋ်ကြွေး' ဟူ၍ ဆိုကြ၏။ ဝဋ်ကြွေးသည် ကိလေသာဝဋ်ကြွေး၊ ကမ္မဝဋ်ကြွေး၊ ဝိပါကဝဋ်ကြွေး ဟူ၍ (၃) မျိုး ပြား၏။ ယင်းဝဋ်ကြွေး(၃)မျိုးကို ရောနှောခြင်းမျိုး မဟုတ်ဘဲ ပေါင်းစပ် ခြင်းမျိုးဖြင့် ပေါင်းစပ်လိုက်သောအခါ 'သက်ရှိဘဝ' ဖြစ်လာ၏။ ဘဝဖြစ်လာလျှင် အားသစ်တစ်မျိုးပေါ်လာ၏။ ယင်း အားသစ်သည် မူလ အစိတ်အစိတ်၌ မပါဝင်၊ မူလ အစိတ်အစိတ်မှ ထူးခြား၏။ အပို ဖြစ်၏။ ယင်းဘဝ၏ အားသစ်ကို 'သတ္တဝါ'ဟူ၍ လည်းကောင်း၊ အသက် 'ဇီဝ' ဟူ၍ လည်းကောင်း ဆို၏။

အောက်စီဂျင်နှင့် ဟိုက်ဒရိုဂျင်ကို ဓာတုဗေဒနည်းအရ ပေါင်းစပ် လိုက်သောအခါ 'ရေ' ဟူသော အရာဝတ္ထုတစ်မျိုး ဖြစ်ပေါ်လာ၏။ ယင်းရေတွင် အောက်စီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့တွင် မပါဝင်သော၊ အောက်စီဂျင်နှင့် ဟိုက်ဒရိုဂျင်တို့မှ ထူးခြားသော အားသစ် တစ်မျိုး ပါဝင်လေသည်။

ဘဝဟူသည် ဤသဘောမျိုးဖြင့် ပေါင်းစပ်ထားသော ကိလေသာ၊ ကံ၊ ဝိပါက် တည်းဟူသော အကြောင်း တရားများနှင့် အကျိုးတရားများ၏ အပေါင်းအစုဖြစ်၏။ ထို့ကြောင့် ဘဝတွင် မူလနိဿတ္တ၊ နိဇ္ဇီဝသဘောမှ အတ္တ၊ ဇီဝ သဘော တည်းဟူသော အားသစ်တစ်မျိုး ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ဘဝဟူသည် အရိယသစ္စာအားဖြင့် ဒုက္ခ ဖြစ်၏။ ပရမတ္ထသစ္စာ အားဖြင့် ရုပ်နှင့် နာမ်တို့၏ အပေါင်းအစုဖြစ်၏။ သမ္မုတိသစ္စာ အားဖြင့် ပုဂ္ဂိုလ် သတ္တဝါ ဖြစ်၏။ ပါရိဘာသိကသစ္စာအားဖြင့် အင်္ဂလိပ်–မြန်မာ စသည်တို့ ဖြစ်၏။

ပရမတ္ထသစ္စာအားဖြင့် ရုပ်နှင့် နာမ် ဟူသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဝိညာဏ်၊ နာမ်ရုပ်၊

သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်၏။ ယင်းကို ပစ္စုပ္ပန်အကျိုး (၅)ပါး ဟူ၍လည်း ဆို၏။ ပစ္စုပ္ပန် အကျိုးသည် အတိတ်အကြောင်းကို အခြေခံ၍ တစ်ဖန် အနာဂတ် အကျိုးကို ပေါက်ဖွားပေး၏။ ထို့ကြောင့် ပစ္စုပ္ပန်အကျိုးကိုသာ လောကရေးရာအတွက် ဖြစ်စေ၊ လောကုတ္တရာရေးရာအတွက် ဖြစ်စေ အခြေခံ၍ လေ့လာအပ်၏။ နားလည်အောင် အားထုတ်အပ်၏။ ပြောင်းလဲနိုင်ရန် ကြိုးပမ်းအပ်၏။

အဘယ့်ကြောင့် ဆိုသော် ပစ္စုပ္ပန်သည်သာလျှင် မျက်ဝါး ထင်ထင် ထင်ရှားရှိ၍ ယင်းမှ အတိတ်ကို လည်း မှတ်မိနိုင်သည်။ အနာဂတ်ကိုလည်း ဦးတည် နိုင်သည်။

ဘဝတည်းဟူသော ဝဋ်ကြွေးတွင် 'ဝဋ္ဋ' ဟူသော ဝေါဟာရသည် အဖန်ဖန် အထပ်ထပ် ဖြစ်ခြင်းဟူ၍ ဖြစ်၏။ ယင်းကို 'လည်ခြင်း' ဟူ၍လည်း ဆို၏။ ကြွေးယူသောအခါ ပထမ 'အရင်း' ဖြစ်၏။ အရင်းမှ တစ်ဖန် 'အတိုး'သည် ဖြစ်ပေါ်လာ၏။ အတိုးသည် နှစ်ထပ်တိုး ဥပဒေသအရ 'အရင်း'ဖြစ်သွားပြန်၏။ ယင်းမှ တစ်ဖန်'အတိုး'ဖြစ်ပေါ်လာပြန်၏။ ဤသို့လျှင် ကြွေး၏ သဘောအရ 'အရင်း' နှင့် 'အတိုး'သည် အဖန်ဖန် အထပ်ထပ် ဖြစ်လေသည်။

ဘဝတည်းဟူသော ကြွေးတွင်လည်း အဝိဇ္ဇာနှင့် တဏှာတည်းဟူသော အရင်းမှ 'ကံ'သည် ဖြစ်ပေါ်လာ၏။ 'ကံ'မှ တစ်ဖန်'အကျိုးဝိပါက်'သည် ဖြစ်ပေါ်လာ၏။ အကျိုးဝိပါက်မှ တစ်ဖန်'အဝိဇ္ဇာနှင့် တဏှာ' တည်းဟူသော 'အရင်း'သည် ပြန်လည်ဖြစ်လာ၏။ ဤသို့လျှင် ကိလေသာ၊ ကံ၊ ဝိပါက်တည်းဟူသော အကြွေး (၃)မျိုးတို့၏ ပေါင်းစပ်မှုသည် အဖန်ဖန် အထပ်ထပ် ဖြစ်လေ၏။ ယင်းသို့ ဖြစ်ခြင်းသည်ပင် 'ဘဝ'မည်၏။

လူသည် 'ဘဝ'ကို တည်ဆောက်ရာ၌ ဘဝတွင် ရှိသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အာယတန(၆)ပါးတို့ဖြင့် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရ၏။ ပတ်ဝန်းကျင်ဟူသည် ဆိုင်ရာဆိုင်ရာ အာရုံ(၆)ပါးတို့ ဖြစ်၏။

အာရုံ (၆)ပါး တို့သည် အာယတန(၆)ပါး တို့နှင့် သက်ဆိုင်သလို ထင်ဟပ် ရာမှ ဝိညာဏ်များ၊ ဖဿများ၊ ဝေဒနာများ ဖြစ်ပေါ်၍ ယင်းမှတစ်ဖန် 'အဝိဇ္ဇာ တဏှာ'များ၊ ယင်းမှတစ်ဖန် 'ကံ'များ၊ ယင်းမှ တစ်ဖန် 'အကျိုးဝိပါက်'များ ဖြစ်ပြန်၏။ ဤသည်မှာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အရ အဖန်ဖန် အထပ်ထပ် ဘဝဖြစ်ခြင်းပင် ဖြစ်၏။

လူသည် ဘဝရှိနေသရွေ့ကာလပတ်လုံး ဖော်ပြပါ အတိုင်း 'ဘဝ'ကို ထပ်ကာထပ်ကာ တည်ဆောက် နေရမည်ဖြစ်၏။ ထိုသို့ တည်ဆောက်ရာတွင် ဘဝ၏ အနက်၊ ဘဝ၏အဓိပ္ပာယ်၊ ဘဝ၏ ပန်းတိုင်နှင့် လျော်ညီစွာ တည်ဆောက်နိုင်ရန် ကြိုးပမ်းအပ်၏။ သို့မှသာ ရခဲလှစွာသော လူ့ဘဝကို ရကျိုးနပ်ပေမည်၊ လူပီသသော လူ ဖြစ်ပေလိမ့်မည်။

လူ့ဘဝကို ရ၍ လူဖြစ်လာသည်နှင့်တစ်ပြိုင်နက် လူ့အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် မလွဲမသွေ ပါဝင် လာရ၏။ လူ့အဖွဲ့အစည်းတွင်ရှိသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာ ရေး စသော အရေးရာများနှင့် မလွဲမသွေ ကြုံကြိုက် ရ၏။

ထိုသို့ ကြုံကြိုက်ရာတွင် နိုင်ငံရေး၌လည်း နိုင်ငံသား အချင်းချင်း ဆက်ဆံရ၏။ အုပ်ချုပ်ရေး၌ လည်း အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ အချင်းချင်း ဆက်ဆံရ၏။ စီးပွားရေး၌လည်း ရောင်းသူနှင့် ဝယ်သူ အချင်းချင်း ဆက်ဆံရ၏။ ပညာရေး၌လည်း သင်ကြား ပေးသူနှင့် သင်ကြားခံရသူ အချင်းချင်း ဆက်ဆံရ၏။ လူမှုရေး၌လည်း လူသာ အချင်းချင်း ဆက်ဆံရ၏။ ဘာသာရေး၌မူ ထိုကဲ့သို့ မဟုတ်။

ဘာသာရေး၌ တစ်ဦးတည်း တစ်ယောက်တည်း လုပ်ရ၏၊ တစ်ဦးတည်း တစ်ယောက်တည်းလုပ်မှ လည်း ပို၍ ထိရောက်၏။ ထို့ကြောင့် ဘာသာရေးသည် အခြား တစ်ဘက်ကို မငဲ့သော၊ ဆက်ဆံရေးနှင့် မပတ်သက်သော ပုဂ္ဂလိကလုပ်ငန်းဖြစ်၏။ ထို့ကြောင့် အချင်းချင်း ဆက်ဆံရေးပေါ်၌ အခြေခံသော 'လူ့အဖွဲ့ အစည်း'မှ အချင်းချင်း ဆက်ဆံရေးပေါ်၌ အခြေမခံ သော 'ဘာသာရေး'ကို လူ့အဖွဲ့အစည်း၌ အရေးကြီး သော ကဏ္ဍမှ ပါဝင်ခြင်းမရှိဟု ထင်မှား၍ ဘေးဖယ် ထားတတ်ကြ၏။

အမှန်အားဖြင့် ဘာသာရေးသည် လူ့အဖွဲ့ အစည်း၌ အရေးကြီးသောကဏ္ဍမှ ပါဝင်၏။ ဘာသာ ရေးသည် တစ်ဦးချင်းစီ၏ ကိုယ်ကျင့် တရားကို တည်ဆောက်ရေး၌ တာဝန်ယူ၏။ ထိုတာဝန်အရ တစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကို တည်ဆောက် ၏။ အသိအလိမ္မာ သည် ပညာရေး၌ အခြေခံသည်ဟု ထင်ရသော်လည်း အမှန်အားဖြင့် ပညာရေး၌ အခြေ မခံ၊ ဘာသာရေး၌သာ အခြေခံသည်၊ ကိုယ်ကျင့် တရား၌သာ အခြေခံသည်။

အသိအလိမ္မာသည် ထက်စွာသော 'ဓား' နှင့် တူ၏။ ကိုယ်ကျင့် တရားမပါသော အသိအလိမ္မာသည်

လူသတ် သမားကိုင်သော 'ဓား' သဖွယ် လူ့လောက အတွက် ကြီးစွာသော အန္တရာယ်ဖြစ်၏။ ကိုယ်ကျင့် တရားပါသော အသိအလိမ္မာသည် ဆရာဝန်ကိုင်သော 'ဓား'သဖွယ် လူ့လောကအတွက် ကြီးစွာသော ကျေးဇူးကို ပြု၏။

အသိအလိမ္မာ(ဝိဇ္ဇာ)သည် အကျင့်(စရဏ)ပါမှ ကောင်းသည်ဟု ဆို၏။ ဆိုတိုင်းလည်း ယုံကြည်၏။ ထိုသို့ဖြစ်လျှင် အသိအလိမ္မာကို အကျင့်ပါအောင် မည်သို့ပြုမည်နည်း။

လူတိုင်း လူတိုင်းသည် မိမိကိုယ်ကို သူတော် ကောင်းဟု ထင်၏၊ ထင်သည့်အတိုင်းလည်း ပြော၏၊ မိမိ ကိုယ်ကို လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသူဟု ထင်၏၊ ထင်သည့် အတိုင်းလည်း ပြော၏။ သို့ရာတွင် ထိုအထင်၊ ထိုအပြောသည် ယထာဘူတကျသော အထင်နှင့်အပြော ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။

ယထာဘူတကျသော အထင်နှင့် အပြော ဖြစ်ပါက အများအတွက် အနစ်နာခံခြင်း **(အလောဘ)**၊ ကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်း၌ ငြီးငွေ့ခြင်း **(နိဗ္ဗိဒါ)**၊ မိမိ၏ ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာတို့၌

မတပ်မက်ခြင်း **(ဝိရာဂ)**သည် ထိုအထင်၊ ထိုအပြောနှင့် တစ်သားတည်း ဖြစ်ပေ လိမ့်မည်။ သို့မဟုတ်ပါက ထိုအထင် ထိုအပြော သည်'ထိုဟာ မဟုတ်သည်၌ ထိုဟာဟု သိခြင်း'မျိုးသာ ဖြစ်၏။ ယင်းအသိမျိုးကို အဝိဇ္ဇာဟုခေါ်၏။ ဒဿန ကျမ်းများ၌ **'အတသ္မိံ တံဗုဒ္ဓိ'** ဟု ဆိုလေသည်။

အဝိဇ္ဇာသိမျိုးဖြင့် သိခြင်းဖြစ်ပါက သူများအပေါ် 'ကျော' လိုက်ရခြင်းကိုလည်း 'မှန်'သည် ထင်၍ ကျေနပ်၏။ မမှန်ကန်သော နည်းလမ်းများဖြင့် မယူသင့်သော အခွင့်အရေးများ အရယူနိုင်ခြင်းကိုလည်း 'မှန်'သည်ထင်၍ ပျော်၏။ မိမိ၏ အစီးအပွားအတွက် သူများအား 'စတေး' နိုင်ခြင်းကိုလည်း တရားသည် ထင်၍ နှစ်သက်၏။ မိမိထက် တော်သူများအား မမှန်ကန်သော နည်းပရိယာယ်များဖြင့် 'ပ' ထုတ် နိုင်ခြင်းကိုလည်း 'တော်'သည် ထင်၍ ပြုံး၏။

ထိုအမြင်များသည် ထိုပုဂ္ဂိုလ်အတွက် မှန်၏။ ထိုပုဂ္ဂိုလ်နှင့် နှလုံးသွင်းတူ၊ စရိုက်တူ၊ဉာဉ်တူ၊ ဝါသနာတူ အသိုက်အဝန်းအတွက်လည်း မှန်၏။ ထိုအမှန်မျိုးကို ပါရိဘာသိကသစ္စာဟု ခေါ်၏။ ပါရိဘာသိက သစ္စာသည် မိမိ၏ပရိဝုဏ်၊ မိမိ၏နယ်နိမိတ် အတွင်းသာ မှန်လေ၏။ ထိုထက်ကျော်လွန်၍ မမှန်ချေ။

ပါရိဘာသိကသစ္စာထက် ကျော်လွန်သော အမှန်မျိုးကို မြင်နိုင်ရန် ယထာဘူတကျသော ဉာဏ်ကို ရရှိရန် လိုအပ်၏။ ယထာဘူတ ကျသော ဉာဏ်ဟူသည် အောက်စီဂျင်နှင့် ဟိုက်ဒရိုဂျင်ကို ပေါင်းစပ်ရာမှ 'ရေ' ဖြစ်လာသကဲ့သို့ အသိအလိမ္မာ'နှင့် အကျင့်ကို ပေါင်းစပ်ရာမှ'ဓမ္မသစ်'အနေဖြင့် ထွက်ပေါ်လာသော ဉာဏ်ဖြစ်သည်။

ယင်းဉာဏ်သည်သာ အမြင်မှားကို အဆင့်အလိုက် ပယ်နိုင်သော အားသစ်တစ်မျိုးကို ပိုင်ဆိုင်သော 'ဘဝ' ဖြစ်၏။ ဘဝဖြစ်မှ အားသစ်ရှိသည်၊ အားသစ်ရှိမှ အမြင်မှားကို ပယ်နိုင်၏။ အတ္တစွဲကို ပယ်နိုင်၏။

အမြင်မှားနှင့် အတ္တစွဲကို ပယ်နိုင်သည့် 'အားသစ်' ရှိသော 'ဘဝ' အဆင့်သို့ ရောက်သော ယထာဘူတ ဉာဏ် ဖြစ်ပေါ်လာအောင် အသိ (ဝိဇ္ဇာ)နှင့် အကျင့် (စရဏ)ကို စိတ်ထားတည်ကြည်မှု (သမာဓိ) ပေါ်၌ အခြေခံ၍ တည်ဆောက်အပ်၏။

သမာဓိဖြင့် ပွားနေခြင်း မရှိပါက မိမိမျက်စိသည် မိမိမျက်စိကို ပြန်၍ မမြင်နိုင်ကဲ့သို့ မိမိ စိတ်သည် မိမိစိတ်ကို ပြန်၍ မမြင်နိုင်၊ ထိုအခါ မိမိစိတ်၌

ဖြစ်ပေါ်နေသော 'အမှား'များကို မိမိစိတ်က မမြင်ရပါဘဲလျက် အမှားဟူ၍ လည်းကောင်း၊ အမှန်ဟူ၍ လည်းကောင်း ဆုံးဖြတ်ခြင်းသည် အဘယ်သို့လျှင် မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်ပေလိမ့်မည်နည်း။ ထို့ကြောင့် မိမိစိတ်ကို မိမိစိတ်က ပြန်မြင် နိုင်အောင် သမာဓိကို ပွားများရခြင်းဖြစ်၏။

ဘာသာရေးသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားများကို တည်ဆောက်ရေး၌ တာဝန်ယူသဖြင့် 'အစိတ်' သဘောကိုဆောင်၏။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသော အခြား ရေးရာများသည် အများနှင့်ဆိုင်သဖြင့် 'အပေါင်း'သဘောကို ဆောင်၏။ 'အပေါင်း'၌ 'အစိတ်' ပါဝင်၏။ 'အစိတ်' ကောင်းမှ 'အပေါင်း' ကောင်း၏။

သို့ဖြစ်၍ လူ့အဖွဲ့အစည်း၏ ရေးရာအဖြာဖြာတွင် ဘာသာရေးသည် အခြေခံအကျဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကိုယ်ကျင့်တရား မကောင်းသော လူတစ်ဦးချင်းစီ ပါဝင် ဖွဲ့စည်းထားသော လူ့အဖွဲ့ အစည်းသည် မကောင်းသောကြောင့် ဖြစ်၏။ ထိုနေရာ၌ 'ဘာသာမဲ့'ဆိုသူများသည်လည်း '**အ,နာမိကောယေဝ တဿ နာမံ – အမည် မရှိခြင်းသည်ပင်လျှင် ထိုသူ၏ အမည်ဖြစ်၏**' ဟူသည် နှင့်အညီ

'ဘာသာရေး' ဟူသော ဝေါဟာရ၏ အကျယ်ဝန်းဆုံးသော အနက်အားဖြင့် **'ဘာသာမဲ့ အမည်ရှိသော ဘာသာတရား'**၌ သက်ဝင် ယုံကြည်သူပင် ဖြစ်၏။

အခြားသော ဘာသာများသည် ဆိုင်ရာ လူ့အဖွဲ့အစည်းအတွက် ရေးရာအဖြာဖြာကို ဆောင်ရွက်ရာ၌ ချောမွေ့စေခြင်းငှာ လူတစ်ဦးချင်းစီ လိုက်နာကျင့်သုံးရန် ကိုယ်ကျင့်တရားများနှင့်ကျင့်ဝတ်များကို သတ်မှတ် ပြဋ္ဌာန်းထားကြ၏။ ထိုကိုယ်ကျင့်တရားများနှင့် ကျင့်ဝတ်များသည် သူ့ဒေသ သူ့လူတန်းစားများအတွက် ကောင်းပါ၏။

ဗုဒ္ဓဝါဒ၌ သက်ဝင်ယုံကြည်ကြသော လူ့အဖွဲ့အစည်းအတွက် ရေးရာ အဖြာဖြာကို ဆောင်ရွက်ရာ၌ ချောမွေ့စေခြင်းငှာ လူတစ်ဦးချင်းစီ လိုက်နာကျင့်သုံးရန် ကိုယ်ကျင့် တရားများနှင့် ကျင့်ဝတ်များကို ပြဋ္ဌာန်းထား၏။ ကိုယ်ကျင့်တရားအတွက် သီလ၊ သမာဓိ၊ ပညာဟူ၍ (၃)မျိုး ခွဲပြီး အနှစ်ချုပ်အားဖြင့် လောဘကို ပယ်သတ်ရေးပင် ဖြစ်၏။

လောဘကို ပယ်သတ်ရာတွင် ပယ်နိုင်လျှင် ပယ်နိုင်သလောက် 'ဝါနတော နိက္ခန္တံ နိဗ္ဗာနံ'အရ နိဗ္ဗာန်ကို ရခြင်းပင် မည်၏–ဟူ၍ ဆိုရ၏။ ကျင့်ဝတ်

များနှင့် ပတ်သက်၍မူ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ ဇနီးကျင့်ဝတ် စသည်ဖြင့် ပြဋ္ဌာန်းထား၏။

လူ့အဖွဲ့အစည်း၌ လူတို့သည် အချင်းချင်း မလွှဲမသွေ ဆက်ဆံကြရ၏။ ထိုသို့ ဆက်ဆံရာ၌ တစ်ဦးချင်းစီအတွက် 'ဘောင်'ရှိ၏။ ယင်း 'ဘောင်'ကို 'ကျင့်ဝတ်' ဟူ၍ ခေါ်၏။ ကျင့်ဝတ်ကို သတ်မှတ်ထားခြင်းသည် လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးအတွက် ဖြစ်၏။ မင်းဆိုလျှင်လည်း မင်းအတွက် သတ်မှတ်ထားသော 'ဘောင်'ရှိ၏။ လိုက်နာရမည့် ကျင့်ဝတ်ရှိ၏။

ထိုနည်းတူပင် တိုင်းသူပြည်သားများ၊ ရောင်းသူနှင့် ဝယ်သူများ၊ ဆရာနှင့် တပည့်များ၊ မိဘနှင့် သားသမီးများ၊ ရဟန်းသံဃာများနှင့် ဒါယကာများ၊ ပြည်ထောင်အချင်းချင်းများ စသည် စသည်အားဖြင့် မိမိတို့အတွက် သတ်မှတ်ထား'ဘောင်'များ၊'ကျင့်ဝတ်' များရှိလေရာ ယင်းတို့ကို မကျော်လွန် မချိုးဖောက်လျှင် ဆိုင်ရာ လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသည်ဖြစ်၏။ သတ်မှတ်ထားသော 'ဘောင်'နှင့် ကျင့်ဝတ်များကို ကျော်လွန် ဖောက်ဖျက်လျှင်မူ လူ့အဖွဲ့အစည်းသည် မည်သို့မျှ ငြိမ်းချမ်းနိုင်မည် မဟုတ်ချေ။

ဤနေရာ၌ ကျော်လွန်ဖောက်ဖျက်ခြင်းဆိုသည်မှာ ငါ၊ ငါ့ဥစ္စာ၊ ငါ့အင်အား ဟူ၍ 'ငါ'ကို ဗဟိုပြုသော တွေးခေါ်မြော်မြင်မှုဖြင့် အနာမခံဘဲ အသာစံခြင်းပင်ဖြစ်၏။ ထိုကဲ့သို့ အနာမခံဘဲ အသာစံခြင်းသည် လူ့အဖွဲ့အစည်း အတွင်း၌ မငြိမ်းချမ်းခြင်း၏ အကြောင်းရင်းဖြစ်၏။

ဥပါဒါနပစ္စယာ ဘဝေါ–ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဘဝသည် ဥပါဒါန်ကြောင့် ဖြစ်၏။ ဥပါဒါန်သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ (၄)မျိုး ပြား၏။

ထို(၄)မျိုးတွင် ကာမုပါဒါန်သည် ပတ်ဝန်းကျင်နှင့် ဆိုင်၏။ ကာမုပါဒါန်၌ ကာမ–ဟူသည် အာရုံ (၅) ပါးဖြစ်၏။ တံငါ ပတ်ဝန်းကျင်၌ တံငါတို့၏ အာရုံ (၅)ပါးသည် ကာမဖြစ်၏။ ကုန်သည်တို့၏ ပတ်ဝန်းကျင်၌ ကုန်သည်တို့၏ အာရုံ (၅)ပါးသည် ကာမဖြစ်၏။ ထိုနည်းအတူ ထိုထိုလူတန်းစားတို့၏ အာရုံ (၅)ပါးသည် ထိုထို လူတန်းစားတို့၏ ကာမဖြစ်၏။

ဒိဋ္ဌုပါဒါန်၌ ဒိဋ္ဌိသည် ပတ်ဝန်းကျင်အပေါ် အမြင်ဖြစ်၏။ တံငါတို့၏ မိမိပတ်ဝန်းကျင်အပေါ်

အမြင်သည် ဒိဋ္ဌိဖြစ်၏။ ကုန်သည်တို့၏ မိမိ ပတ်ဝန်းကျင်အပေါ် အမြင်သည် ဒိဋ္ဌိဖြစ်၏။ ထိုနည်း အတူ ထိုထိုလူတန်းစားတို့၏ မိမိပတ်ဝန်းကျင်အပေါ် အမြင်သည် ဒိဋ္ဌိဖြစ်၏။ သီလဗ္ဗတုပါဒါန်၌ သီလဗ္ဗတသည် အကျင့်အားဖြင့် ထိုထို လူတန်းစားတို့၏ ဓလေ့ဖြစ်၏။ အတ္တဝါဒုပါဒါန်၌ အတ္တဝါဒသည် ထိုထို လူတန်းစားတို့၏ 'ငါ'ကို ရှေ့တန်းတင်၍ ပြောမှု၊ ဆိုမှု၊ လုပ်ကိုင်မှု၊ တွေးခေါ် မြော်မြင်မှုဖြစ်၏။

ဥပါဒါန်–ဟူသည် ဘဝ၏ အကြောင်းတရားဖြစ်၏။ ယင်းကို စွဲလန်းခြင်းဟူ၍လည်း ဆို၏။ တံငါဖြစ်လျှင် တံငါပတ်ဝန်းကျင်ကို စွဲလန်း၏။ တံငါအမြင်ကို စွဲလန်း၏။ တံငါဓလေ့ကို စွဲလန်း၏။ တံငါတို့၏ 'ငါ' ကို ရှေ့တန်းတင်၍ ပြောမှု၊ ဆိုမှု၊ လုပ်ကိုင်မှု၊ တွေးခေါ် မြော်မြင်မှုတို့ကို စွဲလန်း၏။ ကုန်သည်ဖြစ်လျှင်လည်း အလားတူပင် စွဲလန်း၏။ အခြား လူတန်းစား ဖြစ်လျှင်လည်း အလားတူပင် စွဲလန်း၏။ ထိုစွဲလန်းမှုများသည် ဆိုင်ရာ ဆိုင်ရာ 'ဘဝ' ကို ဖန်ဆင်း၏။

စွဲလန်းမှုသည် ပထမအဆင့်တွင် 'နှလုံးသွင်း'၊ ဒုတိယအဆင့်တွင် 'စရိုက်'၊ တတိယအဆင့်တွင် 'ဉာဉ်'၊ စတုတ္ထအဆင့်တွင် 'အနုသယ' သို့ တိုင်အောင်

အဆင့်ဆင့် ရင့်ကျက်သွား၏။ ယင်းတို့၏တွန်းအား ဖြင့် အများ၊ အမှန် ဆုံးဖြတ်မှုသည် အပြီးသတ် ဖြစ်ပေါ်လာ၏။ ယင်းသို့ အပြီးသတ် ဆုံးဖြတ်မှုကို 'အာသယ'ဟူ၍ ခေါ်၏။ ဆိုကြောင့် လူတို့သည် ပြဿနာတစ်ရပ်ကို ဆုံးဖြတ်ရာ၌ မိမိတို့ တွေ့ကြုံ ခံစား၍ စွဲလန်းခဲ့ရသော ပတ်ဝန်းကျင်၊ အမြင်၊ ဓလေ့၊ အတ္တတို့ အပေါ် အခြေခံ၍ နှလုံးသွင်း၊ စရိုက်၊ ဉာဉ်၊ အနုသယတို့၏ တွန်းအားဖြင့် ဆုံးဖြတ် ကြခြင်း ဖြစ်၏။

တံငါ ဖြစ်လျှင်လည်း တံငါ ပတ်ဝန်းကျင်၊ တံငါ အမြင်၊ တံငါ ဓလေ့၊ တံငါ အတ္တအပေါ် အခြေခံ၍ တံငါ နှလုံးသွင်း၊ တံငါ စရိုက်၊ တံငါ ဉာဉ်၊ တံငါအနုသယ၏ တွန်းအားဖြင့် ဆုံးဖြတ်၏။ ကုန်သည်ဖြစ်လျှင် ကုန်သည် ပတ်ဝန်းကျင်၊ ကုန်သည် အမြင်၊ ကုန်သည် ဓလေ့၊ ကုန်သည်အတ္တတို့အပေါ် အခြေခံ၍ ကုန်သည် နှလုံးသွင်း၊ ကုန်သည်စရိုက်၊ ကုန်သည်ဉာဉ်၊ ကုန်သည် အနုသယတို့၏ တွန်းအား ဖြင့် ဆုံးဖြတ်၏။

သို့ဖြစ်၍ အများနှင့်အမှန် ဆုံးဖြတ်ခြင်းသည် ဥပါဒါန်အပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်း ဖြစ်လေရာ

ဥပါဒါန် ရှိနေသရွေ့ကာလပတ်လုံး လူတစ်ဦးနှင့် တစ်ဦး၊ လူတန်းစား တစ်ရပ်နှင့် တစ်ရပ် အချင်းချင်း တူညီရန် များစွာခက်၏။

လူတစ်ဦးနှင့်တစ်ဦး၊ လူတန်းစား တစ်ရပ်နှင့် တစ်ရပ် ဆုံးဖြတ်ချက်ချင်း တူညီစေရန် ဥပါဒါန်ကို ပါးသည်ထက်ပါးအောင် လုပ်ရန် လို၏။ ဥပါဒါန်ကို ပါးစေရန် 'အတ္တ'ကို ရှေ့တန်းမှ နောက်တန်းသို့ ပို့ထားရန် လို၏။'အတ္တ'ကို ရှေ့တန်းမှ နောက်တန်းသို့ ပို့ထားနိုင်ရန် စိတ်ထား တည်ကြည်မှု 'သမာဓိ'ကို ပွားစီးအောင် အားထုတ်ရန် လို၏။ သမာဓိကို ပွားစီးအောင် အားထုတ်ရာ၌ သတိနှင့် ဝီရိယသည် ကြီးစွာသော အထောက်အပံ့ဖြစ်၏။

အဘယ့်ကြောင့် ဆိုသော် သတိနှင့် ဝီရိယကို မဂ္ဂင်ဒေသနာတွင် သမာဓိမဂ္ဂင်၌ ထည့်သွင်းထားသော ကြောင့်ဖြစ်၏။ သမာဓိအားကောင်း၍ လုံလောက်သော ပမာဏကိုရသောအခါ အသိ(ဝိဇ္ဇာ)နှင့် အကျင့် (စရဏ)တို့သည် အရေအတွက် တည်းဟူသော 'အများ' အဆင့်မှ 'အရည်အချင်း' တည်းဟူသော 'တစ်သားတည်း' အဆင့်သို့ ပြောင်းလဲသွားနိုင် လေသည်။

ဗုဒ္ဓဘာသာသည် ထူးခြားသော ဘာသာဖြစ်၏။ သမုဒယ သစ္စာခေါ် တဏှာကိလေသာကို ပယ်သတ်ရေး၌ အဓိကထား၍ ဟောကြား၏။ နောက်ဆုံးဘဝ၏ ပန်းတိုင်ဖြစ်သော 'နိဗ္ဗာန်'ကိုပင် 'တဏှာမှ လွတ်မြောက်'ခြင်း ဟူ၍ အနက်ဖွင့်၏။ တဏှာမှ နည်းနည်း ထွက်မြောက်လျှင် နည်းနည်း ငြိမ်းချမ်း၏။ များများထွက်မြောက်လျှင် များများ ငြိမ်းချမ်း၏။ အကြွင်းမဲ့ ထွက်မြောက်လျှင် အကြွင်းမဲ့ ငြိမ်းချမ်း၏။ ငြိမ်းချမ်းခြင်းကို 'သန္တိသုခ'ဟူ၍ ခေါ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာသည် နိုင်ငံရေး၊ စီးပွားရေး စသော ရေးရာ အဖြာဖြာတို့၌ လက်တွေ့အသုံးချ၍ ရသော ဘာသာတရား ဖြစ်၏။ ဥပမာအားဖြင့် ဆိုက်ကားနင်းရာ၌ပင် မိမိ၏အကျိုးထက် ခရီးသည်၏အကျိုးကို ဦးစားပေးပါက နှစ်ဦးနှစ်ဝ ငြိမ်းချမ်းသော သုခကို ရ၏၊ သုခကို ရရုံသာမက ပါရမီကုသိုလ်လည်း ဖြစ်၏။ ကြိုးစားလျှင် ကြိုးစားသလောက် ပါရမီကုသိုလ် ဖြစ်၏။

ကုသိုလ်ကို ရိုးရိုးကုသိုလ်နှင့် ပါရမီကုသိုလ်ဟူ၍ (၂)မျိုး ခွဲနိုင်၏။ 'ရယူ' ရေးကို ဦးတည်သော ကုသိုလ်ကို'ရိုးရိုးကုသိုလ်'ဟူ၍ ဆိုရ၏။ 'စွန့်လွှတ်ရေး'ကို ဦးတည်သော ကုသိုလ်ကိုမူ'ပါရမီ ကုသိုလ်'

စစ်စစ်ဟူ၍ ဆိုရ၏။ ရိုးရိုးကုသိုလ်သည် အမြင်အားဖြင့် 'အပေါင်း' သဘောရှိ၏။ ပါရမီ ကုသိုလ်သည် အမြင်အားဖြင့် 'အနုတ်' သဘောရှိ၏။

'ရယူ'ရေး ဆိုသည်မှာ လူချမ်းသာ၊ နတ်ချမ်းသာကို ရရှိရေး၌ တပ်မက်ခြင်းဖြစ်၏။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကို ရရှိရေး၌ တပ်မက်ခြင်းဖြစ်၏။

'စွန့်လွှတ်'ရေးဆိုသည်မှာ လူချမ်းသာ၊ နတ်ချမ်းသာတို့၌ တပ်မက်ခြင်းကို စွန့်လွှတ်၏။ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့၌ တပ်မက်ခြင်းကို စွန့်လွှတ်၏။ ဓမ္မဝါဒထွန်းကားရေး၊ လူ့အဖွဲ့ အစည်းငြိမ်းချမ်းရေးတို့ အတွက် ဆောင်ရွက်ရာ၌ မိမိအသက်၊ မိမိ ဘဝ၌ပင် တပ်မက်ခြင်းကို စွန့်လွှတ်၏။ အရာရာတိုင်း၌ တပ်မက်ခြင်းကို စွန့်လွှတ်၏။

ရိုးရိုး ကုသိုလ်ကို ရိုးရိုးလူသားတို့က တန်ဖိုးထား၏၊ မြတ်နိုး၏။ ပါရမီ ကုသိုလ်ကို မြင့်မြတ်သောလူသားတို့က တန်ဖိုးထား၏၊ မြတ်နိုး၏။ ထို့ကြောင့် ဗုဒ္ဓဝါဒကို တကယ်ယုံကြည်သူများ ဖြစ်ပါက ပါရမီကုသိုလ်များဖြင့် ဘဝကို တည်ဆောက် သူများ ဖြစ်ထိုက်ပါ၏။

ဗုဒ္ဓဒေသနာတော်အရ ဘဝဟူသည် ကြွေးပင် ဖြစ်၏။ ထပ်၍ ထပ်၍ ဘဝဖြစ်ခြင်းသည် ထပ်၍ ထပ်၍ 'ကြွေးတင်'ခြင်းဖြစ်၏။ ထို့ကြောင့် 'ရယူ' ရေးသည် ဘဝကို တည်ဆောက်ရာတွင် ရိုးရိုး ကုသိုလ်သဘောဖြစ်၏။ ယင်းကို ဝဋ္ဋနိဿိတ ကုသိုလ် ဟူ၍လည်း ဆို၏။ 'စွန့်လွှတ်'ရေးသည် 'ကြွေးဆပ်' ခြင်း ဖြစ်၍ ပါရမီကုသိုလ် သဘောဖြစ်၏။ ယင်းကို ဝိဝဋ္ဋနိဿိတကုသိုလ်ဟူ၍လည်း ဆို၏။ သာမန် အားဖြင့် ရိုးရိုးကုသိုလ်သည် 'ရခြင်း' ဖြစ်၍ 'အပေါင်း' သဘောဖြစ်၏။ ပါရမီကုသိုလ်သည် 'စွန့်လွှတ်ခြင်း' ဖြစ်၍ 'အနုတ်'သဘော ရှိ၏။

သို့ရာတွင် သင်္ချာနည်းအရဆိုသော် ရိုးရိုးကုသိုလ် ရသည် ဆိုသော်လည်း'ကြွေးတင်ခြင်း'ဖြစ်၍'အနုတ်' စစ်စစ်ဖြစ်၏။ 'အရှုံး' စစ်စစ်ဖြစ်၏။ ပါရမီကုသိုလ် သည် စွန့်လွှတ်သည်ဆိုသော်လည်း 'ကြွေးကျေခြင်း' ဖြစ်၍'အပေါင်း'စစ်စစ်ဖြစ်၏။'အမြတ်'စစ်စစ်ဖြစ်၏။ သို့ဖြစ်၍ စွန့်လွှတ်ခြင်း 'နိဗ္ဗာန်'သည် 'အနုတ်'အသွင် ရှိသော်လည်း အမှန်အားဖြင့် 'အပေါင်း' စစ်စစ် ဖြစ်လေသည်။

ဆရာဇီဝက ဆေးပညာ သင်ယူပြီးသောအခါ ဆေးပညာ တကယ်တတ် မတတ် ဆရာက စမ်း၏။

တောသို့ဝင်၍ ဆေးဘက် မဝင်သော သစ်ပင်များကို ယူလာရန် ဆရာဇီဝကအား ခိုင်း၏။ သို့ရာတွင် ဆရာ ဇီဝကသည် တောလုံးအနှံ့ လှည့်လည်၍ ဆေးဘက် မဝင်သော သစ်ပင်များကို ရှာဖွေသော်လည်း တစ်ပင်မျှ မတွေ့၊ အားလုံး ဆေးဘက် ဝင်သည်ချည်း ဖြစ်၏။ ထို့ကြောင့် ဆရာဇီဝကသည် သူ့ဆရာထံ လက်ချည်း ပြန်လာခဲ့၏။

ဤနေရာ၌ ဆိုလိုသည်မှာ ဆရာဇီဝကအတွက် အဆိပ်ပင်သည်ပင် ဆေးဘက်ဝင်၏။ အရာရာတိုင်းသည် ဆေးဘက်ဝင်၏။ သစ်ပင်သည် ပဓာန မဟုတ်၊ အသုံးချတတ်မှုသည်သာ ပဓာနဖြစ်၏။ အသုံးမချတတ်ပါက စတုမဓုသည်ပင် အဆိပ်ဖြစ်၏။

ထိုနည်းအတူပင် မြန်မာနိုင်ငံအတွင်းသို့ ဝါဒအမျိုးမျိုး ဝင်လာ၏။ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဖက်ဆစ်၊ အရင်းရှင်စသည်တို့ ဖြစ်၏။ ယင်းဝါဒများ ဝင်လာတိုင်း မြန်မာနိုင်ငံသည် ဂယက်ရိုက်ခတ်ခြင်းကို ခံရ၏။ ထိုသို့ခံရခြင်းသည် ဆရာဇီဝက သစ်ပင်အားလုံးကို အသုံးချတတ်သကဲ့သို့ မြန်မာနိုင်ငံက ယင်းဝါဒများကို အသုံးမချတတ်သောကြောင့် ဖြစ်၏။ ထိုသို့ အသုံးမချတတ်ခြင်းသည်လည်း

မြန်မာနိုင်ငံ၏ ရေခံ မြေခံဖြစ်သော ဗုဒ္ဓဝါဒကို ကိုယ်ခံဝါဒ အနေဖြင့် တိကျမှန်ကန်စွာ မကျင့်သုံးနိုင်သောကြောင့် ဖြစ်၏။

ဗုဒ္ဓဝါဒ၏ အနှစ်သာရများဖြစ်သော ကိုယ်ကျိုးထက် အများအကျိုးကို ဦးစား ပေးမှု၊ အနစ်နာခံမှု၊ ရက်ရောမှု **(အလောဘ)**၊ စာနာ ထောက်ထားမှု **(အဒေါသ)**၊ ယထာဘူတ ကျကျ မြင်နိုင်မှု**(အမောဟ)** တို့သည် မြန်မာနိုင်ငံသားတို့၏ သန္တာန်၌ အမြစ်တွယ်အောင် မကိန်းအောင်းသေးသရွေ့ ကာလပတ်လုံး မြန်မာနိုင်ငံတွင်းသို့ ဝါဒဆိုးများ၊ ဝါဒကြမ်းများ ဝင်ရောက်လာမည့် ဘေးအန္တရာယ်များကို အမြဲတမ်း စိုးရိမ်နေရပေလိမ့်မည်။

ဆရာဇီဝကသည် မည်သည့် သစ်ပင်ကိုတွေ့တွေ့ လွှင့်မပစ်ဘဲ အသုံးချသကဲ့သို့ မြန်မာနိုင်ငံသားတို့သည်လည်း မည်သည့်ဝါဒများကို တွေ့တွေ့ လွှင့်မပစ်ဘဲ လေ့လာ၍ အသုံးချနိုင်ရေးအတွက် တစ်ဦးချင်းစီ၏ သန္တာန်၌ ဗုဒ္ဓဘာသာစရိုက်၊ ဗုဒ္ဓဘာသာဉာဉ်တို့ကို အမြစ် တွယ်အောင် အားထုတ်အပ်၏။ ထို့နောင်မှ အမျိုးသား စရိုက်၊ အမျိုးသား ဉာဉ် အဆင့်သို့ ရောက်အောင် ကြိုးပမ်းအပ်၏။

ထိုသို့ ကြိုးပမ်းရာတွင် တစ်ဦးချင်းစီ၏ စရိုက်နှင့် ဉာဉ်သည် ‘အစိတ်’ ဖြစ်၏။ ယင်း‘အစိတ်’များကို အရေအတွက်(သို့မဟုတ်)ပေါင်းစပ်ခြင်း(သို့မဟုတ်) တစ်သားတည်းအဆင့်သို့ ရောက်အောင် သိက္ခာ (၃) ပါးဖြင့် အားထုတ်အပ်၏။ ထိုအခါမှသာ အမျိုးသား စရိုက်၊ အမျိုးသား ဉာဉ်တို့သည် ‘ဘဝ’ သဘောဖြင့် ဖြစ်ပေါ်လာပေလိမ့်မည်။

ထိုအခါ ကိုယ်ခံအားကောင်းသူသည် မည်သည့် ရောဂါပိုးကိုမျှ မကြောက်ရသကဲ့သို့ မြန်မာနိုင်ငံ သည် လက်ဝဲ–လက်ယာ မည်သည့် ဝါဒကိုမျှ မကြောက်တော့၊ ဆရာဇီဝကသည် မြင်မြင်သမျှ သစ်ပင်များကို ဆေးဘက်ဝင်အောင် အသုံးချသကဲ့သို့ မြန်မာနိုင်ငံသည် မြင်မြင်သမျှ ဝါဒများကို တိုင်းပြည် တိုးတက်အောင် အသုံးချနိုင်ပေလိမ့်မည်။ ဤအဆင့် သို့ မရောက်သေးပါက ဥပါဒါန်တို့၏ နိယာမအတိုင်း အကျိုးပေးတတ်သဖြင့် ထိုထိုဝါဒများကို သတိကြီးစွာ ထားအပ်လေသည်။


ဗုဒ္ဓဝါဒကို ဗုဒ္ဓအလိုတော်ကျ လိုက်နာကျင့်သုံးရာ တွင် မိမိ၏ဘဝ၊ မိမိ၏ခန္ဓာကို ပန်းတိုင်(သို့မဟုတ်) အရှင်သခင်ကဲ့သို့ မဆက်ဆံဘဲ လောက၏ အစီး အပွားအတွက် လမ်းစဉ်(သို့မဟုတ်)အသုံးချကိရိယာ

(သို့မဟုတ်) အစေအပါးကဲ့သို့ ဆက်ဆံရမည်ဖြစ်ပါသည်။ သို့မှသာ ရခဲလှစွာသော လူ့ဘ၀ကို ရကျိုးနပ်ပေလိမ့်မည်။ အသက်ရှင်နေစဉ် ကာလအတွင်း လူပီသသော လူ့ဘ၀ဖြင့် အသက်ရှင်နေခြင်းမည်ပေမည်။

ဤသို့ ဆက်ဆံခြင်းသည်ပင် ဘ၀၏အနက်၊ ဘ၀၏ အဓိပ္ပာယ်၊ ဘ၀၏ ပန်းတိုင်နှင့် လျော်ညီစွာ မိမိ၏ ဘ၀ကို တည်ဆောက်နိုင်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

■

## အာသဝ၏ မာယာရေကန်



## အာသဝ၏ မာယာရေကာန်

ငြင်းခုံခြင်းသည် ဘေးဖြစ်၏။ မငြင်းခုံ ခြင်းသည် ငြိမ်းချမ်းခြင်း ဖြစ်၏။ ထို့ကြောင့် ငြင်းခုံခြင်းကို ဘေးအဖြစ် မြင်၍လည်းကောင်း၊ မငြင်းခုံ ခြင်းကို ငြိမ်းချမ်းမှုအဖြစ် မြင်၍ လည်းကောင်း လူ့လောက၌ အသက်ရှင်နေစဉ် ကာလအတွင်း တရားဓမ္မနှင့် အညီနေရန် သွန်သင်ချက်ကို လိုက်နာခြင်း မရှိကြ။

## အာသဝ၏ မာယာရေကန်

ငယ်စဉ်က ဒဏ္ဍာရီတစ်ခုကို ကြားဖူး၏။ ထိုဒဏ္ဍာရီမှာ နတ်ရေကန် ဒဏ္ဍာရီဖြစ်လေ၏။ မွေးစ ကလေးငယ်တစ်ယောက်ကို နတ်ရေကန်ထဲ ပစ်ချလိုက်လျှင် ထိုကလေးငယ်သည် ၁၆–နှစ်အရွယ် ဖြစ်လာသည် ဟူ၍ လည်းကောင်း၊ အဘိုးအို အဘွားအိုများကို နတ်ရေကန်ထဲပစ်ချလိုက်လျှင် ထိုအဘိုးအို၊ အဘွားအိုများသည် ၁၆–နှစ်အရွယ် ဖြစ်လာကြသည် ဟူ၍ လည်းကောင်း ကြားဖူး၏။ နတ်ရေကန်ထဲက ရေသည် ဤသို့လျှင် အရာရာကို ပြောင်းလဲစေနိုင်သော စွမ်းအင် ရှိ၏။

ဗုဒ္ဓစာပေထဲ၌ အာသဝ၏ မာယာရေကန်ကို ဖတ်ရ၏။ အာသဝ၏ မာယာရေကန်ကား နတ်ရေကန်လို ဒဏ္ဍာရီမဟုတ်၊ တကယ့် မာယာရေကန်ဖြစ်၏။

**ဒီပါဝိုးစာပေ**

မျက်စိဖြင့် ကြည့်၍ရ၏။ မျက်စိဆိုသော်လည်း ပကတိ မျက်စိတော့ မဟုတ်၊ ဉာဏ်မျက်စိ ဖြစ်၏။

အာသဝ၏ မာယာရေကန်ကို ပထမဦးဆုံး မြင်သူမှာ 'မြတ်စွာဘုရား'ဖြစ်ပါ၏။ မြတ်စွာဘုရားက အာသဝ၏ မာယာရေကန်သည် ရဟန္တာ မဟုတ်သေး သူတိုင်း၏ သန္တာန်၌ ရှိသည်–ဟု ဟောကြားတော် မူထား၏။

သတ္တဝါဟူသမျှသည် အာသဝ၏မာယာရေကန် ထဲသို့ ဆင်းဖူးကြသူများချည်း ဖြစ်၏။ အာသဝ၏ မာယာရေကန်ထဲသို့ဆင်းဖူးပါမှလည်း 'သတ္တဝါ'ဟူ၍ ဖြစ်ကြရ၏။သို့မဟုတ်ပါက 'သတ္တဝါ'ဟူ၍ ဖြစ်မလာ နိုင်၊ အမှန်အားဖြင့် အာသဝ၏ မာယာရေကန်သည် အရာရာတိုင်းကို အသက်သွင်း ပေးနိုင်စွမ်း ရှိပါ၏။

ဗုဒ္ဓအဘိဓမ္မာဆောင် မထေရ်များက အာသဝ၏ မာယာရေကန်မှ အာသဝမာယာရေသည် ကြာမြင့် စွာ 'ထုံ'အပ်သော 'စိမ်ရေ'နှင့်တူသည်ဟု မိန့်ကြ၏။ 'စိမ်ရေ'ဟူသည်မှာ 'အရက်'ပင်ဖြစ်၏။ အရက်သည် အရက်သမားများကို မူးအောင် လုပ်၏။ ရူးအောင် လုပ်၏။ ထို့ကြောင့် အရက်မူးသမားများသည် မူးကြ ၏။ ရူးကြ၏။

မူးကြ၊ ရူးကြသောအခါ အရက်မူးသမားများသည် အာရုံများကို အမှန်တိုင်း မသိကြတော့၊ 'အကောင်း'ကိုလည်း 'အဆိုး' ဟူ၍ ထင်ကြ၏။ 'အဆိုး'ကိုလည်း 'အကောင်း'ဟူ၍ ထင်ကြ၏။

အရက်မူးသမားများ၏ အထင်သည် အားလုံး ကမောက်ကမချည်းသာ ဖြစ်၏။ အမှန်အကန်ဟူ၍ မရှိသော်လည်း အရက်မူးသမားများသည် သူတို့၏ အထင်မှ သူတို့၏အထင်၊ အခြားသူများ၏ အထင်ကား ဖွဲ့နှင့်ဆန်ကွဲပမာသာ ဖြစ်ချေ၏။ ဤသို့လျှင် အရက်မူးသမားများသည် တစ်ယူသန်ကြ၏။

အာသဝ၏ မာယာရေကန်နှင့် ပတ်သက်၍ ဆိုရလျှင် ဘဝတွင် 'အသိခံနှင့် အသိ'ဟူ၍ နှစ်မျိုးရှိ၏။ 'အသိခံ'ကို 'အာရုံ'ဟူ၍ ဆို၏။ အာရုံဟူသည်မှာ သိစရာများ ဖြစ်၏။ 'အသိ'ကို 'စိတ်'ဟူ၍လည်း ဆို၏။ အာရမ္မဏိက–ဟူ၍လည်း ဆို၏။ စိတ်သို့မဟုတ် အာရမ္မဏိက ဟူသည်မှာ သိစရာများကို သိတတ်ပါ၏။

ထို့ကြောင့် ဘဝတွင် သိစရာများနှင့် အသိတရားများသည် အချင်းချင်း မလွဲမသွေ ဆက်ဆံနေကြရ၏၊ တစ်ရုံတစ်ဆစ်မျှ ပြတ်သည်ဟူ၍ မရှိ၊

အိပ်မောကျနေသော အခါ၌ပင် 'သိစရာနှင့် အသိ' သည် ဆက်ဆံနေသည်ပင် ဖြစ်၏။ သတ္တဝါများ အနေဖြင့် ထိုသို့ ဆက်ဆံနေကြောင်း 'သိခြင်းနှင့် မသိခြင်း'သည် တစ်ကဏ္ဍဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာဝေါဟာရ အနေဖြင့် ဆိုရလျှင်– စိတ်ဟူသမျှ၌ သိစရာအာရုံသည် အမြဲပါရ၏။ သိစရာ အာရုံမရှိဘဲနှင့် စိတ်ဟူသည် ဖြစ်ကောင်းသော သဘောမရှိပေ။ ဤသည်မှာ စိတ္တနိယာမ ဖြစ်၏။ ဤနိယာမအတိုင်း စိတ်ဖြစ်သည် ဆိုသည်နှင့် တပြိုင်နက် ဘာစိတ်ပင် ဖြစ်ဖြစ် အာရုံသည် အမြဲပါလေ၏။

ဗုဒ္ဓဒေသနာအရ အာရုံဟူသမျှသည် ပုထုဇဉ် တို့၏ အာရုံသာဖြစ်ပါက 'အာသဝ၏ မာယာရေကန်' ကို ဖြတ်သန်းရသည်ချည်း ဖြစ်၏။ ဤနေရာ၌ သေက္ခပုဂ္ဂိုလ်တို့ကား အာသဝ၏ မာယာရေကန်မှ 'အာသဝမာယာရေ'ကို ခန်းခြောက်အောင် အားထုတ် နေသော အရိယာသူတော်စင်များ ဖြစ်ကြသဖြင့် ယင်းတို့ကို ထည့်သွင်း၍ မဆိုခြင်း ဖြစ်ပါ၏။

စိတ်ဟူသမျှသည်လည်း ပုထုဇဉ်တို့၏ သိစိတ် သာဖြစ်ပါက အာသဝ၏ မာယာရေကန်ကို ဖြတ် သန်းရသည်ချည်း ဖြစ်၏။ ထိုသို့ ဖြတ်သန်းလိုက်

သည်နှင့် တပြိုင်နက် အာသဝ၏ မာယာရေကန်က အာသဝ၏ မာယာရေသည် သူ၏အဖွမ်းကို ပြလေတော့၏။ သူ၏ အစွမ်းကား မည်မျှ ထက်ပါလေသနည်း။

ပုထုဇဉ်တို့၏ ဆိုင်ရာဆိုင်ရာ ဒွါရများ၌ ဆိုင်ရာဆိုင်ရာ အာရုံများ ထင်လာသောအခါ ထိုထိုအာရုံများသည် ပုဂ္ဂိုလ်များလည်း မဟုတ်ကြ၊ သတ္တဝါများလည်း မဟုတ်ကြ၊ အသက်ဇီဝလည်း မရှိကြ၊ အရာ ဝတ္ထုများလည်း မဟုတ်ကြ၊ ဒြပ်လည်း မရှိကြ၊ အစိုင်အခဲလည်း မရှိကြ၊ ဒြပ်မဲ့၊ အစိုင်အခဲမဲ့၊ အသက်မဲ့ သဘာဝသက်သက်မျှသာ ဖြစ်ကြ ပါ၏။

သို့ရာတွင် အာသဝ၏မာယာရေကန်ကို ဖြတ်သန်းလိုက်သည်နှင့် တပြိုင်နက် အာသဝ 'ရေ'၏ စွမ်းအင်ကြောင့် ထိုထိုအာရုံတို့သည် ဒြပ်မဲ့အဆင့်မှ ဒြပ်ရှိအဆင့်သို့ ရောက်သွားကြ၏။ အစိုင်အခဲမဲ့အဆင့်မှ အစိုင်အခဲ အဆင့်သို့ ရောက်သွားကြ၏။ သက်မဲ့အဆင့်မှ သက်ရှိအဆင့်သို့ ရောက်သွားကြ၏။ ပုဂ္ဂိုလ်မဟုတ်သော အဆင့်မှ ပုဂ္ဂိုလ်အဆင့်သို့ ရောက်သွားကြ၏။

သတ္တဝါမဟုတ်သော အဆင့်မှ သတ္တဝါအဆင့်သို့ ရောက်သွားကြ၏၊ အရာဝတ္ထု မဟုတ်သောအဆင့်မှ အရာဝတ္ထုအဆင့်သို့ ရောက်သွားကြ၏၊ ပရမတ်အဆင့်မှ ပညတ်အဆင့်သို့ ရောက်သွားကြ၏။ ဤသည်မှာ သိစရာ အာရုံပိုင်းအပေါ်၌သာ အာသဝမာယာရေ၏ အစွမ်းသတ္တိပြမှု ဖြစ်ပါ၏။

အာရုံကို သိတတ်သောပုထုဇဉ်တို့၏ သိစိတ်အပေါ်၌လည်း အာသဝ မာယာရေသည် အစွမ်းပြသည်ပင်ဖြစ်၏။ အမှန်အားဖြင့် သိတတ်သော သိစိတ်ဟူသည် ပရမတ်တရား စစ်စစ်ဖြစ်၏။ ထို့ကြောင့် အာရုံများကို စိတ်၏ သဘာဝအတိုင်း စိတ်ကပင် သိခြင်းဖြစ်၏။

သို့ရာတွင် ထိုသိစိတ်သည် အာသဝ၏ မာယာရေကန်ကို ဖြတ်သန်းမိသည်နှင့် တပြိုင်နက် သိစိတ်သည် ရိုးရိုးသိစိတ် မဟုတ်တော့၊ သိစိတ်သည် 'ငါ'ဖြစ်လာ၏။ 'ငါ'ဖြစ်လာသည်နှင့် တပြိုင်နက် ဘာကိုပင် သိသိ 'သိစိတ်က သိသည်'ဟူ၍ မခံယူတော့၊ 'ငါက သိသည်'ဟူ၍သာ ခံယူတော့၏။ အာသဝ၏ မာယာရေကန်မှ အာသဝမာယာရေသည် ထိုမျှလောက် စွမ်းပါ၏။

နတ်ရေကန်နှင့် နှိုင်းစာလျှင် အာသ၀မာယာရေကန်သည် နတ်ရေကန်ထက် မည်မျှ ပို၍ စွမ်းအားသာသည်ကို သူသူ ငါငါ အားလုံး သိပါ၏။

အာရုံများသည်လည်း အာသ၀၏မာယာရေကန်ကို ဖြတ်သန်းမိသောကြောင့် အားလုံး ကမောက်ကမဖြစ်ကြရ၏။ သိစိတ်များသည်လည်း အာသ၀၏မာယာရေကန်ကို ဖြတ်သန်းမိသောကြောင့် အားလုံးပင် ကမောက်ကမ ဖြစ်ကြရ၏။ ထိုအခါ ကမောက်ကမဖြစ်နေသော အာရုံများကို ကမောက်ကမ ဖြစ်နေသော သိစိတ်များက မည်သို့လျှင် ယထာဘူတ ကျကျမှန်ကန်စွာ သိနိုင်ပါမည်နည်း၊ ဓမ္မဓိဋ္ဌာန်ကျကျပြောရလျှင် ဤသို့ပင် ပြောရမည်ဖြစ်၏။

ဓမ္မဓိဋ္ဌာန်ကျကျ ဆိုသည်မှာလည်း သဘောတရား အနေဖြင့် ၀ေါဟာရအရသာ ဓမ္မဓိဋ္ဌာန်ကျခြင်းဖြစ်၏။ လက်တွေ့ကျင့်သုံးမှုအရဆိုလျှင် ဓမ္မဓိဋ္ဌာန်ကျခြင်းဟူ၍ မရှိနိုင်၊ ပုဂ္ဂလဓိဋ္ဌာန်ကျခြင်းသာ ရှိနိုင်ပါ၏။

အဘယ့်ကြောင့်ဆိုသော် ပြောသူများကိုယ်တိုင်က အာသ၀၏ မာယာရေကန်ကို ဖြတ်သန်းပြီးမှပြောနိုင်သောကြောင့် ဖြစ်၏။ အမှန်အားဖြင့်လည်း

ပြောသူ၏ သိစရာ အာရုံများကလည်း အာသဝ မာယာရေကန်ကို ဖြတ်သန်းခဲ့ရသဖြင့် ကမောက်ကမပင် ဖြစ်၏။ ပြောသူ၏ သိစိတ်များကလည်း အာသဝ၏ မာယာရေကန်ကို ဖြတ်သန်းခဲ့ရသဖြင့် ကမောက်ကမပင် ဖြစ်ကြလေ၏။ ဤသည်မှာလည်း ဓမ္မတာပင် ဖြစ်၏။

ဤဓမ္မတာအရပင် တက္ကဗေဒပညာရှင်တစ်ဦး၏ အဆိုအမိန့်ကို နောက်တက္ကဗေဒပညာရှင်တစ်ဦးက ငြင်းပယ်နိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် တက္ကဗေဒပညာရှင် နှစ်ဦးစလုံးတို့သည် အာသဝ၏ မာယာရေကန်ကို ဖြတ်သန်းခဲ့ကြသူချည်း ဖြစ်လေ၏။

ထို့ကြောင့်သာ သူတို့သည် စိတ်သိကို ငါသိလုပ်ပြီး တစ်ဦးနှင့်တစ်ဦး သူ့ထက်ငါ အစွမ်းပြနိုင်ကြခြင်းဖြစ်၏။ 'ငါသိ' လုပ်သည် ဆိုကတည်းက 'ငါ'၌ တဏှာပါ၏၊ မာနပါ၏၊ ဒိဋ္ဌိပါ၏၊ သို့ဖြစ်လျှင် မည်သည့်'ငါ'က ဓမ္မနှင့်ယှဉ်သော အစွမ်းကို ပြနိုင်ပါလေမည်နည်း။

တက္ကဗေဒလောက၌သာမက အခြားလောကများ၌လည်း ထို့အတူပင်ဖြစ်၏။ ပညာရေးလောက၌လည်းကောင်း၊ လူမှုရေးလောက၌ လည်းကောင်း၊

စီးပွားရေးလောက၌လည်းကောင်း၊ နိုင်ငံရေးလောက၌လည်းကောင်း၊ အုပ်ချုပ်ရေးလောက၌ လည်း ကောင်း 'သူမှန်သည်၊ ငါမှန်သည်' ဟူသော ငြင်းခုံ သံများကို ကမ္ဘာ၏ မျက်နှာပြင်အသီးသီးမှ ကြားနေကြရ၏။

အယုတ်ဆုံးအားဖြင့် ဘာသာရေးလောက၌ပင် 'သူမှန်သည်၊ ငါမှန်သည်' ဟူသော ငြင်းခုံသံများကို ကြားနေရ၏။

အမှန်အားဖြင့် ဘာသာရေး လောက ဟူသည်ကား စိတ်၏ ငြိမ်းချမ်းမှုကိုရယူရာ လောက ဖြစ်၏။ ထို့ကြောင့် ဘာသာရေးလောက၌ ဤကဲ့သို့ 'သူမှန်သည်၊ ငါမှန်သည်'ဟူသော ငြင်းခုံသံများကို မကြားသင့်သည်ကား အမှန်။ သို့ရာတွင် မကြားသင့်ပါဘဲလျက် ကြားနေရသည်ကလည်း အမှန်။

ယနေ့သာကြားနေရသည်မဟုတ်၊ ရှေးကလည်း ကြားခဲ့ရ၏။ နောင်လည်း ကြားနေရဦးမည်ပင်ဖြစ်၏။ အခြားသော ရေးရာများကို အကြောင်းပြု၍ စစ်ခင်းကြသည်အထိ ငြင်းခုံကြသည်များကို မဆိုနှင့်ဦး၊ ဘာသာရေးကို အကြောင်းပြု၍ စစ်ခင်းသည်အထိ ငြင်းခုံကြသည်ကို ကမ္ဘာ့သမိုင်း၌ အထင်အရှား

တွေ့မြင်နိုင်၏။ ပကတိ နားဖြင့်ပင် ကြားနိုင်၏။ ဗုဒ္ဓဒေသနာတော်၌မူ–

**'ဝိဝါဒံ ဘယတော ဒိသွာ**

**အဝိဝါဒဉ္စ ခေမတော'**ဟူ၍ လာ၏။

ငြင်းခုံခြင်းသည် ဘေးဖြစ်၏။ မငြင်းခုံခြင်းသည် ငြိမ်းချမ်းခြင်းဖြစ်၏။ ထို့ကြောင့် ငြင်းခုံခြင်းကို ဘေးအဖြစ် မြင်၍ လည်းကောင်း၊ မငြင်းခုံခြင်းကို ငြိမ်းချမ်းမှုအဖြစ် မြင်၍ လည်းကောင်း လူ့လောက၌ အသက်ရှင်နေစဉ် ကာလအတွင်း တရားဓမ္မနှင့်အညီ နေရန် သွန်သင်ထားပါ၏။ သို့ရာတွင် ထိုသွန်သင် ချက်ကို လိုက်နာခြင်း မရှိကြ။

သံသရာသက်တမ်းနှင့်စာလျှင်လူ့ဘဝသက်တမ်း ဟူသည်မှာ သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက် သည့် ရေပွက်ပမာ တစ်သက်လျှာသာ ဖြစ်ပါ၏။ တစ်သက်လျှာဆိုသည်မှာ မွေးသည်မှ သေသည်အထိ ကာလ တစ်လျှောက်လုံး ဖြစ်၏။ ထိုသဘောကို လူတို့ မသိသဖြင့် ယခုကဲ့သို့ ငြင်းခုံနေကြခြင်းတော့ မဟုတ်၊ သိပါလျက်နှင့် ငြင်းခုံနေကြခြင်း ဖြစ်၏။ ဤသဘောကို 'အသိခေါက်ခက် အဝင်နက်'ဟူ၍ ဆိုရ၏။

အသိခေါက်ခက် အဝင် နက်နေကြခြင်းမှာ အာသဝ၏ မာယာရေကန်ကို ဖြတ်သန် ကြရသူများ ပေပီ အနိစ္စသဘောကိုသိရာ၌ 'စိတ်သိ၊ ဓမ္မသိ' မဟုတ်ဘဲ 'ပုဂ္ဂိုလ်သိ၊ ငါသိ'ဖြစ်သောကြောင့်သာ ဖြစ်ပါ၏။


ဤလောက၌ ပုထုဇဉ်တို့၏ အသိသည် အာသဝ၏ မာယာရေကန်ကို ဖြတ်သန်းပြီးမှ သိသော အသိချည်း ဖြစ်သောကြောင့် အားလုံး ကမောက်ကမ ချည်းဖြစ်၏။ ကမောက်ကမချည်း ဖြစ်သည်ကို ကမောက်ကမ ဖြစ်မှန်းမသိဘဲ အားလုံး 'အတည့်' ချည်း ဖြစ်သည်ဟူ၍ မိမိတို့ဘာသာ မိမိတို့က သိနေသောကြောင့် ဖြစ်၏။

ထို့ကြောင့် ပုထုဇဉ်တို့ အသိဟူသမျှသည် အားလုံး အမှားချည်း ဖြစ်၏။ ကမောက်ကမ အသိချည်း ဖြစ်၏။ ယင်းအသိကို ပါဠိဝေါဟာရ အားဖြင့် 'ဝိပလ္လာသသိ'ဟူ၍ ဆိုရ၏။ 'ဝိပလ္လာသသိ' ဟူသည်မှာ ဖောက်ပြန်သော အသိဖြစ်၏။

သို့ဖြစ်၍ ဖောက်ပြန်သော 'အသိရှင်' အချင်းချင်း၏ ငြင်းခုံမှုသည် ဘယ်သောအခါ အဆုံးသတ်နိုင်ပါမည်နည်း။

အမှန်အားဖြင့် ငြင်းခုံမှုဟူသမျှကို အဆုံးသတ်နိုင်သော အသိသည် ရှိ၏။ ထိုအသိကို ‘သစ္စာသိ’ဟူ၍ ခေါ်၏။ ‘ဝိပလ္လာသသိ’ကို ‘သစ္စာသိ’ဖြင့်သာ ချေဖျက်နိုင်၏။ ‘သစ္စာသိ’ ဟူသည်ကား ‘ပုဂ္ဂိုလ်သိ၊ ငါသိ’ မဟုတ်၊ ‘စိတ်သိ ဓမ္မသိ’ဖြစ်၏။ ‘စိတ်သိ ဓမ္မသိ’ ဟူသည် ‘ငါ’ကို ချေဖျက်ပြီးမှ ရသော ‘အသိ’ ဖြစ်လေ၏။

# ဘဝလမ်းနှစ်သွယ်



## ဘဝလမ်းနှစ်သွယ်

ပရမတ္ထသစ္စာသည် ဉာဏ်လမ်း၏ သစ္စာဖြစ်၍ သမ္မုတိသစ္စာသည် ကံလမ်း၏ သစ္စာဖြစ်၏၊ သမ္မုတိ သစ္စာနယ်ပယ်၌ ကံက ခင်းပေးသော လမ်းပေါ်၌ လျှောက်ကြသူများ၏ ဘဝသည် အရက်မူးသမားများ၏ ဘဝသဖွယ် သာဖြစ်၏၊ အိပ်မက်သဖွယ်သာ ဖြစ်၏။

အာသဝ၏ မာယာရေကန်

(သို့မဟုတ်)

# ဘဝလမ်းနှစ်သွယ်

မိမိတို့၏ ဘဝဖြစ်စဉ်များသည် မိမိတို့၏ ဒွါရများ၌ သိစရာ အာရုံများနှင့် သိစိတ် အာရမ္မဏိကတို့ တွေ့ဆုံရာမှ ဖြစ်ပေါ်လာကြသည်ချည်း ဖြစ်၏။ ထိုကြောင့် မိမိတို့၏ ဘဝဖြစ်စဉ်များကို သိလိုပါလျှင် သိစရာ အာရုံများကိုလည်း အမှန်အတိုင်း သိဖို့လို၏။ သိစိတ် အာရမ္မဏိကများကိုလည်း အမှန်အတိုင်း သိဖို့လို၏။ ယင်းတို့ တွေ့ဆုံရာ ဒွါရများကိုလည်း အမှန်အတိုင်း သိဖို့လို၏။ ဤသို့ သိပါမှလည်း မိမိတို့၏ ဘဝဖြစ်စဉ်များကို အမှန်

အတိုင်း သိနိုင်မည်ဖြစ်၏။ ဘဝဖြစ်စဉ်များကို အမှန်အတိုင်း သိပါမှလည်း ဘဝခရီးကို မိမိတို့ နှစ်သက်သလို လျှောက်နိုင်အောင် စီစဉ်နိုင်မည် ဖြစ်၏။

အကျဉ်းအားဖြင့် ဘဝ ခရီးသည် နှစ်မျိုးရှိ၏။ တစ်မျိုးမှာ 'ကံ'က ညွှန်ပေးသော လမ်းအတိုင်း လျှောက်ရသော ခရီးဖြစ်၏။ အခြား တစ်မျိုးမှာ 'ဉာဏ်'က ညွှန်ပေးသော လမ်းအတိုင်း လျှောက်ရသော ခရီးဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် 'ကံခရီး'နှင့် 'ဉာဏ်ခရီး'တို့ပင် ဖြစ်လေ၏။

ကံခရီးအတိုင်း လျှောက်ပါက မိမိတို့၏ ဘဝသည် ကံညွှန်ပြပေးသော ကွန်းထောက် စခန်းများအတိုင်း ရောက်မည်ဖြစ်၏။ မိမိတို့ ရောက်လိုသည့်အတိုင်း ရောက်မည် မဟုတ်။ ကံက နတ်ပြည်ကို ညွှန်လျှင် နတ်ပြည်သို့ ရောက်၏။ ငရဲပြည်သို့ ညွှန်လျှင် ငရဲပြည်သို့ ရောက်၏။ လူ့ပြည်ကို ညွှန်လျှင်လည်း လူ့ပြည်သို့ ရောက်ရပြန်၏။ ဤခရီးတွင် 'ကံ' သည် ဘုရင် ဧကရာဇ်ဖြစ်၏။ သူ ညွှန်သည့်အတိုင်း သွားရ၏။ မသွားလျှင်မဖြစ် သွားကို သွားရ၏။ ဤသည်မှာ ကမ္မနိယာမအရ ဖြစ်လေ၏။

အကယ်၍ ဉာဏ်ခရီးအတိုင်း လျှောက်ပါက မိမိတို့၏ စိတ်ဆန္ဒအတိုင်း မိမိတို့ ရောက်လိုရာသို့ ရောက်နိုင်၏။ နတ်ပြည်သို့ ရောက်လိုလျှင်လည်း နတ်ပြည်သို့ ရောက်ရ၏။ လူ့ပြည်သို့ရောက်လိုလျှင် လည်း လူ့ပြည်သို့ ရောက်ရ၏။ အကယ်၍ နိဗ္ဗာန်သို့ ရောက်လိုပါကလည်း နိဗ္ဗာန်သို့ ရောက်ရ၏။ ဤခရီး တွင် ဉာဏ်သည် ဘုရင်ကေရာဇ် ဖြစ်၏။ 'ကံ'သည် 'ဉာဏ်'၏ အမိန့်အတိုင်း လိုက်နာ ဆောင်ရွက် ပေးရ၏။

လမ်းနှစ်သွယ်တွင် ဉာဏ်လမ်းသည်ကောင်း၏။ မိမိဆန္ဒ ရှိသလို လျှောက်နိုင်၏။ မိမိဆန္ဒရှိသည့် အတိုင်းလည်း ရောက်နိုင်၏။ ထို့ကြောင့် မိမိတို့၏ ဘဝသည် ဉာဏ်က ညွှန်ပြပေးသော လမ်းအတိုင်း လျှောက်နိုင်ရန်အတွက် သိစရာ အာရုံများ၏ သဘောကို အမှန်အတိုင်းသိရန် လိုခြင်း ဖြစ်၏။ ယင်းတို့ဆုံရာ ဒွါရများ၏ သဘောကိုလည်း အမှန် အတိုင်း သိရန်လိုခြင်း ဖြစ်၏။ ဤသို့ အမှန်အတိုင်း သိခြင်းသည်ပင် ဉာဏ်လမ်းကို လိုက်ခြင်းမည်၏။

အာရုံ – အာရမ္မဏိက – ဒွါရ – ဤသုံးမျိုးလုံး ပရမတ္ထဓမ္မများ ဖြစ်ကြ၏။ ပရမတ္ထဓမ္မများ ဖြစ်ကြ သည့် အားလျော်စွာ ယင်းတို့သည် သဘောသက်သက်

မျှသာ ဖြစ်ကြ၏။ ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်း မဟုတ်၊ အရာဝတ္ထုလည်း မဟုတ်၊ ဒြပ်လည်း မဟုတ်၊ အသက်လည်းမဟုတ်။

ဤသည်မှာ ပရမတ္ထ ဓမ္မတို့၏ စစ်မှန်သော သဘော၊ စစ်မှန်သော လက္ခဏာ ဖြစ်၏။ သို့ရာတွင် လက်တွေ့အားဖြင့် ဘဝဖြစ်စဉ်နှင့် ပတ်သက် လာလျှင် ဤဓမ္မသုံးမျိုးတို့သည် ဤအတိုင်း မဖြစ်ကြ။

ဤဓမ္မအုပ်စုသုံးမျိုးတွင် အရေးကြီးဆုံးမှာ ဒွါရဖြစ်၏။ ဒွါရ၏အနက်မှာ တံခါးဖြစ်၏။ တံခါးဟူသည့် အတိုင်း အာရုံနှင့် အာရမ္မဏိကတို့သည် ဤနေရာမှ ဝင်ကြ၏၊ ထွက်ကြ၏၊ ဒွါရကိုပင် အာယတနဟူ၍လည်း ဆိုကြ၏။ အာယတန၏ အနက်မှာ ဌာနဖြစ်၏။ သိစိတ်ဖြစ်သော အာရမ္မဏိက တို့သည် ဆိုင်ရာဆိုင်ရာ ဒွါရများ၌ ဖြစ်ကြ၏။ ချုပ်ကြ၏။ ထို့ကြောင့် ဒွါရများကို အာယတနများ ဟူ၍ ခေါ်ခြင်းဖြစ်၏။

ဆိုင်ရာဆိုင်ရာ အာရုံများသည် ဆိုင်ရာ ဆိုင်ရာ ဒွါရများ၌ ထင်ကြ၏။ ထိုသို့ ထင်သည့်အတိုင်း ဆိုင်ရာ ဆိုင်ရာ သိစိတ်များ ဖြစ်ကြ၏။ အာရုံနှင့် သိစိတ် အားလျော်စွာ ဆိုင်ရာ သိစိတ်က ဆိုင်ရာ

ဆိုင်ရာ အာရုံကို သိ၏။ ဤသည်မှာ ဓမ္မသဘာဝအရ ဖြစ်စဉ် ဖြစ်၏။ သို့ရာတွင် လက်တွေ့အားဖြင့်မူ ထိုကဲ့သို့ မဖြစ်။

အမှန်အားဖြင့် အာသဝေါတရားတို့သည် ဒွါရများကို ဝန်းရံလျက် ရှိကြ၏။ အာသဝေါတရားတို့သည် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူ၍ လေးမျိုးရှိ၏။ ကာမာသဝသည် ကာမဘုံသားတို့ကို အာရုံနှင့် ပတ်သက်၍ သိရာတွင် အမှန်အတိုင်း မသိစေဘဲ ကမောက်ကမ သိအောင် လုပ်တတ်၏။ ဘဝါသဝသည် ဗြဟ္မာတို့ကို အာရုံနှင့် ပတ်သက်၍ သိရာတွင် အမှန်အတိုင်း မသိစေဘဲ ကမောက်ကမ သိအောင် လုပ်တတ်၏။

ဒိဋ္ဌာသဝသည် ပုထုဇဉ် ဟူသမျှကို အာရုံနှင့် ပတ်သက်၍ သိရာတွင် အမှန်အတိုင်း မသိစေဘဲ ကမောက်ကမ သိအောင်လုပ်တတ်၏။ အဝိဇ္ဇာသဝသည် ပုထုဇဉ်မှ အနာဂါမ်တိုင်အောင် အာရုံနှင့် ပတ်သက်၍ သိရာတွင် အမှန်အတိုင်း မသိစေဘဲ ကမောက်ကမ သိအောင် လုပ်တတ်၏။ ထို့ကြောင့် အာသဝတရားများကို အရက်နှင့် တင်စား၍ ကျမ်းဂန်များ၌ ဆိုခြင်းဖြစ်၏။

အရက်မူးသမားသည် အရက်ကြောင့် အာရုံကို အမှန်အတိုင်း မသိဘဲ မိမိ သိချင်သလို သိခြင်းဖြစ်၏။ စိတ်ဆိုးစရာ အာရုံမဟုတ် ပါဘဲလျက် စိတ်ဆိုး တတ်၏။ ပြစ်မှာစရာ အာရုံ မဟုတ်ပါဘဲလျက် ပြစ်မှားတတ်၏။ အာသဝေါတရားတို့သည်လည်း အရက်နည်းတူပင် ထိုထိုသတ္တဝါတို့အား အာရုံနှင့် ပတ်သက်၍ သိရာတွင် အမှန်အတိုင်း မသိစေဘဲ ကမောက်ကမ သိစေတတ်ကြလေ၏။

အာသဝေါတရားများကို အိပ်မက်နှင့် တင်စား၍ လည်း ဆိုနိုင်ပါ၏။ အိပ်မက်အတွင်း၌ အိပ်မက် မက်နေသူသည် မိမိ မက်နေသော အိပ်မက်ကြောင့် မိမိသိသမျှ အားလုံးကို အမှန်ချည်း ဖြစ်ကြောင်း ယုံမှတ်၏။ ကောင်းကင်၌ သွားနေရခြင်းသည်လည်း သူ့အတွက် အမှန်ပင်ဖြစ်၏။ ရေပေါ်၌ လျှောက်သွား နေရခြင်းသည်လည်း သူ့အတွက် အမှန်ပင်ဖြစ်၏။ ဘာလုပ်လုပ် လုပ်သမျှ အားလုံး သူ့အတွက် အမှန် ချည်းဖြစ်၏။ မနိုးသေးသမျှ ကာလအတွင်း တွေ့ကြုံ ခံစားရသမျှ အားလုံး သူ့အတွက် အမှန်ချည်း ဖြစ်၏။

ထိုနည်းတူပင် အာသဝေါတရားများသည် မိမိတို့ မချုပ်သေးသမျှ ကာလပတ်လုံး မိမိတို့ ကိန်းဝပ်ရာ

ပုဂ္ဂိုလ်များအတွက် သိစရာ အာရုံများနှင့် ပတ်သက်၍ သိရာတွင် အားလုံး အမှန်ချည်း ထင်နေအောင် လုပ်တတ်ကြ၏။ ထို့ကြောင့် အာသဝေါ မကင်းသူများသည် အာသဝေါတရားများကြောင့် မိမိတို့သိသမျှ တွေ့ကြုံခံစားရသမျှကို အမှန်ချည်း ထင်မှတ်နေကြခြင်း ဖြစ်၏။ထင်မှတ်သည့် အတိုင်းလည်း ယုံကြည်နေကြခြင်းဖြစ်၏။

အိပ်ရာမှ နိုးသောအခါ အိပ်မက် အတွေ့အကြုံအားလုံးတို့သည် အမှားချည်းဖြစ်ကြောင်း သိသကဲ့သို့ အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်သွားသောအခါ အာသဝေါ မကုန်မီက သိရသော အသိ ဟူသမျှတို့သည် အားလုံး အမှားချည်း ဖြစ်ကြောင်း သိလေ၏။

မြင်စရာ အာရုံသည် ပရမတ္ထသဘောအရ အဆင်းသက်သက်မျှသာ ဖြစ်၏။ ဒြပ်လည်း မရှိ၊ အသက်လည်း မဟုတ်၊ သို့ရာတွင် မျက်စိ၌ အာရုံအဖြစ် လာ၍ထင်သောအခါ မျက်စိကို ဝန်းရံလျက်ရှိသော အာသဝ၏မာယာရေများကို ဖြတ်သန်း၍ ထင်ရ၏။ အာသဝ၏ မာယာရေများကို ဖြတ်သန်းလိုက်သည်နှင့် တစ်ပြိုင်နက် မြင်စရာ အာရုံသည် ပရမတ္ထသဘောအရ အဆင်းသက်သက်မျှ မကတော့

ပုဂ္ဂိုလ်ဖြစ်လာ၏။ သက်ရှိ ဖြစ်လာ၏။ အရာဝတ္ထု ဖြစ်လာ၏။ ဒြပ်ရှိ ဖြစ်လာ၏။ ဤသည်မှာ အာသဝ၏ မာယာရေကြောင့် ဖြစ်၏။

အကယ်၍ အဆင်းအာရုံသည် အာသဝ၏ မာယာရေနှင့်သာ မထိတွေ့ဘူးဆိုပါလျှင် မြင်–မြင်ကာမျှနှင့်ပင် အဆုံးသတ်၏။ ထိုနည်းတူ ကြားစရာ အာရုံများသည်လည်းကောင်း၊ နမ်းစရာ အာရုံများသည် လည်းကောင်း၊ အခြားသော သိစရာအာရုံများသည်လည်းကောင်း ထိုထို ဒွါရများကို ဝန်းရံလျက်ရှိသော အာသဝ၏ မာယာရေနှင့် ထိတွေ့ပြီး ဆိုင်ရာဒွါရများ၌ ထင်ခြင်းဖြစ်ပါက သက်မဲ့မှ သက်ရှိသို့လည်းကောင်း၊ ဒြပ်မဲ့မှ ဒြပ်ရှိသို့ လည်းကောင်း ပြောင်းလဲသွားကြမည် ဖြစ်၏။ အကယ်၍ အာသဝ၏ မာယာရေနှင့် မထိတွေ့ပါက ကြား–ကြားကာမျှ၊ နံ–နံကာမျှ၊ သိ–သိကာမျှ နှင့်ပင် အဆုံးသတ်ကြမည် ဖြစ်၏။

အမှန်အားဖြင့် ပရမတ္ထသဘောအရ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ နံလျှင် နံကာမျှ၊ သိလျှင် သိကာမျှတို့သည်သာ အမှန်တရားများ ဖြစ်ကြ၏။ ဤအမှန်တရားများသည်လည်း အာသဝေါ

ကုန်ခန်းပြီးသူ ရဟန္တာများအတွက်သာ ဖြစ်နိုင်၏။ အာသဝေါ မကုန်သေးသူများ အတွက် မဖြစ်နိုင်ပါချေ။ ဤသည်မှာ သိစရာအာရုံများနှင့် ပတ်သက်၍ အမှန်အတိုင်း သိနိုင်အောင် တင်ပြခြင်းဖြစ်၏။

သိစိတ် အာရမ္မဏိကများနှင့် ပတ်သက်ရာ၌လည်း ထိုနည်းတူပင် အာသဝ၏ မာယာရေနှင့် မထိလျှင် တစ်မျိုးဖြစ်၍ ထိလျှင် တစ်မျိုး ဖြစ်၏။ သိစိတ်များသည်လည်း ဒွါရများကို ဝန်းရံလျက်ရှိသော အာသဝ၏ မာယာရေများကို ဖြတ်သန်း၍ အာရုံများကို ယူကြရ၏။

သိစိတ်များသည် အာသဝ၏ မာယာရေများကို ဖြတ်သန်းလိုက်နှင့် တစ်ပြိုင်နက်တည်း သိစိတ်များသည် ပရမတ္ထသဘောအရ သိခြင်း သက်သက်မျှ မဟုတ်တော့ဘဲ 'ငါ'ဖြစ်လာ၏။ ထိုအခါ သိစိတ်က သိခြင်း မဟုတ်တော့ဘဲ 'ငါ'က သိခြင်း ဖြစ်လာ၏။ သိစိတ်သည် 'ငါ'ဖြစ်လာနှင့် တစ်ပြိုင်နက် 'ငါ'ကို ပပဉ္စတရား သုံးပါးတို့က သိမ်းပိုက်လေတော့၏။ ပပဉ္စတရား သုံးပါးဟူသည်မှာ တဏှာ မာန ဒိဋ္ဌိတို့ဖြစ်၏။ ဒဿနကျမ်းများ၌ ပပဉ္စတရား သုံးပါးကို လောက၏ အတွင်းသရုပ် ဟူ၍ ဆိုကြ၏။

'ငါ'ကို တဏှာက သိမ်းပိုက်သောအခါ ငါ့မိသားစု၊ ငါ့လူမျိုး၊ ငါ့နိုင်ငံဟူ၍ စွဲလမ်းလာ၏။ အခြားမိသားစု၊ အခြား လူမျိုး၊ အခြားနိုင်ငံများကို ဤကမ္ဘာမြေပြင်၌ ရှိသည်ဟူ၍ပင် အမှတ်မထား ချင်တော့။ 'ငါ'ကို မာနက သိမ်းပိုက်သောအခါ 'ငါ'မှ 'ငါ'ဖြစ်လာ၏။ 'ငါ့ကို လာမထိနဲ့၊ ဘာမှတ် သလဲ'ဟူ၍ လည်းကောင်း၊ အခြေအနေ နိမ့်ကျနေ လျှင် လည်း အခြေအနေ နိမ့်ကျပေမယ့် ဘယ်သူ့ ကိုမှ အောက်ကျမခံဘူး ဟူ၍ လည်းကောင်း၊ အခြေအနေ တန်းတူဖြစ်လျှင်လည်း 'အတူတူချင်းက များ' ဟူ၍ လည်းကောင်း၊ အခြေအနေ မြင့်မားနေ လျှင်လည်း 'ဒီလို မလောက်လေး မလောက်စား ကများ' ဟူ၍ လည်းကောင်း ခံယူချက်များဖြင့် ယောင်လွှားလေ၏။

'ငါ'ကို ဒိဋ္ဌိက သိမ်းပိုက်သောအခါ 'ငါက မှန်လျက်သားနှင့် ဘာဖြစ်လို့ အလျှော့ပေးရမှာလဲ' ဟူ၍ လည်းကောင်း၊ မနိုင်လျှင် 'ဖြစ်သည့်နည်းဖြင့် နိုင်အောင်လုပ်မည်' ဟူ၍လည်းကောင်း ခံယူချက် များဖြင့် ခေါင်းမာလေ၏။ ဤသည်များမှာ အာသဝေါ တရားများကြောင့် ဖြစ်ပေါ်လာသည့် ဘဝဖြစ်စဉ် များပင် ဖြစ်၏။

သိစရာ အာရုံ၊ သိစိတ်၊ အာရမ္မဏိကနှင့် ယင်းတို့ဖြစ်ပေါ်ရာ ဒွါရများသည် အာသဝ၏ မာယာရေများနှင့် မထိတွေ့စဉ်က ပရမတ္ထ သစ္စာနယ်ပယ်၌ ရှိကြ၏။ ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်း မဟုတ်၊ အသက်ဇီဝလည်း မဟုတ်၊ သဘာဝဓမ္မ သက်သက်မျှသာ ဖြစ်ကြ၏။

အာသဝ၏ မာယာရေများနှင့် ထိတွေ့လိုက်သောအခါ သိစရာ၊ သိစိတ်နှင့် ဖြစ်ရာ ဒွါရများသည် ပရမတ္ထသစ္စာနယ်မှ သမ္မုတိ သစ္စာနယ်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ယင်းတို့သည် ပုဂ္ဂိုလ်များ ဖြစ်လာကြ၏၊ သတ္တဝါများ ဖြစ်လာကြ၏၊ အသက် ဇီဝများ ဖြစ်လာကြ၏။ ပရမတ္ထ သစ္စာသည် ဉာဏ်လမ်း၏ သစ္စာဖြစ်၍ သမ္မုတိ သစ္စာသည် ကံလမ်း၏ သစ္စာဖြစ်၏။


သမ္မုတိသစ္စာနယ်ပယ်၌ ‘ကံ’ က ခင်းပေးသော လမ်းပေါ်၌ လျှောက်ကြသူများ၏ ဘဝသည် အရက်မူး သမားများ၏ ဘဝသဖွယ်သာဖြစ်၏။ အိပ်မက်သဖွယ်သာဖြစ်၏။ အမှန်အားဖြင့် သံသရာ တစ်လျှောက်လုံး အရက်မူးနေ၍ မဖြစ်၊ အရက်မူးပြေအောင် လုပ်ရမည်ဖြစ်၏။ သံသရာ တစ်လျှောက်လုံး အိပ်မက်ကို

မက်နေ၍ မဖြစ်၊ နိုးအောင် လုပ်ရမည် ဖြစ်၏။ အရက်မူးပြေအောင် လုပ်လိုပါက၊ အိပ်မက်မှ နိုးအောင် လုပ်လိုပါက 'ဉာဏ်'က ခင်းပေးသော လမ်းပေါ်၌ လျှောက်ရပေလိမ့်မည်၊ ဉာဏ်က ခင်းပေးသော လမ်းပေါ်၌ လျှောက်ပါမှလည်း မိမိတို့၏ ဘဝများသည် ပရမတ္ထသစ္စာနယ်သို့ ရောက်ပေလိမ့်မည်။

❒

ဒီပါဝိုးစာပေ

# ဘဝဆုံးခြောင်



## ဘာဝဆူးမြောင့်

ပုထုဇဉ်တို့သည် ‘သတိ’လည်း မထား၊ ‘ပညာ’ဖြင့်လည်း မဆင်ခြင်၊ ‘လုံ့လ’ ထုတ်၍ မကြိုးစားဘူးဆိုပါက မိမိတို့၏ သန္တာန်၌ အချင်းချင်း ပြိုင်ဆိုင်ခြင်းသည် ဖြစ်တတ်၏၊ ပြိုင်ဆိုင်သည် ဆိုကတည်းက အနိုင်ရလို ခြင်းသည် ပေါ်လာပြန်၏။ အနိုင်ရနိုင်ရန် သူတစ်ပါး၏ သိက္ခာကို ချရ၏၊ သူတစ်ပါး၏ အထောက်အပံ့ လမ်းကြောင်း ဟူသမျှကို ပိတ်ဆို့၏။ ထိုအခါ မိမိကိုယ်ကို ဗိုလ်ခန့်ရ

## ဘဝ၏ ဆုံးဖြတ်ချက်

တစ်ရံရောအခါက မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် 'ဝေဒိယက' တောင်ယံ 'ဣန္ဒသာလ' လိုဏ်ဂူ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သိကြားမင်းသည် မိမိ၏ အခြံအရံများနှင့်တကွ မြတ်စွာဘုရားထံ လာရောက်ဖူးမြော်ပြီး ဤသို့လျှောက်ထားလေ၏–

'ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤလောက၌ လူဖြစ်စေ၊ နတ်ဖြစ်စေ အခြားမည်သည့် သတ္တဝါဖြစ်စေ ရန်ကင်းလိုကြပါ၏၊ ဒဏ်ကင်းလိုကြပါ၏၊ စိတ်ဆင်းရဲခြင်း ကင်းလိုကြပါ၏၊ အမျက်ဒေါသ ကင်းလိုကြပါ၏၊ ထိုသို့ ကင်းလိုကြသဖြင့်လည်း ရန်ကင်းအောင် အားထုတ်ကြပါ၏၊ ဒဏ်ကင်းအောင် အားထုတ်ကြပါ၏၊ စိတ်ချမ်းသာအောင် အားထုတ်ကြပါ၏၊ အမျက်ဒေါသ မထွက်အောင်

အားထုတ်ကြပါ၏၊ ထိုသို့ အားထုတ်ကြပါသော်လည်း သတ္တဝါတို့သည် ရန်မကင်းကြပါ၊ ဒဏ်မကင်းကြပါ၊ စိတ်ဆင်းရဲကြပါ၏။ အမျက်ဒေါသလည်း ထွက်ကြရပါ၏။ ဘာကြောင့် ထိုသို့ ဖြစ်ကြရပါသနည်း'

ဤသို့ သိကြားမင်းက မြတ်စွာဘုရားအား မေးမြန်း လျှောက်ထားလျှင် မြတ်စွာဘုရားက မနာလိုခြင်းနှင့် ဝန်တိုခြင်းကြောင့် သတ္တဝါတို့သည် ဤသို့ ဖြစ်ကြရခြင်း ဖြစ်သည်ဟု ပြန်လည်ဖြေကြား တော်မူခဲ့၏။ ဤအမေးအဖြေသည် သက္ကပဉှသုတ်၌ ပါဝင်၏။

သတ္တဝါတိုင်း ချမ်းသာချင်၏၊ ချမ်းသာချင်သည့် အတိုင်းလည်း ချမ်းသာအောင် အားထုတ်၏၊ အားထုတ်ပါသော်လည်း မချမ်းသာခဲ့။ ဘေးရန်လည်း ကင်းလို၏၊ ဘေးရန်ကင်းလိုသည့် အတိုင်း ဘေးရန် ကင်းအောင်လည်း အားထုတ်၏၊ အားထုတ်ပါသော် လည်း မကင်းခဲ့။ ထိုနည်းအတူ ဒဏ်ကင်းအောင်လည်း အားထုတ်ပါ၏။ အမျက်ဒေါသ ကင်းအောင်လည်း အားထုတ်ပါ၏။ ထိုသို့ အားထုတ်ပါသော်လည်း အားထုတ်သည့်အတိုင်း မဖြစ်ခဲ့ပါချေ။ ဤသည်မှာ သိကြားမင်း၏ အတွေ့အကြုံဖြစ်၏။ လူတိုင်းလည်း ဤသို့ပင် တွေ့ကြုံ၏။

မြတ်စွာဘုရား၏ ဟောကြားတော်မူချက်အ မိမိတို့၏ သန္တာန်၌ မနာလိုခြင်းနှင့် ဝန်တိုခြင်းဂ ပယ်သတ်နိုင်လျှင် သတ္တဝါတိုင်း ဘေးရန်မရှိသည်မှ သေချာ၏။ ဒုက္ခမရှိသည်မှာ သေချာ၏။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိသည်မှာ သေချာ၏။ အမျက်ဒေါသ မထွက်သည်မှာ သေချာ၏။ မနာလိုခြင်းကို 'ဣဿာ ဟုခေါ်၏။ ဝန်တိုခြင်းကို 'မစ္ဆရိယ'ဟု ခေါ်၏၊ သိကြားမင်းသည် မြတ်စွာဘုရား ဟောကြားတော်မူ သည့်အတိုင်း မနာလိုခြင်း'ဣဿာ'နှင့် ဝန်တိုခြင်း 'မစ္ဆရိယ'ကို ပယ်သတ်လေ၏။

သိကြားမင်း ပယ်သတ်နည်းမှာ မြစ်ပြတ် ပယ်သတ်နည်း ဖြစ်၏။ မနာလိုခြင်း 'ဣဿာ'နှင့် ဝန်တိုခြင်း'မစ္ဆရိယ'ကို ပယ်သတ်နိုင်ရန် မြတ်စွာ ဘုရားက သိကြားမင်းအား ဝေဒနာနုပဿနာ သတိ ပဋ္ဌာန်ကို ဟောကြားတော်မူ၏။ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း သိကြားမင်းသည် 'ဝေဒန 'ကို ဖြစ်ပျက် ရှုမှတ်လေရာ ထိုနေရာ၌ပင် သေ ာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်ကို ရ၍ သေ ာ ပန်ဖြစ်လေ၏။

ြားမင်းကား သောတာပန် ဖြစ်သွားသဖြင့် မန င်းနှင့် ဝန်တိုခြင်းကို ပယ်နိုင်ခဲ့ပြီ။ မနာလို

ခြင်းနှင့် ဝန်တိုခြင်းကို ပယ်နိုင်သဖြင့်လည်း သူကြီးပမ်းသည့်အတိုင်း ရန်ကင်းရလေပြီ။ ဒဏ်ကင်းရလေပြီ။ စိတ်ချမ်းသာရလေပြီ။ အမျက်ဒေါသကို ချုပ်ထိန်းနိုင်လေပြီ။ ဤသည်မှာ အရိယမဂ်ကို ရခြင်းကြောင့် ဖြစ်ပါ၏။

ပုထုဇဉ် လူသားတို့သည်လည်း သိကြားမင်းလို မနာလိုခြင်းနှင့်ဝန်တိုခြင်းကို မြစ်ပြတ်အောင် မပယ်သတ်နိုင်သော်လည်း ပါးသွားအောင်တော့ လုပ်နိုင်၏။ ထိုကဲ့သို့ ပါးသွားအောင် သတိဖြင့် အာရုံပြုရ၏။ သတိဖြင့် အာရုံပြုနိုင်သူကို 'သတိမာ'ဟု ဆိုရ၏။ ဉာဏ်ဖြင့် ဆင်ခြင်ရ၏။ ဉာဏ်ဖြင့် ဆင်ခြင်နိုင်သူကို 'သမ္ပဇာန'ဟု ဆိုရ၏။ လုံ့လဖြင့် ပယ်သတ်နိုင်အောင် အားထုတ်သူကို **'အာတာပီ'**ဟု ဆိုရ၏။

မနာလို ခြင်းနှင့် ဝန်တိုခြင်းကို ပါးသွားအောင် လုပ်ရာတွင် သတိ၊ ပညာ၊ ဝီရိယတို့သည် များစွာ အရေးကြီးကြ၏။ သတိအားကောင်းလျှင် 'သီလ' လုံ၏။ ပညာ အားကောင်းလျှင် 'သမာဓိ' ခိုင်၏။ ဤနေရာ၌ ပညာဟူသည်မှာ သမာဓိပညာသာဖြစ်၏။ ဝိပဿနာပညာ မဟုတ်သေး။ ဝီရိယက သတိနှင့် ပညာနှစ်ပါးစုံကို အားကောင်းအောင် ဆောင်ရွက်ပေး၏။ ဤသည်မှာ မနာလိုခြင်းနှင့် ဝန်တိုခြင်းကို

မိမိ၏သန္တာန်၌ ပါး၍ ပါး၍သွားအောင် စတင်ဆောင်ရွက်ခြင်းဖြစ်၏။

ပုထုဇဉ်တို့သည် သတိလည်းမထား၊ ပညာဖြင့်လည်း မဆင်ခြင်၊ လုံ့လထုတ်၍လည်း ပယ်သတ်ရန် မကြိုးစားဘူးဆိုပါက မိမိတို့၏ သန္တာန်၌ အချင်းချင်း ပြိုင်ဆိုင်ခြင်းသည် ဖြစ်တတ်၏။ ပြိုင်ဆိုင်သည်ဆိုကတည်းက အနိုင်ရလိုခြင်းသည် ပေါ်လာပြန်၏။ အနိုင်ရနိုင်ရန် သူတစ်ပါး၏ သိက္ခာကို ချရ၏။ သူတစ်ပါး၏ အထောက်အပံ့ လမ်းကြောင်းဟူသမျှကို ပိတ်ဆို့ရ၏။ ထိုအခါ မိမိကိုယ်ကို ဗိုလ်ခန့်ရတော့၏။

ဤသည်မှာ အမှုမဲ့ အမှတ်မဲ့နေသူတို့၏ သန္တာန်၌ ဖြစ်တတ်သော မနာလိုခြင်းနှင့် ဝန်တိုခြင်း၏ အသင်းအပင်းဝင် အကုသိုလ် တရားစုများ ဖြစ်ကြ၏။

ပြိုင်ဆိုင်ခြင်းကို 'ပလာသ'ဟု ခေါ်သည်။ ပြိုင်ဆိုင်ခြင်းသဘော အရ ဆွေမျိုးချင်းလည်းပြိုင်၏။ သူတစိမ်းနှင့်လည်း ပြိုင်၏။ မိတ်ဆွေ အရင်းအချာ ချင်းလည်း ပြိုင်၏။ ထိုသို့ပြိုင်ရာတွင် ပေါ်ပေါ်ထင်ထင် ပြိုင်ခြင်းလည်းရှိ၏။ မသိမသာ တိုးတိုးတိတ်တိတ် ကြိတ်၍ ပြိုင်ခြင်းလည်း ရှိ၏။

စီးပွားရေးအရလည်း ပြိုင်၏။ ပညာရေးအရလည်း ပြိုင်၏။ အုပ်ချုပ်ရေး အရလည်း ပြိုင်၏။ အခြားရေးရာများအရလည်း ပြိုင်၏။ ဤသို့သော ပြိုင်ဆိုင်ခြင်းဟူသည် မကောင်းသော အကုသိုလ်တရား ဖြစ်ကြောင်း သတိရှိမှ၊ ဆင်ခြင်မှ ပယ်ဖျက်ရန် ကြိုးစားမှသာ သိ၏။ သို့မဟုတ်ပါက မိမိသန္တာန်၌ ပြိုင်ဆိုင်ခြင်းသည် ရှိလေ၏။

ပြိုင်ဆိုင်ခြင်း သဘောအရ သူတစ်ပါးက မိမိထက်'သာ'သွားမှာကို စိုးရိမ်၏။ မနာလိုဖြစ်၏။ မိမိထက်'သာ'သွားမှာကို စိုးရိမ်ခြင်း၊ မနာလိုခြင်းကို 'ဣဿာ'ဟု ခေါ်၏။ ဣဿာအရ စီးပွားရေး နယ်ပယ်၌ဖြစ်လျှင် မိမိထက် စီးပွားရေးအရ 'သာ' ကြောင်း တွေ့မြင်ရလျှင်ဖြစ်စေ၊ ကြားသိရလျှင်ဖြစ်စေ မခံချိမခံသာ ဖြစ်၏။ မျက်နှာပျက်၏။

ပညာရေး နယ်ပယ်၌ ဖြစ်လျှင် ပညာရေးအရ မိမိထက်သာကြောင်း၊ တတ်ကြောင်း၊ တော်ကြောင်း တွေ့မြင် ရလျှင်ဖြစ်စေ၊ အများ ချီးမွမ်းသံကို ကြားရလျှင်ဖြစ်စေ စိတ်ကသိကအောက် ဖြစ်၏။ မျက်နှာပူ၏။ အုပ်ချုပ်ရေး နယ်ပယ်၌ ဖြစ်လျှင် အုပ်ချုပ်ရေးအရ မိမိထက် အာဏာရှိကြောင်း၊

လုပ်ရည်ကိုင်ရည် ရှိကြောင်း တွေ့မြင်ရလျှင်ဖြစ်စေ၊ အများ အသိအမှတ်ပြုသံကို ကြားရလျှင် ဖြစ်စေ၊ စိတ်မချမ်းမသာ ဖြစ်ရ၏။ ရှက်စိတ်ဝင်ရ၏၊

ဤသည်မှာ မနာလိုခြင်း ဣဿာ၏ သဘော ဖြစ်၏။ ယင်းဣဿာ၏ သဘောကို သတိ၊ ပညာ၊ ဝီရိယတို့ဖြင့် ပယ်ဖျောက်အပ်၏။

ပြိုင်ဆိုင်ရာတွင် သူတစ်ပါးက မိမိထက်'မသာ' စိမ့်သောငှာ သူတစ်ပါး၏သိက္ခာကိုချရ၏။ သူတစ်ပါး၏ကျေးဇူးမဲ့ကို ဆိုရ၏။ ပေါ်ပေါ်ထင်ထင် ဆို၏။ မသိမသာ တိုးတိုးတိတ်တိတ် ကြိတ်၍ ဆိုရလျှင် လည်းမသိမသာ တိုးတိုးတိတ်တိတ် ကြိတ်၍ ဆို၏။

ပေါ်ပေါ်ထင်ထင် ဆိုရာ၌ မိမိ အနေဖြင့် သူတစ်ပါး၏ ကျေးဇူးကို ဆိုနေကြောင်း မယူဆနိုင် စေရန် 'ဝေဖန်သည်' ဟူသော အမည် တစ်မျိုးကို သုံး၏။ တိုးတိုး တိတ်တိတ် ကြိတ်၍ ဆိုရာ၌မူ 'အတင်းပြောတာ မဟုတ်ပါဘူး' ဟူ၍ ဆင်ခြေ ပေး၏။ အမှန်အားဖြင့် ကျေးဇူးမဲ့ကို ဆိုခြင်း ဖြစ်၏။ သိက္ခာချခြင်း ဖြစ်၏။ ယင်းကို'မက္ခ'ဟု ခေါ်၏။ သူသိက္ခာကျမှ ကိုယ်သိက္ခာ တက်မည် ဟူ၍ လည်းကောင်း၊ သူကျေးဇူးမဲ့မှ ကိုယ် ကျေးဇူး

ပြည့်မည်ဟူ၍ လည်ကောင်း ထင်မှားတတ်ကြ၏။ ဓမ္မဟူသည် သဘာဝ အတိုင်းဖြစ်၏။ အကုသိုလ်ဟူက အကုသိုလ်အကျိုးကို ပေးမြဲဖြစ်၏။ ထိုသို့ဖြစ်ပါလျက် အကုသိုလ်က ကုသိုလ် အကျိုးကို ပေးအောင် လုပ်ခြင်းသည် သဘာဝကို တိုက်ခိုက်ခြင်း ဖြစ်၏။ ထိုအခါ တုန့်ပြန်အား အနေဖြင့် သဘာဝကလည်း မိမိထံလာသော လမ်းကြောင်းအတိုင်း သဘောအရ မိမိကို လိမ်လျှင် သဘာဝက ပြန်လိမ်၏။ သဘာဝကို ဆန့်ကျင်လျှင် သဘာဝက ပြန်ဆန့်ကျင်၏။ သဘာဝကို တိုက်ခိုက်လျှင် သဘာဝက ပြန်တိုက်၏။

ထိုအခါ သဘာဝကို လိမ်သူ၊ သဘာဝကို ဆန့်ကျင်သူ၊ သဘာဝကို တိုက်ခိုက် သူသည် နောက်ဆုံး၌ ဒုက္ခလှလှကြီး တွေ့ရတတ်လေ၏။ သူသိက္ခာကျသည်ထက် ကိုယ်က ပို၍ သိက္ခာကျ၏။ သူကျေးဇူးမဲ့သည်ထက် ကိုယ်က ပို၍ ကျေးဇူးမဲ့၏။ ယင်းကို 'ဝဋ်လည်ခြင်း'ဟူ၍လည်း ဆို၏။ ဤသည်မှာလည်း သဘာဝပင် ဖြစ်၏။

မိမိထက် သူတစ်ပါး 'မသာ' စိမ်သောငှာ သူတစ်ပါး၏သိက္ခာကိုချရုံနှင့် မပြီးသေး၊ သူတစ်ပါး၏ ကျေးဇူးမဲ့ကို ဆိုရုံနှင့် မပြီးသေး၊ ထောက်ပံ့ရေး လမ်းကြောင်းဟူသမျှကိုလည်း ပိတ်ဆို့ရသေး၏။

စီးပွားရေး နယ်ပယ်၌ ရသင့်သော အခွင့်အရေး မှန်သမျှကို မရလေအောင် ပိတ်ဆို့၏။ အကယ်၍ ပိတ်ဆို့ မရသဖြင့် ပေးရလျှင်လည်း ပေးရသမျှထဲမှ ခေါင်းပုံဖြတ်၏။ လက်ဝါးကြီးအုပ်၏။

ယုတ်စွအဆုံး မော်တော်ယာဉ်ခ ပေးရာ၌ပင် ငွေစက္ကူအသစ်ကို မပေးဘဲ ငွေစက္ကူ အဟောင်းကိုသာ ပေး၏။ ပညာရေးနယ်ပယ်၌ 'တော်သည်၊ တတ်သည်၊ ထူးချွန်သည်' ဟူ၍ ကျော်ကြား လာလျှင်လည်း မကျော်ကြားရလေအောင် အားထုတ်၏။ ပိတ်ဆို့၏။ အုပ်ချုပ်ရေးနယ်ပယ်၌ ပေးသင့်သော အာဏာများ၊ ရာထူးများ၊ လုပ်ပိုင်ခွင့်များကို မပေးဘဲ ချုပ်ကိုင်ထား၏။

အကျဉ်းအားဖြင့် ပစ္စည်းဥစ္စာများ 'လာဘ'၊ အများ၏ အလေးအမြတ် ပြုမှုများ 'သက္ကာရ'၊ ထင်ပေါ်ကျော်ဇောမှုများ၊ 'သိလောက' ဟူသမျှကို မရယေအောင် တစ်နည်းနည်းဖြင့် ပြောင်ပြောင် တင်းတင်းဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပြုလုပ်၏။ ဤသို့ ပြုလုပ်ခြင်းကို ဝန်တိုခြင်း 'မစ္ဆရိယ'ဟု ခေါ်၏။ ဝန်တိုခြင်း 'မစ္ဆရိယ'၏ အပြစ်များသည် စာပေကျမ်းဂန်၌ များစွာဟောလေ၏။

လူသည် ပုထုဇဉ်တို့၏ 'အစုန်' သဘာဝ အတိုင်း စီးပွားရေးသမား ဖြစ်ပါက စီးပွားရေး နယ်ပယ်၌ မိမိသာလျှင် 'သာ'ချင်၏။ ပညာရေး သမား ဖြစ်ပါက ပညာရေးနယ်ပယ်၌ မိမိသာလျှင် 'သာ'ချင်၏။ အုပ်ချုပ်ရေးသမားဖြစ်ပါက အုပ်ချုပ်ရေး နယ်ပယ်၌ မိမိသာလျှင်"သာ"ချင်၏။

'သာ' ချင်သည့်အတိုင်းလည်း ဆိုင်ရာ ဆိုင်ရာ နယ်ပယ်၌ သူတစ်ပါးထက် မသာသေးလျှင် သာအောင် အားထုတ်၏။ ပြောင်ပြောင်တင်းတင်း အားထုတ်၍ ရလျှင်လည်း ပြောင်ပြောင်တင်းတင်းပင် အားထုတ်၏။ မသိမသာ ကြိတ်၍ အားထုတ်ရလျှင်လည်း မသိမသာ ကြိတ်၍ အားထုတ်၏။ ဤသဘာဝကို 'ထမ္ဘ'ဟု ဆို၏။ 'ထမ္ဘ'အနက်မှာ 'တိုင်'ဟူ၍ ဖြစ်၏။ 'တိုင်' ဟူသည် ဆိုင်ရာကို ထောက်ပံ့ရသော သဘောရှိ၏။ ထို့ကြောင့် လူသည် 'ထမ္ဘ' သဘောအရ အခြား မည်သူနှင့် ယှဉ်ယှဉ် သူက ငါ့အပေါ် ကောင်းတာထက် ငါက သူ့အပေါ် ပို၍ ကောင်းသည် ဟူ၍လည်းကောင်း၊ သူ့ကျေးဇူး ငါ့အပေါ်ရှိတာထက် ငါ့ကျေးဇူးက သူ့အပေါ် ပို၍ ရှိသည်' ဟူ၍ လည်းကောင်း ခံယူထား၏။ ထို့ကြောင့် သူ့ကိုယ်သူ လောက၏ ကျေးဇူးရှင်ဟူ၍လည်းကောင်း၊

သူသာမရှိလျှင် လောကကြီး ပျက်စီးသွားတော့မည်-ဟူ၍ လည်းကောင်း၊ သူကသာမှန်၍ ပတ်ဝန်းကျင်က မှားကြောင်း သူ၏ စိတ်ထဲ၌ ထင်မှတ်လေ၏။

မနာလိုခြင်း'ဣဿာ'နှင့် ဝန်တိုခြင်း'မစ္ဆရိယ' သည်မှန်စင်စစ် ကြောက်စရာ ကောင်းပါ၏။ ပစ္စုပ္ပန်၌လည်း ဆင်းရဲခြင်း၏ ပဓာနအကြောင်း ဖြစ်ပါ၏။ တမလွန်၌လည်း အပါယ်သို့ ကျရခြင်း အကြောင်း ဖြစ်ပါ၏။ ထို့ကြောင့် သောတာပတ္တိမဂ်က ယင်းအကုသိုလ် တရားနှစ်ပါးကို မြစ်ပြတ်ပယ်သတ်ခြင်း ဖြစ်၏။ သောတာပတ္တိမဂ်သည် အကုသိုလ်တရားတို့တွင် အပါယ်သို့ကျရောက်စေနိုင်သော အကြမ်းစားဖြစ်သော ယုတ်ညံ့သော အကုသိုလ် တရားမျိုးကို ပယ်သတ်ရိုး ဖြစ်လေရာ သောတာပတ္တိမဂ်ပယ်သော အကုသိုလ် တရားတို့တွင် မနာခြင်းနှင့် ဝန်တိုခြင်းတို့ပါဝင်သဖြင့် ယင်းမနာလိုခြင်းနှင့် ဝန်တိုခြင်းသည် မည်မျှ ယုတ်ညံ့ သိန်ဖျင်းသော အကုသိုလ်တရားဖြစ်ကြောင်း သိသာပါ၏။

ထိုမျှလောက် ယုတ်ညံ့သိန်ဖျင်းသော မနာလိုခြင်းနှင့် ဝန်တိုခြင်းကို မြင့်မြတ်သော စိတ်ထားရှိသော ပုထုဇဉ်များသည် **မိမိတို့**သန္တာန်၌ မြစ်ပြတ်အနေဖြင့် မပယ်သတ်နိုင်သေးစေကာမူ ပါးသည်ထက်ပါးအောင်

တဒင်္ဂပဟာန်အားဖြင့်ဖြစ်စေ၊ ထိုထက်ပို၍ ပါးအောင် ဝိက္ခမ္ဘနပဟာန် အားဖြင့်ဖြစ်စေ ပယ်သတ်နိုင်အောင် အားထုတ်အပ်ပါ၏။

မနာလိုခြင်းနှင့် ဝန်တိုခြင်းကို ပယ်သတ်နိုင်သော နည်းသည် ကျွန်တော်တို့၌ ရှိ၏။ ထိုနည်းကား မြတ်စွာဘုရား၏ ဒေသနာနည်း ဖြစ်၏။ ထိုဒေသနာ နည်းသည် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော် ကာလမှ ယနေ့တိုင်အောင် မှုမပျက်ရှိ၏။ ထိုနည်းဖြင့် ရန်ကိုလည်း ပယ်ခဲ့၏။ ဒဏ်ကိုလည်း ပယ်ခဲ့၏။ ချမ်းသာသုခကိုလည်း ဖော်ဆောင်ခဲ့၏။ ဤနေရာ၌ ချမ်းသာဟူသည်ကား ငြိမ်းချမ်းမှု ချမ်းသာ 'သန္တိ သုခ' ဖြစ်၏။ အခြား နည်းများလည်း ရှိပါ၏။ အခြားနည်းများကား ကွန်မြူနစ်နည်း အရင်းရှင်နည်း စသည်တို့ ဖြစ်၏။ အခြား နည်းများဖြင့် အကယ်၍ ချမ်းသာကို ပေးနိုင်သည် ဆိုစေဦး၊ ခံစားမှု ချမ်းသာ 'ဝေဒယိတသုခ'ကိုသာ ပေးနိုင်၏။

ခံစားမှုချမ်းသာသည် 'ငါ' ပျောက်မှာ ကြောက် သော စိတ်ဖြင့် ခံစားရသော ချမ်းသာဖြစ်၍ 'အတု' သဘောကို ဆောင်၏။ ငြိမ်းချမ်းမှု ချမ်းသာသည် 'ငါ'ပျောက်မှာ မကြောက်သော စိတ်ဖြင့် မျက်မှောက် ပြုရသော ချမ်းသာဖြစ်၍'အစစ်'သဘောကို ဆောင်၏။

အစုန် သဘောအရဆိုလျှင် အတုသည် လောဘ နယ်ပယ်၌ အစစ်ထက် **စွဲမက်ဖွယ်** ကောင်း၏။ အဆန် သဘောအရ ဆိုရလျှင်မူ အလောဘနယ်ပယ်၌ အစစ်ထက်ကောင်းသော အတုဟူ၍ မရှိချေ။

ထို့ကြောင့် မြန်မာနိုင်ငံသားတို့သည် ဤလောက၌ ရန်ကင်းရန် ဒဏ်ကင်းရန် ချမ်းသာရန်နှင့် အမျက် ဒေါသကို ချုပ်ထိန်းနိုင်ရန် အတွက် မနာလိုခြင်းနှင့် ဝန်တိုခြင်းကို ပယ်ရှားနိုင်အောင် ကြိုးစားမည် ဆိုပါက မြတ်စွာဘုရား ဒေသနာနည်း ဖြင့်သာ ကြိုးစားအပ်ပါ၏။

အဘယ်ကြောင့် ဆိုသော် လက်တွေ့ကျင့်သုံးမှု အရ ထိုနည်းကို Philosophical Perennis ထာဝစဉ် မှန်ကန်သော နည်းအဖြစ် မငြင်းနိုင်အောင် မှန်ကန်သောကြောင့် ဖြစ်ပါ၏။

❐

# ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကဋ)
ဝငုံ့သကာနှင့် သီရောမဏိ

